.အဆုံးမဲ့ဓားကမ္ဘာ

(ထာဝရနတ်ဘုရားနိုင်ငံတော်)

ဘာသာပြန်သူ - ညီညီစိုး

အဆုံးမဲ့ဓားကမ္ဘာ (2855-2869)Book.179

....

အပိုင်း ၂၈၅၅ -
ရှေးဟောင်းဓားဂိုဏ်း

ထာဝရနတ်ဘုရားနိုင်ငံတော် ။

စကြဝဠာတံတိုင်းကို
ဖြတ်ကျော်ပြီးသည်နှင့်
ယန်ယဲ့သည်

ပေါ်တယ်လမ်းကြောင်းထဲသို့
ဝင်လာခဲ့သည်။
အချိန်အတော်ကြာပြီးနောက်
အကန့်အသတ်မရှိသော
ကမ္ဘာတစ်ခုထဲသို့
ဝင်ရောက်သွားသည်။

တစ်နာရီလောက်အကြာတွင်
တော့ သူ့ရှေ့ရှိ ကမ္ဘာကြီးက
ပုံမှန်ပြန်ဖြစ်သွားပါတော့သည်။

အဆုံးမဲ့ကြယ်တာရာကောင်းကင်
ပြင်။

ယန်ယဲ့သည်
ကြယ်တာရာများအကြားတွင်
ရပ်နေသည်။ စကြဝဠာတံတိုင်းက
သူ့နောက်တွင် ရှိနေ၏။
အကန့်အသတ်မဲ့
ကြယ်တာရာကောင်းကင်ကြီးပင်
သည် နက်နဲပြီး
လျို့ဝှက်ဆန်းကြယ်နေပါသည်။

ယန်ယဲ့သည်
ဓားနယ်မြေကိုအသက်သွင်းကာ
သူ၏အရှိန်အဝါကို ဖုံးကွယ်ပြီး
ရှေ့ဆက်လျှောက်သွားခဲ့သည်။

ဤအချိန်တွင် သူက "ဓားစာလိပ်
ဤကမ္ဘာအကြောင်း

ပြောပြပေးနိုင်မလား..”
ဟုမေးလိုက်သည်။

ဓားစာလိပ်၏အသံက ယန်ယဲ့၏
စိတ်ထဲတွင် ပဲ့တင်ထပ်လာသည်။

“ထာဝရနတ်ဘုရားနိုင်ငံတော်မှာ
အဓိကနယ်မြေကြီး ၅ ခုရှိတယ်။

အရှေ့ပိုင်း၊
တောင်ပိုင်း၊အနောက်ပိုင်း၊မြောက်
ပိုင်းနဲ့ ဗဟိုနယ်မြေဆိုပြီးရှိတယ်။
ဒေသတိုင်းက အင်အားစုတစ်ခုကို
ကိုယ်စားပြုတယ်။ ဒီကလန်က
တောင်ပိုင်းဒေသရဲ့
အရှင်သခင်ဖြစ်ခဲ့ဖူးတယ်။
ကံမကောင်းစွာနဲ့ဘဲ သူတို့က
နယ်နှင်ကျော်ပေးခံရတယ်။ အခု

သူတို့နေရာမှာ ဘယ်အင်အားစုက
အစားထိုးလိုက်လည်းလို့
တွေးမိတယ်”

ယန်ယဲ့က
ခေါင်းညိတ်လိုက်သည်။
“ဆက်ပြောပါ”

သူမက ဆက်ပြောသည်။

“တကယ်တော့ ငါးခုအပြင် အခြား

ကမ္ဘာငယ်လေးတွေနဲ့

လျှို့ဝှက်ဆန်းကြယ်တဲ့

နေရာတွေရှိတယ်။ ဥပမာ

ဝိညာဉ်ကမ္ဘာပေါ့။ ဝိညာဉ်ကမ္ဘာက

ဝိညာဉ်ဖန်ဆင်းရှင်

နေထိုင်ရာဖြစ်တယ်။

သေးငယ်ပေမဲ့

အဲ့ဒီအဆင့်အတန်းက

ဒေသငါးခုထက်ကို

ကျော်လွန်နေတယ်။

သဘာဝအားဖြင့်တော့

ဝိညဉ်ဖန်ဆင်းရှင်ရဲ့ အိမ်ဖြစ်လို့ပဲ။

အဲ့ဒီအပြင် ငါမသိသေးတဲ့

တားမြစ်နယ်မြေတွေတောင်ရှိ

သေးတယ်”

“ဝိညဉ်ကမ္ဘာ”

ယန်ယဲ့က အချိန်ရလျှင်
ဝိညဉ်ကမ္ဘာကို သွားကြည့်ရန်
စီစဉ်လိုက်သည်။ ယခင်
ဝိညဉ်ဖန်ဆင်းရှင်၏ အဆိုအရ
ထိုနေရာက နှင်းပွင့်လေးနှင့်

သက်ဆိုင်နေသောကြောင့်ဖြစ်သည်။

နှင်းပွင့်လေး၏နေရာ။

ယန်ယဲ့က “မင်းရဲ့ ပင်မခန္ဓာကိုယ်အပိုင်းအစတွေကို

အာရုံခံနိုင်တယ်မလား…”

ဟုမေးလိုက်သည်။

သူမက “ဟုတ်တယ် ဒါက အနောက်ပိုင်းရဲ့ ရှေးဟောင်းစားဂိုဏ်းမှာ”ဟု ပြန်ဖြေသည်။

“ရှေးဟောင်းဓားဂိုဏ်း”

ယန်ယဲ့က ခေါင်းညိတ်လိုက်ပြီး
“ဒါကို သေချာပြောပြပါ”

ဓားစာလိပ်က
“ရှေးဟောင်းဓားဂိုဏ်းက
အတိတ်တစ်ချိန်က

ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံတော်မှာ

ထိပ်တန်းအင်အားစုတွေထဲက

တစ်ခုဖြစ်တယ်။ သူတို့က

ထေရဝါဒဗုဒ္ဓဘာသာနိုင်ငံတော်မှာ

ဓားကျင့်ကြံသူတွေရှိတဲ့

တစ်ခုတည်းသော အင်အားစုပဲ။

ဒါပေမဲ့ လွန်ခဲ့တဲ့နှစ်တွေက

စစ်ပွဲမှာ

ကြီးကြီးမားမားဆုံးရှုံးခဲ့လို့ အခုထိ

အင်အားပြန်ကောင်းလာမလား

တော့ မသိသေးဘူး”

ယန်ယဲ့က

ခဏလောက်စဉ်းစားပြီး

“ဓားစာလိပ် မင်းဘာလို့

မြှုန်းစားကြီး

ထာဝရနတ်ဘုရားနိုင်ငံတော်ကို လာတာလဲ...”

ဓားစာလိပ်က အချိန်အတော်ကြာတိတ်ဆိတ်သွားပြီးနောက် “ငါဟာ လွန်ခဲ့တဲ့ အတိတ်မှာ အထွတ်အမြတ်နတ်ဘုရားရတနာ

တစ်ပါးပါ။ ငါ့ရဲ့ပင်မခန္ဓာကိုယ်

ပျက်စီးသွားတဲ့အခါ

ဝိညာဉ်ဖန်ဆင်းရှင်က အဲ့ဒီအချိန်မှာ

သေဆုံးသွားတဲ့အတွက် ငါ့ကို

ဘယ်သူမှမပြုပြင်နိုင်ဘူး။

ရှေးဟောင်းဓားဂိုဏ်းက

ငါပြန်ကောင်းလာဖို့

မဖြစ်နိုင်ဘူးလို့ပဲယူဆနေတာ။

ဒါကြောင့် သူတို့က ငါ့ကို
ဝါးမျိုချင်ကြတယ်”

“မင်းကိုဝါးမျိုမှာလား…”

ယန်ယဲ့က မျက်မှောင်ကြုတ်ကာ
“မင်းဘာကိုပြောချင်တာလဲ…”

သူမက “သူတို့ ငါ့ဝိညာဉ်ကို

ဝါးမျိုလိုက်ရင် ဓားတာအိုမှာ

နက်နက်နဲနဲနားလည်နိုင်ရုံတင်မ

ဘူး၊ သူတို့ရဲ့ခွန်အားကိုပါ

တိုးမြှင့်နိုင်မယ်။ နောက်ဆုံးတော့

ငါက

အထွတ်အမြတ်နတ်ဘုရားရတနာ

တစ်ပါးရဲ့ ဝိညာဉ်ဖြစ်သလို

ဓားဝိဇ္ဇာလည်း
ဖြစ်နေသေးတယ်"

ယန်ယဲ့က ခေါင်းခါလိုက်သည်
"အဲ့ဒါက မမှန်ဘူး"

"မှားမှားမှန်မှန် အရေးမကြီးဘူး။
ငါကအခု

နတ်ရတနာတစ်ပါးတောင်မဟုတ်

သေးဘူး။ ငါ့ရဲ့မူလ

အထွတ်အမြတ်နတ်ဘုရားရတနာ

ဖြစ်အောင် ပြန်သွားဖို့က

မဖြစ်နိုင်လို့ သူတို့အတွက်

အသုံးမဝင်ဘူး။ မဟုတ်ဘူး ငါ့မှာ

အသုံးဝင်တာတစ်ခုရှိတယ်။

အဲ့ဒါကို ဖယ်ရှားပစ်ရမယ်”

ယန်ယဲ့ က “ဒါဆို သူတို့
မကြိုးစားကြဘူးလား”

ဓားစာလိပ် က
လှောင်ပြောင်လိုသံဖြင့်
ရယ်မောရင်း “ကြိုးစားမလား...။
ဘယ်သူက လုပ်ရဲမှာလဲ၊ ငါ့ကို

ဝါးမျိုချင်တဲ့လူက

ဟင်းလင်းပြင်ပျက်သုဉ်းခြင်း

ကေရာဇ်ကြောင့် လက်တစ်ဖက်နဲ့

ခန္ဓာကိုယ်ဆုံးရှုံးသွားခဲ့တယ်။ ငါ့ရဲ့

အတိတ်ဆရာ သူ့ခန္ဓာကိုယ်ကို

ပျက်စီးသွားတဲ့အတွက် သူ့ခွန်အား

သိသိသာသာ

လျော့မသွားဘူးဆိုရင်

အခုလောက်ဆို

ငါရှိနေတော့မှာမဟုတ်ဘူး”

ယန်ယဲ့က

ခေါင်းညိတ်လိုက်သည်။

ယခုတော့

ဓားစာလိပ်၏နာကျည်းမှုများပြည့်

နှက်နေသည့် အကြောင်းအရင်းကို
နားလည်သွားသည်။
အယုံကြည်ရဆုံးလူက
သစ္စာဖောက်တဲ့အခါ မည်သူမဆို
ဒေါသထွက်ပါလိမ့်မည်။

ယန်ယဲ့က “ဒါဆို

ရှေးဟောင်းဓားဂိုဏ်းကို

အရင်သွားရအောင်”

ဓားစာလိပ်က

“နင်သတိထားရမယ်။ အခု

နင့်ခွန်အားက အဆင့်၅

ပညာရှင်တွေကို

ကြောက်နေစရာမလိုပေမဲ့
နင်ရဲ့ပုံရိပ်က ထူးခြားတယ်။
ကြီးမားတဲ့ ရှန်းရင်းဆန်ခတ်
ဖြစ်ရင် နင်နောက်တစ်ခါ
အမဲလိုက်ခံရလိမ့်မယ်”

ယန်ယဲ့က
ခေါင်းညိတ်လိုက်သည်။
“ငါသိပါတယ်”

တစ်ချိန်တည်းမှာပဲ
နေရာမှာပင်ပျောက်သွားသည်။

အနောက်ပိုင်းဒေသ။

ဓားစာလိပ်၏ လမ်းညွှန်မှုဖြင့်

ယန်ယဲ့သည်

အနောက်ပိုင်းဒေသသို့ရောက်လာ

ခဲ့သည်။

ယန်ယဲ့သည်

အနောက်ပိုင်းဒေသသို့

ခြေချလိုက်သည်နှင့်
ပြင်းထန်သော ခံစားစိတ်ဆန္ဒနှင့်
ခံစားစွမ်းအင်ကို
ခံစားမိလိုက်သည်။

ယန်ယွဲ့သည် ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်လိုက်ပြီးနောက်

ရှေးဟောင်းဓားမြို့တော်ဆီသို့
ဦးတည်လိုက်သည်။

ရှေးဟောင်းဓားမြို့တော်....။
ရှေးဟောင်းဓားဂိုဏ်း၏
လက်အောက်ခံဖြစ်သည်။

အင်အားအများစုတွင် ၎င်းတို့၏

လက်အောက်ခံမြို့များ သို့မဟုတ်

နိုင်ငံများရှိကြသည်။

အကြောင်းမှာ အင်အားစုတိုင်းက

သူတို့နှင့် ပူးပေါင်းလျှင်

ပြင်ပအဖွဲ့ဝင်များ လိုအပ်သည်။

ထိုအင်အားစုများအားလုံးက

ညက်ကြီးရှင်များကို စုဆောင်းရန်

တိုက်ပွဲဝင်နေသောကြောင့်ဖြစ်သ
ည်။

အတိတ်တွင်တော့ အင်အားကြီး
အင်အားစုအများအပြားက
လူသားအရင်းအမြစ်အတွက်
အချင်းချင်း တိုက်ခိုက်ခဲ့ကြသည်။
ရလဒ်ကတော့

နှစ်ဖက်စလုံးနစ်နာဆုံးရှုံးခဲ့ရသည်

။ နောက်ဆုံးတွင် သူတို့က

ညာဏ်ကြီးရှင်များကို ကိုယ်တိုင်

မွေးထုတ်ပေးရန် သဘောတူညီမှု

လုပ်ခဲ့ကြသည်။

လက်တွေ့အားဖြင့်

အင်အားစုများက

လက်အောက်ခံမြို့များ သို့မဟုတ်

နိုင်ငံများ ထားရှိလာကြသည်။

အကြောင်းကတော့ မြို့များဟာ
ညကြီးရှင်များမွေးဖွားရာ
ဖြစ်လာလို့ပါ။

ရှေးဟောင်းစားမြို့တော်
ဝင်ပေါက်တွင် ယန်ယွဲ့သည်

ပတ်ဝန်းကျင်ကို
လှည့်ကြည့်လိုက်သည်။

“ထာဝရနယ်နိမိတ်နဲ့
သိပ်တောင်မကွာခြားဘူး”

ဓားစာလိပ်က “ကွာခြားချက်က
ကြီးမားပါတယ်။ ပတ်ဝန်းကျင်ကို

စူးစိုက်ကြည့်လိုက်

ဝိညာဉ်စွမ်းအင်နဲ့

ဒီနေရာမှာရှိတဲ့လူတွေ

အပြင်ပိုင်းမှာရှိတဲ့လူတွေနဲ့

တော်တော်လေးကွာခြားတယ်။

ဟုတ်တယ် နင့်အတွက်တော့

ထူးခြားမှုမရှိဘူး

ဘာကြောင့်လဲဆိုတော့ နင်က

ထူးထူးခြားခြား

ကြီးကျယ်ခမ်းနားတဲ့
ညာဏ်ကြီးရှင်တစ်ဦး ဖြစ်သလို
နင်မှာ မူလစေတီနဲ့ နှင်းပွင့်
လေးရှိနေလို့ပဲ။ ဒါကြောင့်
ထာဝရနတ်ဘုရားနိုင်ငံတော်မှာရှိ
တဲ့ ဝိညာဉ်စွမ်းအင်ကိုပင်
နင်ပိုင်ဆိုင်တဲ့ အရာနဲ့
ယှဉ်လို့မရဘူး။ ဒီနေရာမှာ ရှိတဲ့
အကျိုးကျေးဇူးကိုနင်ထည့်တွက်

နေစရာမလိုဘူး။ ဒီတော့
ရှုထောင့်အမျိုးမျိုးကနေ
စဉ်းစားကြည့်”

ယန်ယဲ့က အောက်မြေပြင်ကို
ငုံ့ကြည့်ပြီး မြို့ကို
မော့ကြည့်လိုက်သည်။
သူမျက်နှာပေါ်တွင် လေးနက်သော

အမှုအရာတစ်ခုထွက်ပေါ်လာသ
ည်။ အမှန်တကယ်
ကွဲပြားခြားနားသည်။

ဤနေရာရှိ ဝိညဉ်စွမ်းအင်သည်
သူ၏မူလခရမ်းရောင်စွမ်းအင်
ထာဝရစွမ်းအင်တို့နှင့်
မယှဉ်နိုင်သောလည်း

နိမ့်ကျသည်မဟုတ်ပေ။ ထိုပြင် ဤနေရာရှိ ဝိညာဉ်စွမ်းအင်သည် ထာဝရဝိညာဉ်စွမ်းအင်၏အရှိန်အဝါပါရှိသည်။ ၎င်းသည် အလွန်သန့်စင်ခြင်းမရှိသော်လည်း ထာဝရနယ်နိမိတ်ရှိ ဝိညာဉ်စွမ်းအင်ထက်များစွာသာလွန်သည်။

ထို့ပြင် ဤနေရာရှိလူများသည်
တာဝရနယ်နိမိတ်ရှိ
အဆင့်မြင့်ကျင့်ကြံသူများထက်ပ
င် ပိုပြီး သန့်မာပုံရသည်။

သာမန်အခန်းနဲ့
အထူးဧည့်သည်တော်အခန်းများ..

သူ့စိတ်ထဲမှာ သေမျိုးကမ္ဘာရှိ
ဤအခြေအနေနှစ်ရပ်ကို
တွေးမိလိုက်သည်။
ထာဝရနိုင်ငံတော်သည်
အထူးဧည့်သည်တော်အခန်းများ

သဖွယ်ဖြစ်သည်။
အပြင်လောကရှိ
နယ်မြေများကတော့
သာမန်အဆင့်နိမ့်အခန်းများသာ။

အပြင်လူများက အတွင်းထဲကို
ဝင်ချင်သဖြင့်
အတင်းအကြပ်ဝင်ရောက်ရန်ကြိုး

စားကြသည်။ အထဲမှာ
ရှိနေသူများက
လက်မခံသောကြောင့်
တားဆီးရင်းဖြင့်
ပဋိပက္ခများဖြစ်ပေါ်လာရလေ
တော့သည်။

ယန်ယဲ့က ခေါင်းယမ်းလိုက်သည်။
ထိုအကြောင်း နှင့်ပတ်သက်၍
သူ့စိတ်ထဲမှာ ဘာခံစားချက်မှ
မရှိပေ။
ထာဝရနိုင်ငံတော်အတွက်၊
သူ့အမြင်အရတော့ ဘာ
ကောင်းကျိုးတစ်စုံတစ်ရာမရှိပါ။
ဓားစာလိပ် ပြောခဲ့သလိုပင်၊

သူ့ရှေ့မှာ

ချမ်းသာကြွယ်ဝသူများမရှိနိုင်ပေ။

လက်ရှိ သူ့အခြေအနေက

မည်သူမဆို

အရင်းအမြစ်ကြွယ်ဝတာခြင်း

ယှဉ်နိုင်မည်လား။

သို့သော်လည်း ယန်ယွဲ့သည်
ထာဝရနိုင်ငံတော်၏လုပ်ဆောင်ပုံ
နှင့် ဆန့်ကျင်ဖက်မှာဖြစ်သည်။
သို့မဟုတ်
ပိုတိကျအောင်ပြောရရင်တော့
လက်ရှိသူ့အခြေအနေကို
ဘယ်သူမဆိုမနာလိုဖြစ်ပါလိမ့်မ
ည်။

အဓိကကတော့
ထာဝရနိုင်ငံတော်ရှိ အများစုဟာ
မောက်မာထောင်လွှားကြလို့ပါ။

ယန်ယဲ့ သည်
သူ့အတွေးများစွာကို ထိန်းပြီး
မြို့ထဲသို့ ဝင်လာလိုက်သည်။

လက်တွေ့အားဖြင့်
မြို့ထဲကလူတိုင်းဟာ
နောက်ကျောမှာ
ဓားတစ်လက်ကစီကိုသိုင်းလွယ်
ထားကြသည်။ အများစုက
ကျင့်ကြံမှုအဆင့်
အတော်လေးမြင့်မားဧ၏။ ရံဖန်ရံခါ
အချို့က ဓားပုံများကို
စီးနင်းလျက်ပျံသန်းနေကြသည်။

ခရီးသွားရင်း ယန်ယဲ့ က

“စားစာလိပ်၊ မင်းရဲ့

ပင်မခန်းကိုယ် အပိုင်းအစတွေ

ဘယ်မှာရှိလဲဆိုတာ သိနိုင်မလား”

သူမက “ငါ သိနိုင်ပါတယ်။ ဒါပေမဲ့

နင်က ရှေးဟောင်းစားဂိုဏ်းထဲကို

ဒီလိုမျိုးဝင်သွားလို့မရဘူး။

ဂိုကျင်းတစ်ခုလုံးကို

အစွမ်းထက်အစီအရင်တွေနဲ့

လွှမ်းခြုံထားလို့

နင့်ရဲ့ဓားနယ်မြေကိုအသက်သွင်း

ထားရင်တောင် ခိုးဝင်လို့မရဘူး။

သာမန်လုပ်ရိုးလုပ်စဉ်အတိုင်း

ဝင်သွားမှပဲရမယ်”

“သာမန်အတိုင်းဝင်သွားရမှာလား”

ယန်ယဲ့ က

မျက်မှောင်ကြုတ်လိုက်ပြီး

“ဘယ်လိုမျိုး

ပုံမှန်နည်းလမ်းတွေလဲ”

ဓားစာလိပ် က

ခဏတိတ်ဆိတ်သွားပြီး

"ရှေးဟောင်းဓားဂိုဏ်းထဲကို

အရင်ဝင်ရောက်ပြီးမှပဲ

အဲဒီအပိုင်းအစတွေကို ခိုးယူဖို့

အခွင့်အရေးရှာပါ။ ဒါ

တစ်ခုတည်းသော နည်းလမ်းပဲ။

မဟုတ်ရင် ခိုးဝင်ဖို့က

အရမ်းအန္တရာယ်များလိမ့်မယ်။

နင့်အကြောင်းကိုဖော်ထုတ်ခံလိုက်
ရရင် မရေမတွက်နိုင်တဲ့
လူတွေက နင့်ကို
သေချာပေါက်လိုက်ရှာလိမ့်မယ်။
ဒါက အပြင်လောကနဲ့ မတူဘူး။
အဆင့် ၅ ပညာရှင်တွေက
ဒီနေရာမှာ လွတ်လွတ်လပ်လပ်
တိုက်ခိုက်နိုင်တယ်။ အဆင့် ၅
နဲ့အထက်ဆင့်

ပညာရှင်တွေတောင်မှ

ထွက်လာနိုင်တယ်”

ယန်ယဲ့ က

ခဏလောက်စဉ်းစားကာ

ခေါင်းညိတ်လိုက်ပြီး “ကောင်းပြီ၊

ဒါပေမဲ့… ရှေးဟောင်းဓားဂိုဏ်းကို

ငါဘယ်လိုလုပ်ရမလဲ။

ပေါ်တယ်ဝင်သွားရမလား”

ဓားစာလိပ် က “နင်ဒီလိုလုပ်ရင်

လူတွေက နင့်ကို

သံသယဝင်လိမ့်မယ်၊

နင့်အကြောင်းကို စုံစမ်းပြီးတာနဲ့

ပိုလို့တောင် သံသယတွေ

တိုးလာလိမ့်မယ်”

ယန်ယဲ့ က ခေါင်းခါလိုက်ပြီး

“ဒါက တော်တော် ဒုက္ခများတာပဲ”

ဓားစာလိပ် က "ဒါက

ဒုက္ခများတယ်လို့ထင်ရင်

အားသုံးပြီး ဝင်သွားလို့ရတယ်"

ထိုအကြံက မဆိုးလှသဖြင့်

ယန်ယဲ့သည်

အတော်လေးသွေးဆောင်ခံရသည်

။

တစ်ချိန်တည်းတွင် ဓားစာလိပ် က ဆက်ပြောသည် "အဲဒီမှာ အဆင့် ၅ ပညာရှင် အနည်းဆုံး ၅ ယောက်လောက်ရှိတယ်။ ဒါ့အပြင် အရှင်သခင် အဆင့်တွေတောင်ရှိနေနိုင်တယ်"

ယန်ယဲ့ က

လေးလေးနက်နက်ပြောလိုက်သ

ည် "ဒါက လုံးဝဒုက္ခမဟုတ်ဘူးလို့

ထင်ပါတယ်။ လာ၊

ရှေးဟောင်းဓားဂိုဏ်းထဲကိုဝင်ရ

အောင်။ ဘာပဲဖြစ်ဖြစ်

သူတို့ဆီကနေ ကြည့်ပြီး

သင်ယူတာ ပိုကောင်းပါတယ်"

စကားပြောပြီးနောက် ယန်ယဲ့

သည် အဝေးဆီသို့

လျှောက်သွားခဲ့သည်။

ဓားစာလိပ်က

မူလစေတီထဲမှာနေရင်း

အနည်းငယ်ခေါင်းယမ်းကာ
ပြုံးလိုက်သည်။

Translate by NyiNyiSoe

.အဆုံးမဲ့ဓားကမ္ဘာ
(ထာဝရနတ်ဘုရားနိုင်ငံတော်)
ဘာသာပြန်သူ - ညီညီစိုး
အပိုင်း ၂၈၅၆ - ကျင့်ကြံခြင်း

ယန်ယဲ့သည် တည်းခိုရန်
တည်းခိုခန်းတစ်ခုကို
အမြန်ရှာလိုက်သည်။
ဓားစာလိပ်၏အဆိုအရ
ရှေးဟောင်းဓားဂိုဏ်း၏လူများက
မြို့ထဲတွင်

လူသစ်စုဆောင်းလာသည်အထိ စောင့်ရပေမည်။

သူ့ခွန်အားအချို့ကို ထုတ်ပြမှသာ ၎င်းတို့၏ အာရုံစူးစိုက်မှုကို ဆွဲဆောင်နိုင်ပါလိမ့်မည်။
ထို့နောက်မှ

ရှေးဟောင်းဓားဂိုဏ်းထဲကို
ဝင်နိုင်မည်ဖြစ်သည်။

ဂိုဏ်းဝင်ပြီးမှသာ
ဓားစာလိပ်၏ပင်မခန္ဓာကိုယ်အပို
င်းအစများကို ခိုးယူရန်
အခွင့်အရေးရှာရပါမည်။

ယန်ယဲ့သည် တည်းခိုခန်း

ကောင်တာသို့သွားလိုက်သည်။

ကောင်တာနောက်ကွယ်ရှိ

မန်နေဂျာသည်

အဘိုးကြီးတစ်ဦးဖြစ်သည်။

၎င်းက

ဟင်းလင်းပြင်နတ်ဘုရားအဆင့်

သာရှိခဲ့သည်။

မန်နေဂျာက

ယန်ယဲ့ကိုစိုက်ကြည့်ရင်း

“မင်းတစ်ခုခုလိုသေးလား…”

ယန်ယဲ့က

“ရှေးဟောင်းဓားဂိုဏ်းက

လူသစ်စုဆောင်းဖို့

ဘယ်အချိန်လာမယ်ဆိုတာ
မင်းသိလား…”

မန်နေဂျာက ယန်ယဲ့ကို
ခဏစိုက်ကြည့်ပြီး “မင်းသူတို့နဲ့
ပူးပေါင်းချင်တာလား…”

ယန်ယွဲ့က ခေါင်းညိတ်လိုက်ပြီး
"ဟုတ်တယ်"

မန်နေဂျာက နှုတ်ဆိတ်သွားသည်။

ယန်ယွဲ့က "ဘာလဲ မရဘူးလား..."

မန်နေဂျာက ယန်ယဲ့ကို
တစ်ချက်ကြည့်လိုက်ပြီး
ခေါင်းလုပ်ကာ သူ့အလုပ်သူ
ဆက်လုပ်နေသည်။

အဘိုးကြီးက
ဘာမှမပြောချင်ပုံပါ။

သူ့အလုပ်ကိုသယဆက်လုပ်နေ၏

။

ဤအချိန်တွင် ဓားစာလိပ်က ရုတ်တရက် “ပေးချေလိုက်” ဟုပြောလိုက်သည်။

“ပေးချေရမှာလား…”

ယန်ယဲ့က

သူဘာလုပ်ရမှန်းချက်ချင်းသဘော

ပေါက်သွားသည်။

အဘိုးကြီးရှေ့တွင်

ထာဝရသလင်းကျောက်တစ်လုံးချ

ထားလိုက်သည်။

အဘိုးကြီးက

ထာဝရသလင်းကျောက်ကို

တစ်ချက်ကြည့်လိုက်ပြီး

“ထာဝရနတ်ဘုရားသလင်းကျော

က်လား…”

ယန်ယွဲ့၏

အကောင်းဆုံးသလင်းကျောက်က

ထောဝရကမ္ဘာသလင်းကျောက်များ
ဖြစ်သည်။ နှင်းပွင့်လေးက
တစ်ဝက်ယူသုံးထားသည့်တိုင်
အနည်းငယ် ကျန်နေသေး၏။
သို့သော်
အဖိုးတန်နေသောကြောင့်
စွန့်လွှတ်ရန် မခံနိုင်ပေ။
ထိုကြောင့် အဘိုးကြီးအား

ထာဝရသလင်းကျောက်တစ်တုံး
ပေးလိုက်၏။

သို့သော် သာမန်လူများအတွက်
အလွန်အဖိုးတန်နေသေးသည်ကို
တော့ သူမသိခဲ့ပေ။ အမှန်
ဟင်းလင်းပြင်နတ်ဘုရားအဆင့်
ကျင့်ကြံသူများက

များသောအားဖြင့်
ထာဝရအင်မော်တယ်သလင်း
ကျောက်များကိုသာ
အသုံးပြုကြသည်။

အဘိုးကြီးက ယန်ယဲ့ကို
အလေးအနက်အကြာကြီး
စိုက်ကြည့်နေပြီးနောက်

တည်းခိုခန်းသည် ထူးဆန်းစွာ ပြောင်းလဲသွားသည်။ ထိုနောက် တည်းခိုခန်းတစ်ခုလုံးသည် အကန့်အသတ်မရှိသော အာကာသပြင်ကြီးထဲ၌ ရှိနေသည်။ အာကာသထဲသို့ ရောက်နေပုံရ၏။

ဤအချိန်တွင် မိန်းမလှတစ်ဦး ရုတ်တရက်ပေါ်လာပြီး ပြုံးလျက် “မောင်ငယ်လေး၊ နင့်ရဲ့ နောက်ခံကိုပြောပါ”

ယန်ယွဲ့သည် ပတ်ဝန်းကျင်ကိုတစ်ချက်လှည့် ကြည့်လိုက်သည်။ ဤနေရာတွင်

အနက်ရောင်ဝတ် ပညာရှင်

အနည်းငယ် ရှိကြသည်။

အားလုံးက

အကန့်အသတ်ချိုးဖျက်နယ်ပယ်

များပင်။ သူတို့၏ကြွယ်ဝမှုကို

ဘယ်တော့မှ ထုတ်မပြသင့်ဘူး။

ယန်ယဲ့က

ခေါင်းခါလိုက်ပြီး“မင်းတို့တွေအား

လုံးက

ဘဝမှာပိုကောင်းတဲ့အရာကို

ပိုင်ဆိုင်ချင်ကြလား။ ဒါက

ထာဝရကမ္ဘာသလင်းကျောက်တစ်

လုံးပဲ။ ဒါ မင်းတို့မြင်နေတာထက်

နည်းနည်းပဲ

ပိုတာမဟုတ်ဘူးလား...”

သူက အခြားသော

ထာဝရကမ္ဘာသလင်းကျောက်များ

ကို လူတိုင်းဆီသို့

ပစ်ပေးလိုက်သည်။

အမျိုးသမီးက အံ့သြသွားသည်။

ခဏတုံ့ဆိုင်းသွားပြီး
“နင်ဘယ်သူလဲ…” ဟု
မေးလိုက်သည်။

အမျိုးသမီးက မိုက်မဲသူမဟုတ်ပါ။
သူ့ရှေ့ရှိလူက
တောက်တောက်လေးကြွယ်ဝနေသူမို့
သာမန်မဟုတ်လူမဟုတ်မှန်းသိ

သာပါသည်။ အမိကကတော့ ခွန်အားကို ဖုံးကွယ်ထားနိုင်သော ပညာရှင်တစ်ယောက်ဖြစ်နိုင်၏။

ယန်ယဲ့က “ငါက သာမန် ဓားသမားတစ်ယောက်ပါ”

“သာမန်စားသမားတစ်ယောက်

လား...”

အမျိုးသမီး၏ မျက်နှာက

မယုံကြည်နေမှုန်းသိသိသာသာပင်

။

ယန်ယဲ့က

သူတို့ကိုတစ်ချက်ကြည့်လိုက်ပြီး

“ဒါဆို မင်းတို့ဒါကို

သဘောကျမှာပါ”

အမျိုးသမီးက

ခဏတုံ့ဆိုင်းသွားပြီး ညာလက်ကို

ဝှေ့ယမ်းလိုက်သည်။

ခဏအကြာတွင် တည်းခိုခန်းက ပုံမှန်ပြန်ဖြစ်သွားပါသည်။ သူ့ရှေ့တွင် ယခင်က အဘိုးကြီး ပြန်ပေါ်လာ၏။

သူက ယန်ယဲ့ကို တစ်ချက်ကြည့်လိုက်ပြီး "ဒါက

နားလည်မှုလွဲနေတာပဲ
စိတ်ထဲမထားပါနဲ့ သခင်လေး…"

သူက ယန်ယဲ့ကို
ထွင်းဖောက်မမြင်နိုင်ပေ။
အမြဲတမ်းသတိထားနေပုံရ၏။

ယန်ယဲ့က ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်လိုက်ပြီး "ဒါက လုယက်တဲ့နေရာများလား..."

အမျိုးသမီး၏ မျက်နှာပေါ်တွင် အနည်းငယ် ထူးဆန်းစော အမူအရာတစ်ခုပေါ်လာသည် "နင်ဒီလောက်

တိုက်ရိုက်ဆန်ဆန်မပြောလို့မရ
ဘူးလား...”

ယန်ယဲ့ကပြုံးပြီး
“မေးစရာရှိတယ်။
ရှေးဟောင်းဓားဂိုဏ်းက မြို့ထဲမှာ
ဘယ်အချိန်လောက်
လှူသစ်လာခေါ်မှာလဲ...”

“မင်းသူတို့နဲ့
လက်တွဲချင်လို့လား...”

ယန်ယွဲ့က
ခေါင်းညိတ်လိုက်သည်။ “ငါက
ဓားသမားပဲ”

"နှင့်ရဲ့ကျင့်ကြံမှု"

"ဟင်းလင်းပြင်နတ်ဘုရားအဆင့်"

ယန်ယဲ့ကပြန်ဖြေသည်။

မူလစေတီ၏အကူအညီဖြင့်
သူ၏ကျင့်ကြံမှုအဆင့်ကို

ဖိနှိပ်ထသည့်အတွက်
အဆင့်၅ပညာရှင်ပင်လျှင်
ထွင်းဖောက်မမြင်နိုင်ပေ။

အမျိုးသမီးက
အနည်းငယ်ခေါင်းညိတ်ပြီး
“နင်ရဲ့ကျင့်ကြံမှုက

လုံလောက်ပါတယ်။ ဒါနဲ့ မင်းရဲ့
ဓားတာအိုက ဘယ်လိုမျိုးလဲ…”

ယန်ယွဲ့က အံ့ဩသွားပြီး
“ဓားတာအိုကိုလည်း
ခွဲခြားသလား…”ဟုမေးလိုက်သည်
။

အမျိုးသမီးက “ဓားစိတ်ဆန္ဒ နှင့်ရဲ့ ဓားစိတ်ဆန္ဒက ဟင်းလင်းပြင်နတ်ဘုရားအဆင့် မှာလား…” ဟု ပြန်ဖြေသည်။

ယန်ယွဲ့က ခေါင်းညိတ်လိုက်သည်။ “ဒါပဲ”

ယခုသူထုတ်ဖော်ပြသလိုက်သော
ခွန်အားက
ဟင်းလင်းပြင်နတ်ဘုရားအဆင့်
အငွေ့အသက်များ ပါဝင်သည်။

"နင် သူတို့နဲ့ အမြန်
ပူးပေါင်းသင့်တယ်။
ရှေးဟောင်းဓားဂိုဏ်းက

လှူငါးဦးပဲ စုဆောင်းထားတယ်။

နေရာအများစုကို မြို့ထဲမှာရှိတဲ့

အင်အားစုကြီးတွေကဦးထားတ

ယ်။ တစ်နည်းပြောရလျှင်

အခွင့်အရေး

တစ်နေရာစာပဲကျန်တော့တယ်”

“တစ်နေရာစာ”

ယန်ယဲ့က "ငါလည်း
တစ်နေရာစာဝယ်လို့ရမလား..."

သူ့တွင်
ထာဝရကမ္ဘာသလင်းကျောက်
အများအပြား ရှိနေသဖြင့်

သူ့အတွက် နေရာဝယ်ရန်
ရည်ရွယ်လိုက်သည်။

နှင်းပွင့်လေး ချန်ထားခဲ့သော
ကြွယ်ဝမှုကို တစ်သက်လုံး
ဖြုန်းတီးနေရင်တောင်
ကုန်မည်မဟုတ်ပါ။

အမျိုးသမီးက ယန်ယဲ့ကိုစိုက်ကြည့်ပြီး “နင့်မှာ နတ်ဘုရားသလင်းကျောက်တွေ အများကြီးရှိလို့လား...” ဟုမေးလိုက်သည်။

ယန်ယဲ့က ခေါင်းညိတ်လိုက်သည် “ငါမှာ နည်းနည်းပါ။ ဖြစ်နိုင်ရင်

ငါလည်း

နေရာတစ်ခုစာလောက်ဝယ်ဖို့

စိတ်ကူးရှိတယ်။

ဘယ်လောက်ပေးဖို့လိုလဲလို့

သိချင်တယ်”

သူမက

လက်ညှိုးထောင်လိုက်သည်။

ယန်ယဲ့က" ၁၀၀၀၀ လား..."

ထိုစကားပြောပြီးနောက်

သူ၏မျက်နှာက တင်းမာသွားကာ

"ဒါတွေက ကျောက်တုံးတွေလို့

မင်းထင်နေတာလား..."

"တစ်သောင်းလား...တစ်ရာက
တောင် လုံလောက်နေပြီ။
ထာဝရကမ္ဘာသလင်းကျောက်
၁၀၀ မဟုတ်ရင် ဝယ်ယူဖို့
မဖြစ်နိုင်ဘူး။
ထာဝရကမ္ဘာသလင်းကျောက်တစ်
လုံးတည်းက
အကန့်အသတ်ချိုးဖျက်နယ်ပယ်
တစ်ယောက်ရဲ့

ဆန်းကြယ်ချီစွမ်းအင်ကို
ချက်ချင်း ပြန်ပြီး
ရအောင်ယူနိုင်တယ်”

ယန်ယဲ့သည် မူလစေတီကို
စစ်ဆေးကြည့်လိုက်သည်။

ဤအချိန်မှာ အမျိုးသမီးက
“နင့်မှာရှိလား…”

ယန်ယဲ့က ခေါင်းညိတ်သည်။
“ငါ့မှာ
ထာဝရကမ္ဘာသလင်းကျောက်
၁၀၀ ကျော်ရှိတယ်”

သူမက ခေါင်းညိတ်ကာ “ဒါဆို
နှင်ဒီမှာ လောလောဆယ်
အနားယူလိုက်ပါလား။
ငါ့အသိအရတော့
သူတို့မရောက်ခင်
တစ်လကျော်လောက်တော့
ကြာဦးမယ်။ အဲ့ဒီအချိန်ကြမှ
ငါနှင့်ကို ဆက်သွယ်လိုက်မယ်။
ငါတို့မှာ ဆက်သွယ်မှု

တချို့ရှိတယ်။

ရှေးဟောင်းဓားဂိုဏ်းရဲ့

အပြင်စည်းခြံဝန်းအကြီးအကဲကို

ဆက်သွယ်ပြီးတော့

နည်းနည်းပါးပါးလေး

လက်ထိုးလိုက်ရုံပဲပေါ့”

ယန်ယဲ့က တုံးအသူ မဟုတ်ပေ။ သူမ၏ဆိုလိုရင်းကို သဘာဝကျကျနားလည်လိုက်သည်။

"ဖြစ်နိုင်မလား..."

အမျိုးသမီးက ပြုံးကာ "ဒါပေါ့"

ယန်ယဲ့က သူ့ကို
လိမ်းစားမှာစိတ်မပူပဲ
ထာဝရကမ္ဘာသလင်းကျောက်တစ်
လုံးကို ထပ်ပြီး
ပစ်ပေးလိုက်သည်။

အမျိုးသမီးက
တခစ်ခစ်ရယ်မောလိုက်သည်။

ယန်ယဲ့က ဤမျှ ရက်ရောပြီး
ပြတ်သားမည်ဟု
မမျှော်လင့်ထားခဲ့ပေ။ သို့သော်
သိပ်ပြီး မစဉ်းစားနေဘဲ

ထာဝရဘုရားက မှော်ဆရာ သလင်းကျောက်ကို လက်ခံယူလိုက်သည်။

ယန်ယဲ့က “ငါ အနားယူတော့မယ်။ တစ်ခုခုထူးခြားတာနဲ့ မင်းငါ့ကိုလာပြီး အကြောင်းကြားပါ”

အမျိုးသမီးက ပြုံးပြီး "ဒါပေါ့"

ယန်ယဲ့က ခေါင်းညိတ်ပြပြီး
သူ့နေရာသူ ထွက်သွားသည်။

သူထွက်သွားပြီးသည်နှင့်
အမျိုးသမီး ရှေ့တွင်
အဘိုးကြီးတစ်ယောက်ပေါ်လာသ

ည်။ အစောပိုင်းက
မန်နေဂျာဖြစ်သည်။
အမျိုးသမီးက
သူ့လက်ကိုဖွေ့ယမ်းလိုက်ရာ
သူတို့ပတ်ပတ်လည်ရှိ
အာကာသက တုန်လှုပ်သွားပြီး
အလင်းအလွှာ
တစ်ခုပေါ်လာသည်။

လေတောင်မဝင်နိုင်ပေ။

အမျိုးသမီးက

ယန်ယဲ့ထွက်ခွာသွားသော

လမ်းကြောင်းကို

တစ်ချက်ကြည့်လိုက်ပြီး

“နင်သိပြီးပြီလား...”

အဘိုးကြီးက ခေါင်းခါပြီး
"ငါသိတာကတော့
သူမြို့ပြင်ကနေ ဝင်လာတာပဲ"

"မြို့ပြင်ကနေ ဝင်လာရုံပဲလား..."

အမျိုးသမီး၏မျက်လုံးများက
အနည်းငယ်
ကျဉ်းမြောင်းသွားသည်။

“သူက
အနောက်တိုင်းဒေသကမဟုတ်ဘူး
”

အဘိုးကြီးက  ခေါင်းညိတ်ပြီး
“သူမဟုတ်ဘူး။ မဟုတ်ရင် ငါတို့
သတင်းအချက်အလက်ကွန်ရက်
က သူ့အကြောင်းကို
ရှာတွေ့နိုင်မှာ သူက
လုံးဝသာမန်မဟုတ်ဘူး”

“မန်နေဂျာယွန်”

အဘိုးကြီးက

ဆက်မပြောတော့ပေ။

အမျိုးသမီးက အကြာကြီး

ငြိမ်နေသည်။ ရုတ်တရက်

သူမ၏ပခုံးပေါ်တွင်

အနက်ရောင်အကောင်လေးတစ်

ကောင်ပေါ်လာသည်။

ရတနာရှာဖွေသော
ကြွက်တစ်ကောင်ဖြစ်သည်။

ထာဝရကမ္ဘာသလင်းကျောက်ကို
ယန်ယဲ့ ထုတ်ဖော်ပြီးနောက်
ရတနာရှာဖွေးရေးကြွက်ဟာ
ယန်ယဲ့ဆီကနေ ထွက်လာသော
နတ်ဘုရားရတနာ

အငွေ့အသက်ကို ခံစားမိသည်ဟု ပြောနေသည်။

အမျိုးသမီးက ကြွက်အား စူးစိုက်ကြည့်ကာ “ထူးခြားတဲ့ နတ်ဘုရားရတနာလား…” ဟုမေးလိုက်သည်။

ကြွက်က ခေါင်းညိတ်ပြပြီး
အသံလှိုင်းဖြင့်
ဆက်သွယ်လိုက်သည်။

အချိန်အတော်ကြာအောင်
သူမ၏မျက်လုံးများမှိတ်သွားကာ
“နတ်ဘုရား ရတနာထက်တောင်
သာလွန်သေးတာလား…ပြီးတော့

တော်တော်များများလည်းရှိနေ

သေးတယ်”

ကြွက်က စိတ်လှုပ်ရှားပုံရပြီး

ခေါင်းညိတ်ပြလိုက်သည်။

ယန်ယံရထံမှ အန္တရာယ်ကို

မခံစားမိလျှင် ယခုအချိန်

လုယက်နေလောက်ပါပြီ။

အမျိုးသမီးက

ခဏငြိမ်သက်သွားပြီး

“ငါတို့ကတော့

တစ်ယောက်တည်းလှူပ်ရှားလို့မရ

ဘူး။ အဲ့ဒါက

တော်တော်လေးန္တရာယ်များတယ်။

တချို့တွေကို ငါတို့နဲ့
တွဲလုပ်ခိုင်းလိုက်”

အဘိုးကြီးက ခေါင်းညိတ်လိုက်ပြီး
“တကယ်တော့ သူက
သာမန်မဟုတ်ဘူး”

အမျိုးသမီးက ပြုံးပြီး “သတ္တဝါရှိမှပဲ အရာရာတိုင်းကို ပြီးမြောက်နိုင်တယ်။ ပိုဆိုးလာရင်တော့ ငါတို့က သူ့ကိုလျှပ်ရှားပြီးတာနဲ့ ပုန်းအောင်းပြီး ပြန်စတာပေါ့”

စကားပြောပြီးနောက် သူမ၏

ညာလက်ကို ဝှေ့ယမ်းလိုက်ရာ

အလင်းအလွှာ

ပျောက်ကွယ်သွားပြီး

တည်းခိုခန်းထဲမှ ထွက်သွားသည်။

အခန်းထဲတွင် ယန်ယွဲ့သည်

မူလစေတီထဲ၌ တင်ပျဉ်ခွေ

ထိုင်နေခဲ့သည်။ သူသည်
ဟင်းလင်းပြင်ပျက်သုဉ်းခြင်း
ကြောင့်
ပြောလိုက်သောစကားများကို
မှတ်မိနေ၏။

အာကာသအမျိုးအစားများစွာ
တည်ရှိခဲ့သည်။ ယခုတော့

သူတို့ထက်သာလွန်သော
နေရာအမျိုးအစားတစ်ခုရှိနေ၏။

လေးဘက်မြင်အာကာသ။

၎င်းက ထူးခြားဆန်းကြယ်ပုံရ၏။

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းကော

ရာဇ်ကဲ့သို့

စွမ်းအားရှင်တစ်ဦးပင်လျှင်

အပြည့်အဝအာရုံခံနိုင်ခြင်းမရှိပေ။

“လေးဘက်မြင်အာကာသ

မဟုတ်ရင် အဲ့ဒါက

ဘာကွာခြားလဲ။
ဘာတွေလုပ်နိုင်လဲ…”

ယန်ယွဲ့သည် အကြာကြီး
စဉ်းစားနေရာကနေ ရုတ်တရက်
ထရပ်လိုက်ပြီး အခန်းထဲမှ
ထွက်လာလိုက်သည်။

အခန်းထဲမှထွက်လာပြီးနောက်
လျှပ်စီးရေကန်ထဲသို့
ဆင်းသွားသည်။ ထို့နောက်
ဓားနယ်မြေကို အသက်သွင်းကာ
မူလနဂါးကို ဖုံးအုပ်လိုက်သည်။
မူလနဂါးက ချက်ချင်း
တွားသွားထလာပြီး
မေးခွန်းထုတ်လိုသော

အကြည့်ဖြင့် ယန်ယဲ့အား
စိုက်ကြည့်နေသည်။

ယန်ယဲ့၏အကြည့်ကို
သတိထားမိသောအခါ
မူလနဂါးက
ကျောရိုးတစ်လျှောက်
အေးစက်သွားလေသည်။

သို့သော်သူက စကားမပြောဘဲ
မျက်လုံးများကို ဖြည်းညင်းစွာ
မှိတ်လိုက်သည်။

သူ၏စိတ်အာရုံအသိကို
ထုတ်လွှတ်လိုက်သည်။
ဤအချိန်တွင် နဂါးက

အတော်လေး
ဒေါသထွက်နေပုံရ၏။

ယန်ယဲ့က ရုတ်တရက်
“ငါ့ကိုတိုက်ခိုက်စမ်း”

မူလနဂါးက အံ့သြသွားပုံပါ။

ယန်ယဲ့က “မြန်မြန်လုပ်”

ယန်ယဲ့က တံ့ဆိုင်းသွားပြီး ခေါင်းယမ်းလိုက်သည်။ သူက ယန်ယဲ့ကို တိုက်ခိုက်ရန် မတွေးရဲပေ။

ယန်ယဲ့က “ငါပြောနေတယ်။
မင်းငါ့ကိုတိုက်ခိုက် မဟုတ်ရင်
ဝမ်အရှူးမလေးနောက်ကွယ်မှာ
မင်းကျိန်ဆဲနေတာ ငါသိတယ်။
မှန်တယ် ငါက
ဖရိုဖရဲသစ်သီးတွေကို စားချင်လို့
မင်းလုပ်ခဲ့တာလို့ ပြောလိုက်မယ်”

မူလနဂါးက ဒေါသတကြီးနဲ့ ယန်ယဲ့ကို စိုက်ကြည့်ကာ ဟိန်းလျှက် ခုန်ဝင်လာပါတော့သည်။

Translated by NyiNyiSoe

.အဆုံးမဲ့ဓားကမ္ဘာ

(ထာဝရနတ်ဘုရားနိုင်ငံတော်)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၈၅၇ -

လုယက်နေတာလေ

မူလနဂါးက

ဒေါသတကြီးတိုက်ခိုက်ပါတော့သ

ည်။ အခြားမှုလနတ်ဆိုးကလည်း
သူတို့၏တိုက်ပွဲကို
စောင့်ကြည့်နေသည်။

ယန်ယဲ့၏မျက်လုံးများက
အနည်းငယ်
ကျဉ်းမြောင်းသွားသည်။ သူပုံစံက
ဤနေရာတွင် မရှိသကဲ့သို့

လုံးဝကို
အသွင်းပြောင်းသွားခဲ့သည်။

ခဏအကြာတွင် ယန်ယဲ့သည်
လွင့်ထွက်သွားခဲ့သည်။ သူသည်
၁၀ ကီလိုမီတာ အကွာအထိ
လွင့်ထွက်သွားသည်။ မူလနဂါးက
အံ့သြသွားသည်။

“သူပြန်ပြီး မတိုက်ခိုက်ဘူးလား…”

ယန်ယဲ့၏ ပါးစပ်ထောင့်မှ
သွေးများ စီးကျလာသည်ကို
မြင်သောအခါ မူလနဂါးက
စိုးရိမ်သွားသည်။
ယန်ယဲ့ဒဏ်ရာရအောင်

သူလုပ်ထားသည်ကို
နှင်းပွင့်လေးနှင့်
ဝမ်အရှုံးမလေးသာ သိသွားပါက
သူအရေခွံခွာခံရပါမည်။

မူလနဂါးက စိုးရိမ်တကြီးနဲ့
စိတ်မသက်မသာဖြစ်နေသော်လ
ည်း ယန်ယဲ့သည် မြေပြင်ပေါ်မှ

တွားသွားထကာ "လာ
ဆက်ပြီးတိုက်ခိုက်စမ်း"

မူလနဂါးသည် အံ့ဩသွားသည်။

ယန်ယွဲ့သည် သူ့ပါးစပ်ထောင့်ရှိ
သွေးများကို သုတ်ပြီး "လာ

စိတ်မပူနဲ့ မင်းက

ငါနဲ့လှေကျင့်နေတာ”

ယန်ယဲ့

လိမ်ညာနေပုံမပေါ်သည်ကို

သတိပြုမိသည့်အခါ မူလနဂါးက

သက်သာရာရသွားသည်။

ထိုနောက် ယန်ယဲ့ကို

ခုန်အုပ်လိုက်ပါတော့သည်။

မူလနဂါး တိုက်ခိုက်လာသည်ကို

ကြည့်ရင်း ယန်ယဲ့၏

မျက်လုံးများက အနည်းငယ်

ကျဉ်းမြောင်းသွားသည်။

"အုန်း..."

ပေါက်ကွဲသံနှင့်အတူ
ယန်ယဲ့သည် နောက်တစ်ကြိမ်
လွင့်ထွက်သွားသည်။
ဤအချိန်တွင် ယန်ယဲ့သည်
တော်တော်ဝေးဝေးအထိမဟုတ်
ဘဲ ခဏအကြာတွင်
ရပ်တန့်လိုက်သည်။ သို့သော်
သူ၏မျက်နှာက
ဖြူဖျော့သွားသည်။ မူလနဂါးက

သတိပြုမိသောအခါ ဆက်ပြီး
မတိုက်ခိုက်ရဲပေ။

သို့သော် ယန်ယဲ့က
ပြောလာသဖြင့်
ရွေးချယ်စရာမရှိပါ။ ထိုကဲ့သို့ဖြင့်
ယန်ယဲ့သည် အချိန်တော်ကြာ
လွင့်ထွက်လာသည်။

သို့သော်လည်း ယန်ယဲ့ဟာ
အချိန်တိုင်း ပြန်ပြန်ထလာပြီး
မူလနဂါးနှင့်လေ့ကျင့်ခဲ့သည်။

အချိန်ကြာလာတာနဲ့အမျှ
ယန်ယဲ့သည်
တစ်စုံတစ်ခုထူးခြားနေသည်ကို

မူလနတ်ဆိုးအားလုံး
ခံစားမိလိုက်သည်။

မူလစေတီအပြင်ဘက်။

တည်းခိုခန်းတွင်
လူအတော်အတန်
များပြားလှသည်။ ကောင်တာတွင်

မိန်းမလှက သူ့ရှေ့ရှိ ကျောက်တုံးများကိုကြည့်ကာ မန်နေဂျာအဘိုးကြီးက သူ့ရှေ့တွင်ရပ်နေသည်။

မိန်းမလှက “ဒါဆို…”

အဘိုးကြီးက

“သူတို့ကူညီမယ်ပြောလိုက်တယ်။ ဒါပေမဲ့ သူတို့ပြီးသွားတဲ့အခါ လူငယ်လေးရဲ့ရတနာ ၇၀%ကို လိုချင်တယ်”

“၇၀% လောက်လား…”

မိန်းကလေးက

အေးစက်စွာရယ်မောပြီး

"သူတို့က

နည်းနည်းတော့လောဘကြီးတယ်

မဟုတ်ဘူးလား..."

အဘိုးကြီးက

ခါးသက်သက်ရယ်မောပြီး

"သူတို့က အမြဲတမ်းဒီလို
လောဘကြီးတဲ့သူတွေပဲ"

အမျိုးသမီးက ပြုံးသက်သွားပြီး
"၆၀% က အများဆုံးပဲ။
သူတို့လိုချင်ရင်
ငါတို့ခွဲပေးနိုင်တယ်"

မန်နေဂျာက

ခေါင်းညိတ်လိုက်သည်

“ကောင်းပြီ”

“မှန်တယ်”

အမျိုးသမီးက ရုတ်တရက်

မေးလိုက်သည် “သူတို့က

ပညာရှင်ဘယ်နှစ်ယောက်လွှတ်လိုက်တာလဲ…”

မန်နေဂျာက လေးလေးနက်နက်ပြန်ဖြေသည် “သူက အဆင့်၃ ပညာရှင်ပါ။ သူ့အမြင်အရတော့ ငါတို့နဲ့ အတူ ပူးပေါင်းရင် အောင်မြင်ဖို့ သေချာတယ်။

ဒါပေမဲ့ ငါတို့နဲ့ အတူပူးပေါင်းရင်
အောင်မြင်ဖို့ အာမခံတယ်။
တကယ်တော့
သူတစ်ယောက်တည်းနဲ့
လုံလောက်တယ်လို့တောင်
ထင်ကောင်းထင်နိုင်တယ်”

“အဆင့် ၃”

အမျိုးသမီး၏ မျက်လုံးများက “မလုံလောက်မှာတောင် စိုးရိမ်မိတယ်”

အဘိုးကြီးက “သူက ဟင်းလင်းပြင်နတ်ဘုရားအဆင့်မှာပဲရှိတယ်။ သူမှာ

ငှက်ဖဲတွေရှိနေရင်တောင်

ငါတို့ပူးပေါင်းထားတာနဲ့ အဆင့်

၃ပညာရှင်တောင်

ပူးပေါင်းထားတော့ဆိုတော့

လုံလောက်သင့်တယ်မဟုတ်လား.

..”

အမျိုးသမီးက ခေါင်းညိတ်ပြပြီး

"သူက ငါ့အတွက်တောင် အရမ်း

အန္တရာယ်များတယ်လို့

ခံစားရတယ်။ သူက

သာမန်မဟုတ်ဘူး။

ရှေးဟောင်းဓားဂိုဏ်းရဲ့

ထိပ်တန်းအာဏာပိုင်အချို့ကို

ဆက်သွယ်နိုင်မလား...

အောင်မြင်နိုင်ချေကို

အပြည့်အဝအောမခံနိုင်ရင်တော့ အကောင်းဆုံးပဲ"

အဘိုးကြီးက ခေါင်းညိတ်ပြီး ထွက်သွားသည်။

အဘိုးကြီးထွက်သွားသည်နှင့် အမျိုးသမီးက တစ်ဖက်သို့

မျှော်ကြည့်ကာ “ရိုးသားတဲ့

စီးပွားရေးဟာ

လုယက်တာလောက်

ငွေမြန်မြန်မရှာနိုင်ဘူး။ ဒါကြောင့်

ဒီလို ကံဆိုးမှုတွေအတွက်

ကိုယ့်ကိုယ်ကိုပဲ အပြစ်တင်ပါ”

မူလစေတီထဲတွင် ယန်ယဲ့က

လှေကျင့်နေတုန်းပါ။

လက်ရှိအချိန်မှာတော့

သူ့ခန္ဓာကိုယ်က

ချိန်နဲ့လုနီးပါးဖြစ်နေပါပြီ။

မူလနဂါးက

ထပ်ပြီးမတိုက်ခိုက်ရဲတော့ပေ။

၁၀ရက်ခန့်ကြသွား၏။
ဤအတောအတွင်း မှုလနဂါးက
ယန်ယဲ့ကို
အကြိမ်ကြိမ်တိုက်ခိုက်နေသည်။
ဓားနယ်မြေနှင့် ဖုံးအုပ်ထားသော
ဖိအားများကို
ခံစားမိထားသော်လည်း
မှုလနဂါး၏ အမြန်နှုန်းနှင့်
ခွန်အားကိုမထိခိုက်စေနိုင်ပါ။

မူလနဂါး၏အရှိန်က

လျှပ်စီးလက်သကဲ့သို့ပင်။

တဟုန်ထိုးပျံသန်းလာကာ

ယန်ယဲ့ကို တိုက်ခိုက်လိုက်သည်။

သို့သော်လည်း

“အုန်း…”

ပေါက်ကွဲသံထွက်ပေါ်လာပြီး မူလနဂါးဟာ လေထဲကနေ ပြုတ်ကျသွားသည်။ မူလနဂါးက အံ့အားသင့်လျက် ယန်ယဲ့ကို မော့ကြည့်နေသည်။

ယန်ယဲ့က
စိတ်လှုပ်ရှားမှုအပြည့်ဖြင့်
အသက်ပြင်းပြင်းရှူလိုက်သည်။

သူက မူလနဂါးကို
လက်ဝှေ့ယမ်းပြပြီး
“ဆက်လုပ်ပါ”

မူလနဂါးက ခဏတုံ့ဆိုင်းသွားပြီး ယန်ယွဲ့ကို နောက်တစ်ကြိမ် တိုက်ခိုက်လိုက်သည်။ သို့သော် ထိုသို့လုပ်လိုက်သည်နှင့် ဘာမှမလုပ်ရသေးခင် မြေပြင်ပေါ်သို့ ပြုတ်ကျသွားသည်။ မူလနဂါးက လုံး၀ အံ့အားသင့်သည်။

ယန်ယဲ့၏ရယ်သံက
ပိုကျယ်လာသည်။

ဓားနယ်မြေ။

ဤအတောအတွင်း ယန်ယဲ့က
အလုပ်တစ်ခုတည်းကိုသာ

အာရုံစိုက်ထားသည်။
သူ့ပြိုင်ဖက်ကို ဓားနယ်မြေနဲ့
ခွဲခြမ်းစိတ်ဖြာကြည့်ရန်ဖြစ်သည်။
သူက ပြိုင်ဖက်၏ချို့ယွင်းချက်
လှုပ်ရှားမှုများနှင့်
အခြားအရာအားလုံးကို
ခွဲခြမ်းစိတ်ဖြာနေတာပါ။
ရိုးရိုးရှင်းရှင်း ပြောရလျှင်
သူ၏ပြိုင်ဘက်ကို

လုံးလုံးလျားလျားခွဲခြမ်းစိတ်ဖြာ
ပြီး အဓိကအားနည်းချက်ကို
အခြေခံတိုက်ခိုက်ခဲ့သည်။

ဓားနယ်မြေကို
အသက်သွင်းထားသဖြင့်
သူကအရာအားလုံးကို
မြင်တွေ့နိုင်၏။ ၎င်းက

ကြီးမားသော

ဦးနှောက်တစ်ခုလိုပင်ဆိုနိုင်သည်။

ဤဦးနှောက်က သူ့အား

အရာအားလုံးကို

ခွဲခြမ်းစိတ်ဖြာပြီး မြင်တွေ့နိုင်ရန်

ကူညီပေးသည်။

တစ်စုံတစ်ယောက်သည်

ဓားနယ်မြေတွင် ရှိနေပါက

ထိုလူသည် သူ့ရှေ့တွင်

ဗလာကျင်းပြီး

ချွတ်ပစ်လိုက်သကဲ့သို့ပါ။

ထိုလူ၏တစ်ကိုယ်လုံး

ကြည်လင်ပြီး

လျှို့ဝှက်ချက်မရှိနိုင်ပေ။

အစပိုင်းတွင် မူလနဂါး၏
ချိုးယွင်းချက်များကို
ခွဲခြမ်းစိတ်ဖြာရန်
ကြိုးစားသောအခါ
ခက်ခဲလေသည်။ မူလနဂါးက
အလွန်လျင်မြန်ပြီး
သန်မာသောကြောင့်

ချက်ချင်းမလုပ်ဆောင်နိုင်ခဲ့ပေ။
သို့သော်လည်း အချိန်အတော်ကြာ
လေ့ကျင့်ပြီး ထပ်ခါထပ်ခါ
စမ်းသပ်ပြီးနောက်
နည်းလမ်းတစ်ခုကို
ဖန်တီးနိုင်ခဲ့သည်။
ပြိုင်ဘက်၏ချို့ယွင်းချက်များနှင့်
တိုက်ခိုက်မှုပုံသံကို အလျင်အမြန်
သိရှိနိုင်စေသည့် နည်းလမ်းပင်။

နည်းလမ်းကျ အာကာသထဲသို့
ပေါင်းစည်းရန်လိုအပ်သည်။

ပြိုင်ဘက်ကို အာရုံခံကြည့်ရန်
အာကာသထဲရှိ
အပြောင်းအလဲများကို
အသုံးချရန်လိုသည်။ ထိုပြင်
သူ၏တိုက်ခိုက်နည်းကိုလည်း

အသုံးပြုခဲ့သည်။

စားပုံများအကြောင်း

စဉ်းစားမိသောအခါ ယန်ယဲ့သည်

မူလနဂါးကို ပြုံးပြီး ကြည့်ကာ

“လာ

ဆက်ပြီးတိုက်ခိုက်ကြရအောင်”

မူလနဂါးက သူ့ကို မော့ကြည့်ပြီး
ခုန်အုပ်လိုက်သည်။
တစ်ချိန်တည်းမှာပင်
ယန်ယဲ့၏ခါးပေါ် ရှိ ဘူးသီးနက်က
တုန်ခါသွားသည်။ ထိုနောက်
ဓားပျံတစ်စင်းလင်းလက်သွားပြီး
မူလနဂါး၏နဖူးကို
ထောက်ထားလိုက်သည်။

မူလနဂါးက နေရောင်မှာပင်

တောင့်တင်းသွားသည်။

ယန်ယဲ့သည်

သူ၏မျက်လုံးများကိုဖြည်းညင်း

စွာ မှိတ်လိုပ်သည်။ ဓားပျံက

ဓားနယ်မြေ အနံ့ပေါ်လာသည်။

ဓားပျံက

ပျံသန်းလာခြင်းမဟုတ်ဘဲ
အာကာသထဲမှ
ထွက်လာခြင်းဖြစ်သည်။

ဓားပျံများက ဓားနယ်မြေထဲတွင်
မပျံသန်းပေ။ ဓားနယ်မြေထဲရှိ
အာကာသကို တည်နေရာ
ခုန်ကူးသွားပုံရ၏။

ထိုပြင်နဂိုထက်

အများကြီးသန်မာလာ၏။

သူတို့သည် အာကာသထဲတွင်

ပြင်းထန်သော တွန်းကန်အားကို

အသုံးပြုထားသောကြောင့်

ဓားနယ်မြေနှင့် ပေါင်းစပ်ထားပြီး

ကြောက်စရာကောင်းလာသည်။

အရှိန်နှင့် ခွန်အားက

အဆင့်တစ်ခုကို

မြှင့်တက်သွားသည်ဟု
ဆိုနိုင်ပါသည်။

ဓားနယ်မြေ၏
အားနည်းချက်များကို
မြင်နိုင်ခြင်းဟာ ယန်ယဲ့အတွက်
ကြီးမားသော တိုးတက်မှုအဖြစ်
ယူဆနိုင်ပါသည်။ အကယ်၍

သူသည် အဆင့်ဂ၅ပညာရှင်နှင့်
ထပ်မံတိုက်ခိုက်ပါက
အလွယ်တကူ သတ်နိုင်သည်ဟု
မပြောဝံ့သော်လည်း
နောက်ဆုံတိုက်ပွဲကဲ့သို့
ခက်ခဲမည်မဟုတ်ပေ။
ထိုပြင်သူက  တိုက်ပွဲကို အနိုင်ရဖို့
၈၀% ယုံကြည်ချက်ရှိပါသည်။
မည်သည့်ပြင်ပအင်အားကိုမှ

မသုံးဘဲ သူ၏ရိုးရှင်းသော ခွန်အားကိုသာ သုံးပါမည်။

ယန်ယွဲ့သည်ကောင်းကင်ကို မော့ကြည့်ပြီး မူလစေတီထဲမှ ပြန်ထွက်သွားသည်။

တံခါးအပြင်ဘက်နေအသံတစ်သံ ထွက်လာသည်။

“ဆရာကြီး
ငါဝင်လာလို့ရမလား…”

မိန်းမလှ၏အသံဖြစ်သည်။
ယန်ယဲ့ကသူ၏ညာလက်ကို
ဝှေ့ယမ်းလိုက်ရာ
တံခါးဖွင့်သွားသည်။

အမျိုးသမီးက ပြုံးပြပြီး
အခန်းထဲဝင်လာသည်။

သူမက ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်လိုက်ပြီး
“နင်ကျင့်ကြံနေတာလား...”

ယန်ယဲ့က
ခေါင်းညိတ်ပြီး“ဘာဖြစ်တာလဲ...။
ရှေးဟောင်းဓားဂိုဏ်းကလူတွေ
ရောက်လာပြီးလား...”

အမျိုးသမီးက “ဟုတ်တယ်
ရှေးဟောင်းဓားဂိုဏ်းက
အကြီးအကဲလီကို

ဆက်သွယ်ထားပြီး သူက
နင့်ကိုတွေ့ဖို့
သဘောတူလိုက်တယ်။
ဂုဏ်ယူပါတယ်။
နင်အောင်မြင်မှုအတွက်
မဆိုးပါဘူး။ ဒါကြောင့်
နင့်အကြီးအကဲလီကို
လိုက်လျောညီထွေဖြစ်စေနိုင်ရင်
ရှေးဟောင်းဓားဂိုဏ်းထဲကို

ဝင်နိုင်မယ်ဆိုတာ

လက်တွေ့ကျကျ

အာမခံချက်ပေးလိမ့်မယ်"

ယန်ယဲ့ကသူမကိုစိုက်ကြည့်ပြီး

"ကျေးဇူးတင်ပါတယ်"

မိန်းမလှကပြုံးပြီး “အဲ့ဒါကို
မပြောနဲ့ နင့်ဆီက
ငါနည်းနည်းတော့ ရယူထားပြီး
ဖြစ်နိုင်ရင် အခုချက်ချင်း
အကြီးအကဲလီနဲ့တွေ့ဖို့
လိုက်လာခဲ့လေ”

ယန်ယဲ့က

“သူဒီကိုမလာဘူးလား...”

အမျိုးသမီးက သူ့ကို

မျက်စောင်းထိုးပြီး “ဆရာကြီး

သူ့အဆင့်အတန်းကို

တွေးကြည့်ရုံနဲ့ ငါတို့က

သူ့အကူအညီကို ရှာနေတာလေ။

သူငါတို့ဆီဘယ်လိုလုပ်

ရောက်လာမလဲ…။

သဘာဝအတိုင်း

သူ့ဆီသွားရမှာမဟုတ်ဘူးလား…”

ယန်ယဲ့က မတ်တတ်ထရပ်ပြီး

“ကောင်းပြီ။ ဒါဆို

ငါတို့သွားကြတာပေါ့”

မိန်းမလှက ခဏတုံ့ဆိုင်းသွားပြီး “ဆရာကြီး နင်နာမည်ဘယ်လိုခေါ်လဲ...”ဟု မေးလိုက်သည်။

ယန်ယဲ့က ပြုံးပြီး “မင်းသိချင်တာလား...”

သူမက ခဏလောက်တွေးပြီး “တောင်ပိုင်းဒေသမှာ ယွဲ့မျိုးနွယ်စုတစ်ခုရှိတယ်။ နင်က အဲ့ဒီကနေလား...”

ယန်ယဲ့က ခေါင်းခါလိုက်သည်။
“မဟုတ်ဘူး ငါက
လေ့လွင့်ကျင့်ကြံသူပဲ”

မိန်းမလှက သိပ်မယုံသော်လည်း
ထပ်မမေးတော့ပါ။
အချိန်အနည်းငယ်ကြာအောင်
စကားစမြည်ပြောပြီးနောက်

တည်းခိုခန်းထဲမှ ထွက်လာသည်။
မိန်းမလှုက ဦးဆောင်ကာ
တောင်တန်းတစ်ခုဆီသို့
ခေါ်ဆောင်သွားခဲ့သည်။

ယန်ယဲ့က "သူက
မြို့အပြင်မှာလား..."

မိန်းမလှကပြုံးပြီး

“အကြီးအကဲလီက

တိတ်ဆိတ်တဲ့နေရာတွေကို

သဘောကျတယ်။ ဒါကြောင့်

အစည်းအဝေးကို မြို့အပြင်မှာ

ကျင်းပလိုက်တာ”

"တိတ်ဆိတ်တဲ့နေရာတွေကို
နှစ်သက်တယ်"

ယန်ယဲ့က မသိမသာပြုံးကာ
ဘာမှပြန်မပြောပေ။
သို့သော်အကြောင်းတစ်ခုခုကြော
င့် အမျိုးသမီး၏ နှလုံးသားက
တုန်လှုပ်သွားသည်။

သိပ်မကြာလိုက်ပေ

သူတို့နှစ်ယောက်ဟာ

တောင်းတန်းအနက်ပိုင်းထဲသို့

ဝင်ရောက်လာခဲ့သည်။

ဤနေရာတွင် မည်သူမှမရှိပေ။

အမျိုးသမီးက ယန်ယဲ့ကို

တောအုပ်အနက်ပိုင်းထဲသို့ခေါ်

ဆောင်လာသည်။

ရှေ့မလှမ်းမကမ်း၌
မီးခိုးရောင်ဝတ်စုံဝတ်သက်လတ်
ပိုင်းအမျိုးသားတစ်ဦးကိုတွေ့လို
က်ရသည်။ သေချာသည်မှာ
၎င်းက အကြီးအကဲလီဖြစ်ပုံရ၏။

အကြီးအကဲလီက ယန်ယဲ့ကို
တစ်ချက်ကြည့်လိုက်ပြီး “မင်းက
ရှေးဟောင်းစားဂိုဏ်းထဲ
ဝင်ချင်တာလား…”ဟုမေးလိုက်သ
ည်။

ယန်ယဲ့က ခေါင်းညိတ်ပြပြီး
“အကြီးအကဲ ကျေးဇူးပြုပြီ”

အဘိုးအိုက သူ့လက်ကို

ဝှေ့ယမ်းပြီး

“ငါပြတ်ပြတ်သားသားပဲပြောမယ်

။ ရတနာရှာဖွေတဲ့

ကြွက်တစ်ကောင်က

မင်းပိုင်ဆိုင်ထားတဲ့

နတ်ဘုရားရတနာအချို့အပါအဝင်

ရတနာမျိုးစုံရဲ့အရိပ်အယောင် ကို ခံစားမိတယ်။

မင်းကိုယ်တိုင်လွှဲပေးမလား။

ဒါမှမဟုတ် ငါလာယူရမလား…”

ယန်ယဲ့က

ခဏလောက်ထိတ်လန့်သွားပြီး

မိန်းမလှကို လှည့်ကြည့်နေသည်။

ဤအချိန်တွင် သူမ၏မျက်နှာက
အပြုံးမရှိတော့ဘဲ
အေးစက်စက်သာရှိနေသည်။

သူက တုန်ရီနေသောလက်ဖြင့်
အမျိုးသမီးကို ညွှန်ပြပြီး
“သောက်ကျိုးနည်း မင်း မင်း
ဘာတွေစီစဉ်နေတာလဲ…”

သူမက လျစ်လျူရှုကာ "ငါတို့ဘာစီစဉ်နေတာလဲ...နင်အရူးလား...နင်သဘောမပေါက်သေးဘူးလား...ငါတို့နင့်ကိုလုယက်ဖို့ စီစဉ်နေတာ"

"ငါ့ကိုလုယက်မှာလား..."

ယန်ယဲ့က ရုတ်တရက်
ဒေါသတကြီးနဲ့ "ဒါမင်းဥပဒေကို
မရိုးသားဘူးလား…။
အကြောင်းပြချက်ကို
မလေးစားဘူးလား…။ မင်းတို့ငါ့ကို
နေ့ခင်းကြောင်တောင်

လုယက်ဖို့ကြိုးစားနေတာလား...

ဟား...ဟား...”

“ဒါဆိုမင်းဘာကို

စောင့်နေတာလဲ...လာလေ...

မယူချင်တော့ဘူးလား...”

မိန်းမလှကအိုအားသင့်သွားပြီး
ဘာပြောရမှန်းမသိတော့ပေ။

Translated by NyiNyiSoe

.အဆုံးမဲ့ဓားကမ္ဘာ
(ထာဝရနတ်ဘုရားနိုင်ငံတော်)
ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၈၅၈ -

တရားစီရင်ရေးဓား

ယန်ယွဲ့သည် လူမိုက်မဟုတ်ပါ။

စထွက်လာကတည်းက

အမျိုးသမီးဟာ

ထူးဆန်းနေသည်ကို

ကောင်းကောင်းသတိထားမိခဲ့သ
ည်...။

သို့သော် သူ့အကြောင်းကို
ဖော်ထုတ်ရန် စိတ်မဝင်စားနိုင်ပေ။
သို့မဟုတ် နည်းလမ်းပြောင်းလဲဖို့
အခွင့်အရေးပေးထားသည်ဟု
ဆိုနိုင်သည်။ ကံမကောင်းစွာနဲ့ပဲ

အမျိုးသမီးက ထိုအခွင့်အရေးကို
တန်ဖိုးမထားခဲ့ပေ။

ထိုပြင် သူကိုယ်တိုင်လည်း
အကြီးအကဲလီကို
အမှန်တကယ်တွေ့ချင်၏။
အကြီးအကဲလီက သူ့အား

ရှေးဟောင်းဓာတ်ကိုဏ်းသို့
ခေါ်သွားနိုင်စွမ်းရှိသည်။

မိန်းမလှနှင့် အကြီးအကဲလီက
သူ့စကားကို ကြားသောအခါ
မျက်မှောင်ကြုတ်သွားသည်။
အထူးသဖြင့် အမျိုးသမီးက
သူ့အနားတွင်

သတိထားနေသည့်အမူအရာဖြင့်
ကြည့်နေသည်။

ယန်ယဲ့ကပြုံးပြီး "မင်းတို့ငါ့ကို
မလုယက်ချင်ဘူးလာ...။ လာ
ဒါဆိုဘာလုပ်နေတာလဲ..."

မိန်းမလှက ယန်ယဲ့ကို အကြာကြီး
စိုက်ကြည့်ပြီးနောက်
သူ့ညာလက်ကို ရုတ်တရက်
ဝှေ့ယမ်းလိုက်သည်။

ယန်ယဲ့၏ ပတ်ပတ်လည်တွင်
အရိပ် ၃ ခုပေါ်လာသည်။
သူတို့အားလုံးက

အကန့်အသတ်ချိုးဖျက်နယ်ပယ်
မှာ ရှိနေကြသည်။

သူမ ယန်ယဲ့ကို
အေးစက်စွာကြည့်လိုက်ပြီး
“သူ့ကိုသတ်လိုက်”

အမိန့်ပေးလိုက်သည်နှင့်တစ်ပြိုင်န
က် သူတို့မြင်လိုက်ရသည်က
အနက်ရောင်ဝတ်စုံဝတ်ပညာရှင်
သုံးဦး၏ခေါင်းများ လေထဲသို့
ပျံတက်သွားသည်ကိုပါ။

ခေါင်းပြတ်သုံးလုံး
လေထဲကိုပျံတက်သွားးသည်။

နှစ်ယောက်စလုံးထိုခေါင်းများ
မည်ကဲ့သို့
အဖြတ်ခံလိုက်ရသည်ကို
မမြင်လိုက်ရပေ။

ဤအချိန်တွင်
အမျိုးသမီး၏မျက်နှာက
ဖျော့တော့နေသည်။

ဝါးနိုင်တာထက်ပိုကိုက်မိကြောင်း
သိလိုက်၏။
အကြီးအကဲလီကတော့
သူ့မျက်နှာကအတော်လေးနက်နေ
သည်။

ယန်ယဲ့က ပတ်ဝန်းကျင်ကို
တစ်ချက်ကြည့်လိုက်ပြီး

“ငါမများရင် ဒီမှာလူမရှိလို့

မင်းတို့က ဒီနေရာကို

ရွေးလိုက်တာပဲ။ ဒါဆို မင်းတို့က

ဒီမှာလုပ်မှာကို

ဘယ်သူမှသိမှာမဟုတ်ဘူး။

ဟုတ်တယ်မလား...”

သူက အကြီးအကဲလီကို

စိုက်ကြည့်ပြီး "ဒီသတင်းကို

အာကာသထဲဖြန့်ဖို့

ကြိုးစားမနေပါနဲ့။ ငါဒီနေရာကို

ချိတ်ပိတ်ထားလိုက်ပြီးဆိုတော့

ပို့နိုင်မှာမဟုတ်ဘူး"

အကြီးအကဲလီ၏မျက်လုံးများက အနည်းငယ် မှိတ်သွားကာ "မင်းဘယ်သူလဲ..."

ယန်ယဲ့က ခေါင်းခါလိုက်ပြီး "ငါမင်းကို အချိန်မဖြုန်းချင်ဘူး။ ငါရှေးဟောင်းဓားဂိုဏ်းထဲဝင်ဖို့လိုတယ်။ ဒါကြောင့်

ငါနေရာတစ်ခုရနိုင်တယ်ဆို
သက်သေပြနိုင်တဲ့
အရာတစ်ခုပေးပါ"

မင်းက ရှေးဟောင်းဓားဂိုဏ်းထဲ
ခိုးဝင်ဖို့စဉ်းစားနေတာလား..."

အကြီးအကဲလီ၏မျက်နှာက ညှိုးမှိုင်းနေသည်။
“မင်းဘယ်သူလဲ...”

ယန်ယွဲ့က ခေါင်းယမ်းလိုက်သည်။

“ဝှစ်...”

အလင်းတန်းတစ်ခုလင်းလက်လာသည်။

“ဆူး...”

စမ်းရေကဲ့သို့ သွေးများ ဒလဟော စီးကျလာပြီး အကြီးအကဲလီ၏လက်မောင်းက

လေထဲသို့ ပျံတက်သွားသည်။
ထိုမြင်ကွင်းကြောင့်
မိန်းမလှ၏မျက်နှာက
ဖြူဖျော့သွားသည်။ အစောပိုင်းက
အနည်းငယ် မျှော်လင့်ထားသည့်
အကြီးအကဲလီက ဤလူငယ်ကို
တိုက်ခိုက်ရန်
ခွန်အားရှိနေသေးကြောင်း
ခံစားမိသည်။ သို့သော်

လက်တွေ့အဖြစ်မှန်ကတော့
ရက်စက်ကြမ်းကြုတ်လှသည်။
အကြီးအကဲလီက အနည်းငယ်ပင်
မယုံနိုင်ပေ။

အကြီးအကဲလီ၏မျက်လုံးများသ
ည် ထိတ်လန့်မှုများ
ပြည့်နှက်သွားသည်။

မကြာသေးမီက သူသည်
ထိုဓားစွမ်းအင်ကို
လုံးဝနားမလည်ခဲ့ပေ။ သူ့ရှေ့ရှိ
ထိုလူငယ်လေးက
အဆင့်၅ပညာရှင်လား...။

ယန်ယဲ့က အကြီးအကဲလီဆီသို့
ဖြည်းညင်းစွာ

လျှောက်သွားသည်။

“ရှေးဟောင်းစားဂိုဏ်းထဲဝင်ဖို့

နေရာတစ်ခုလိုတယ်။

ငါထပ်ပြောဖို့လိုသေးလား…”

အကြီးအကဲလီက

ယန်ယွဲ့ကိုစိုက်ကြည့်နေသည်။

“အဲ့ဒါကို စဉ်းစားမနေနဲ့”

ယန်ယဲ့က ခေါင်းယမ်းကာ ပြုံးလိုက်သည်။ ဤအချိန်တွင် သူ၏စိတ်ထဲမှ ဓားစာလိပ်၏အသံ ပဲ့တင်ထပ်လာသည်။

"သူ့မှာ ရှေးဟောင်းဓားတံဆိပ် ရှိတယ်။ အဲ့ဒါကိုပဲ ယူလိုက်တော့"

ယန်ယဲ့က
ခေါင်းညိတ်လိုက်သည်။

ဤအချိန်တွင် အကြီးအကဲလီက
နောက်လှည့်ကာ
ကောင်းကင်ထက်သို့
တက်ပြေးသွားသည်။ သူ့အရှိန်က

အလွန်လျင်မြန်ပြီး
၁၀ကီလိုမီတာအကွာသို့
ချက်ချင်းရောက်လာသည်။

သို့သော် ဓားစွမ်းအင်က
သူ့ထက်ပိုမြန်ပုံရသည်။

“ဆူး...”

ဓားစွမ်းအင်တစ်စင်းလင်းလက်

သွားပြီးနောက်

အကြီးအကဲလီ၏ခေါင်းက

လည်ပင်းကနေ

ပြုတ်ကျသွားသည်။

ယန်ယဲ့က

သူ၏ညာလက်ကိုဖွေ့ယမ်းလိုက်

ရာ အကြီးအကဲလီ၏

သိုလှောင်လက်စွပ်က

သူ့လက်ထဲကိုရောက်လာသည်။

အမှန်ပင် အထဲမှာ

အမိန့်ပေးတံဆိပ်ပြားတစ်ခုကို

တွေ့လိုက်ရသည်။

ရှေးဟောင်းစားတံဆိပ်ပြား။

ယန်ယဲ့က သိမ်းလိုက်သည်။
ကျန်တာတွေက အားလုံးက
သူ့အတွက်အမှိုက်ဖြစ်သည်။
နှင်းပွင့်လေးထံကနေ
အများကြီးသင်ယူဖူးသလို

ဇီဇာကြောင်တတ်ဖို့ကို အဓိက

သင်ယူခဲ့သည်။

နှင်းပွင့်၏အမြင်အရတော့

သူသဘောမကျသည့်အရာများ

အနည်းငယ်သာရှိ၏။

ယန်ယဲ့က အမိန့်တံဆိပ်ပြားကို

သိမ်းလိုက်ပြီး

မိန်းမလှကိုလှည့်ကြည့်ကာ

"မင်းဘာလို့ ထွက်ပြေးဖို့

မကြိုးစားတာလဲ..."

မိန်းမလှက

ဝမ်းနည်းစွာရယ်မောကာ

"ငါရနိုင်ပါ့မလား..."

သူမက

အသက်ပြင်းပြင်းရှူပြီး“မသေခင်

ငါ့ကို နင်ဘယ်သူလဲဆိုတာ

ပြောပြပေးနိုင်မလား...”

ယန်ယွဲ့က ခေါင်းခါလိုက်သည်

“မဟုတ်ဘူး”

သူ့ဓားက အနည်းငယ်လှုပ်သွားပြီး
အမျိုးသမီး၏ခေါင်းက လေထဲသို့
ပျံတက်သွားသည်။ ယန်ယွဲ့သည်
သူ၏ညာလက်ကိုဝှေ့ယမ်းလိုက်
ရာ ဤနေရာရှိ
အလောင်းအားလုံးက
ပြာဖြစ်သွားသည်။

ယန်ယဲ့ကခေါင်းခါလိုက်သည်

“လုယက်တာက

အန္တရာယ်များတော့

သတိထားပြီးလုပ်သင့်တယ်”

စကားပြောပြီးနောက်

နေရာမှာတင်ပျောက်သွားသည်။

ယန်ယဲ့သည်
ရှေးဟောင်းဓားမြို့တော်သို့
ပြန်လာခဲ့သည်။ ဤအချိန်တွင်
သူက ဓားခန်းမဟုခေါ်သည့်
နေရာကို သွားခဲ့သည်။
အမိန့်တံဆိပ်ပြားကိုပြပြီးတာနဲ့
တံခါးရှေ့ရှိ မန်နေဂျာက
အထဲဝင်ခိုင်းလိုက်သည်။

ယန်ယဲ့သည် ခန်းမထဲတွင် အမျိုးသားတစ်ယောက်နှင့်အမျိုး သမီးတစ်ယောက်ကို တွေ့လိုက်သည်။ အမျိုးသားက (လူငယ်က) အဖြူရောင်ဝတ်စုံကိုဝတ်ဆင် ထားပြီး ယန်ယဲ့ဝင်လာသည်နှင့်

တစ်ချက်ကြည့်လိုက်သည်။
အမျိုးသမီးက
အနည်းငယ်ခေါင်းညိတ်ပြီး
ယန်ယဲ့ကို နှုတ်ဆက်လိုက်သည်။

အချိန်အတော်ကြာမှ သူက
ရုတ်တရက် မေးလိုက်သည်။

“မန်နေဂျာရှု၊ အကြီးအကဲလီ ဘယ်တော့ ရောက်လာမလဲ…”

အဘိုးကြီးတစ်ယောက်က ပြန်ဝင်လာသည်။ “သခင်ငယ်မိုယု ငါမသိဘူး”

မိုယုဟုခေါ်သောလူငယ်က မျက်မှောင်ကြုတ်ပြီး “မင်းငါတို့ကို ဒီမှာက အမြဲတမ်းစောင့်ခိုင်းဖို့ စဉ်းစားနေတာမဟုတ်ဘူးမလား...
”

အဘိုးကြီးက

ခဏတုံ့ဆိုင်းသွားပြီး“သူ့ကိုဆက်

သွယ်ကြည့်ရအောင်”
စကားပြောပြီးနောက်
လှည့်ထွက်သွားသည်။

ယန်ယဲ့နှင့် အခြားလူများသာ
ခန်းမထဲ၌ ကျန်နေခဲ့သည်။

မိုယုက ယန်ယွဲ့ကိုမော့ကြည့်ကာ “မူလဟောင်းလင်းပြင်နတ်ဘုရားအဆင့်”

ယန်ယွဲ့က “ဟုတ်တယ်”

မိုယုက သူ့အကြည့်ကို ဖယ်လိုက်ပြီး ဘာမှပြန်မပြောပေ။

အကြောင်းကတော့ သူက

မူလကမ္ဘာအဆင့်မှာရှိနေသော

ကြောင့်ပါ။ သူတို့က

အဆင့်တူမဟုတ်သောကြောင့်

သဘာဝအတိုင်းပြောစရာမရှိပေ။

အခြားသော အမျိုးသမီးက

“ငါလည်း

ဟင်းလင်းပြင်နတ်ဘုရားအဆင့်
မှာပါ” ဟု ဆတ်ခနဲ
ပြောလိုက်ပါသည်။

ယန်ယဲ့က သူမကို ပြုံးပြီး
“မင်းနာမည်ဘယ်လိုခေါ်လဲ…”

“ယွဲ့ချင်းဝူ”

သူမကပြုံးပြီး နင်ကော “ဘာလဲ”

ယန်ယဲ့က “ယဲ့ယန်”

သူမက ခေါင်းညိတ်ပြီး
“ယဲ့ယန်လား…။

နင်တောင်ပိုင်းဒေသက
ယွဲ့မျိုးနွယ်စုကလား...”

ယန်ယွဲ့က ခေါင်းခါလိုက်ပြီး
“ငါက လေလွင့်ကျင့်ကြံသူပါ”

“လေလွင့်ကျင့်ကြံသူတဲ့လား...”

“အို..”

ချင်မူက ပိုမပြောတော့ပေ။
ယန်ယွဲ့လည်း ဘာမှပြန်မပြောပေ။
တိတ်ဆိတ်စွာစောင့်နေလိုက်သည်
။

ဤအတောအတွင်း ယန်ယဲ့က

“ဓားစာလိပ်၊

ရှေးဟောင်းဓားဂိုဏ်းက

ဘာကြောင့် မင်းရဲ့

ခန္ဓာကိုယ်အပိုင်းအစတွေကို

ထိန်းသိမ်းထားတာလဲ...”ဟု

အတွင်းစိတ်ကနေ

မေးလိုက်သည်။

ခဏကြာ တိတ်ဆိတ်သွားပြီး

သူမက "ဒါက

အထွတ်အမြတ်နတ်ဘုရားရတနာ

ရဲ့အပိုင်းအစတွေပဲ။ သူတို့က

ဒီအတိုင်းလွှင့်ပစ်ပါ့မလား…"

ယန်ယဲ့က

“ရှေးဟောင်းဓားဂိုဏ်းရဲ့

ဂိုဏ်းသခင်က

လွန်ခဲ့တဲ့နှစ်တွေမှာ

အသက်ရှင်နေသေးလား…” ဟု

မေးလိုက်သည်။

သူမက "ဟုတ်တယ်။ ဒါပေမဲ့

သူက

ဟင်းလင်းပြင်ပျက်သုဉ်းခြင်း

ကေရာဇ်ရဲ့ တိုက်ခိုက်မှုကြောင့်

အပြင်းအထန် ဒဏ်ရာရပြီး

ခန္ဓာကိုယ်တောင်

ပျက်စီးသွားတယ်။

သူ့ရဲ့ခွန်အားက

အရင်ကလိုမဟုတ်တော့ဘူးလို့

ပြောလို့ရတယ်။ ဟုတ်တယ်

ဒီလောက် နှစ်တွေကြာပြီးဆိုတော့

သူဘယ်လောက်ပြန်ကောင်းလာ

လဲဆိုတာ ငါမသိပါဘူး။

အဲ့ဒါကြောင့် နင်အထဲကို ခိုးဝင်ပြီး

ငါ့အပိုင်းအစတွေကို ယူဖို့

အခွင့်အရေးရှာစေချင်တယ်”

ယန်ယဲ့ကခေါင်းညိတ်လိုက်သည်

“ဒါပဲ ငါအတတ်နိုင်ဆုံး

လုပ်နိုင်တယ်”

ဤကဲ့သို့ပင်

လူငယ်သုံးယောက်က

ခန်းမထဲတွင်

တစ်နာရီကြာသည်အထိ

စောင့်ဆိုင်းနေခဲ့သည်။

နှစ်နာရီကြာအောင်

စောင့်ပြီးနောက်

သက်လတ်ပိုင်းအမျိုးသား

တစ်ယောက်ပေါ်လာသည်။

သူတို့က

သက်လတ်ပိုင်းအမျိုးသားကို

စိုက်ကြည့်နေသည်။

သူက "ငါက
ရှေးဟောင်းစားဂိုဏ်းရဲ့အကြီးအ
ကဲ ဂူရှဲ့ပါ။ အခုငါ ဒီမှာက
တာဝန်ယူထားတယ်"

သုံးယောက်သား သူ့အား
အနည်းငယ် ဦးညွတ်ပြီး မိုယုက

"အကြီးအကဲ၊
အကြီးအကဲလီရော" ဟု
မေးလိုက်သည်။

ဂူရှဲ့က "သူတစ်ခုခုဖြစ်သွားပြီ။
ဂိုဏ်းကဒီကိစ္စကို စပြီး
စုံးစမ်းနေတယ်။ အခု ငါနဲ့အတူ
ရှေးဟောင်းဓားဂိုဏ်းကိုလာပါ။

မှန်တယ် မင်းတို့ရဲ့
ရှေးဟောင်းဓားတံဆိပ်ပြား
ငါ့ကိုပြပါ"

သုံးယောက်စလုံး
အမိန့်တံဆိပ်ပြားတစ်ခုစီထုတ်လို
က်သည်။

သူတို့ကိုစစ်ဆေးပြီးတာနဲ့
“သွားရအောင်”

ထိုနောက် သူတို့ကို မြို့ပြင်သို့
ခေါ်ဆောင်လာခဲ့သည်။
ခေါ်ချီများအပေါ် စီးနင်းရင်း
တိမ်တိုက်များကို ဖြတ်၍
လျင်မြန်စွာ

ပျံ့သန်းလိုက်ကြသည်။

ယန်ယဲ့သည်

သူ့ကိုယ်ပိုင်ဓားမဟုတ်ဘဲ

သူ့ကိုယ်ပိုင် ဓားစွမ်းအင်ကို

အသုံးပြုရသည့်။ အကြောင်းမှာ

သူ့တွင် သူ၏ဓားများက အနိမ့်ဆုံး

နတ်ဘုရားအထွတ်အထိပ်အဆင့်

ရတနာများဖြစ်နေသောကြောင့်ဖြ

စ်သည်။

အကယ်၍ ထုတ်သုံးလိုက်ပါက
အများအပြားအာရုံစိုက်လာပေမ
ည်။ မိုယုက ယန်ယဲ့ကို
ကြည့်ပြီးနောက်
ဓားတစ်ချောင်းပစ်ပေးလိုက်သည်
။

နတ်တစ်ပိုင်းအဆင့် လက်နက်။

ယန်ယွဲ့က မိုယုကို
အံ့သြစွာစိုက်ကြည့်နေတာကို
သူက ဂရုမစိုက်ဘဲ
"မင်းသိမ်းထားနိုင်တယ်"

သဘာဝအတိုင်းသူက

ရှေးဟောင်းဓားဂိုဏ်းနှင့်

မိတ်ဆွေဖွဲ့ရခြင်းဖြစ်သည်။

သူ့ရှေ့က လူငယ်က မိတ်ဆွေဖွဲ့ရန်

မထိုက်တန်သော်လည်း

သူနှင့်တော့

ယန်ယဲ့ကတော့

ပူးပေါင်းနိုင်သေး၏။

ရှေးဟောင်းဓားဂိုဏ်းတွင်

သူ့အတွက် အစေခံအချို့

ရှိသည်မှာ မဆိုးပေ။

ယန်ယဲ့က မိုယုကို ငုံ့ကြည့်ကာ

“မလိုပါဘူး”

မိုယုက ယန်ယဲ့ကို
မျက်မှောင်ကြုတ်ကာ
စားကိုပြန်ယူရင်း
“ဘယ်လောက်မိုက်မဲလိုက်သလဲ...
”

သူကအရှိန်ပြင်းပြင်းနှင့်
ပျံသန်းသွားကာ ယန်ယွဲ့နဲ့
ယွဲ့ချင်းဝူကို နောက်မှာ
ချန်ထားခဲ့လိုက်သည်။

ယွဲ့ချင်းမူက ယန်ယွဲ့ဘက်သို့
ပြေးလာပြီးပြုံးကာ "ဒါက
နတ်တစ်ပိုင်းအဆင့်

နတ်ရတနာပဲ။ နင်က
ဘာလို့ငြင်းပယ်လိုက်တာလဲ”

ယန်ယဲ့က ခေါင်းခါလိုက်သည်
“ငါအဲ့ဒါမလိုဘူး”

“ဘာကြောင့်လဲ…”

သူမက ယန်ယဲ့ကို
ခဏစိုက်ကြည့်ပြီးနောက်
ပြုံးပြသည်
“စိတ်ဝင်စားဖို့ကောင်းတယ်။
ဘာပဲဖြစ်ဖြစ်နင်က
ရှေးဟောင်းဓားဂိုဏ်းရဲ့
နာမည်ကျော် ရှေးဟောင်း
ဓားစာအုပ်အတွက်
ဒီကိုရောက်နေတာလား”

“ရှေးဟောင်းဓားစာလိပ်”

“နင်မသိဘူးလား...”

ယွဲ့ချင်းမူကပြန်မေးသည်။

ယန်ယဲ့က

ကြောင်အမ်းအမ်းဖြစ်နေရင်း

ဓားစာလိပ်က ရုတ်တရက်

ရှင်းပြသည် “ဒါက

ငါဖန်တီးထားတဲ့ ဓားစာလိပ်ပါ။

နင့်ရဲ့ဓားပျံတွေနဲ့ ဓားနယ်မြေက

အဲ့ဒီနည်းစနစ်ရဲ့နယ်ပယ်ကို

လုံးဝကျော်လွန်သွားလို့

နင့်အတွက်တော့ အမှိုက်ပဲ။

ဒါအပြင်

ရှေးဟောင်းစားဂိုဏ်းမှာရှိတဲ့

အရာခပ်သိမ်းကို

ငါအကုန်လုံးနီးပါးသိတယ်။

အဲ့ဒီခေတ်ဟောင်းတုန်းက

အရာတွေကိုတောင် ငါသိတယ်။

ဒါနဲ့ ရောက်ရင်

နင်နဲ့သင့်တော်တာ

တစ်ခုခုရှိသလားငါပြောပြမယ်”

ယန်ယဲ့က ခေါင်းညိတ်ပြီး

“ကောင်းပြီ”

ယဲ့ချင်းဝူ က

ယန်ယဲ့ကိုစိုက်ကြည့်ကာ

“ရှေးဟောင်းဓားစာလိပ်အကြော

င်းနင်မသိဘူးလား...”

ယန်ယဲ့က "အဲ့ဒါက နတ်ဘုရားရတနာတစ်ခုလို့တော့ ငါကြားတယ်။ ဒါပေမဲ့ ငါတို့ အခွင့်အရေးရှိနိုင်မှာမဟုတ်ဘူး နော်"

ယှဲ့ချင်းမူက ပြုံးပြီး "ဒါကို
စမ်းမကြည့်ဘဲ
ငါတို့ဘယ်လိုလုပ်သိမှာလဲ..."

"ဒါအပြင်ရှေးဟောင်းဓားဂိုဏ်းမှာ
အထွတ်အမြတ်
နတ်ဘုရားရတနာ ဓားခန်းမ
ဓားစာအုပ်နဲ့

ဓားစာလိပ်တွေရှိတယ်လို့
ငါကြားမိတယ်။ သူတို့ထဲက
တစ်ခုခုကို မြင်တွေ့ခွင့်ရရင်
အရမ်းကောင်းတယ်။ ဒါက
နတ်ဘုရားရတနာ
တွေပဲမဟုတ်ဘူးလား…”

ယန်ယဲ့က မျက်မှောင်ကြုတ်ကာ

လေးနက်စွာ ပြောလိုက်သည်။

“ရှေးဟောင်းဓားဂိုဏ်းက သူတို့ရဲ့

ဂိုဏ်းသတင်းကို

ခွင့်မပြုထားလို့ဘဲ”

ဓားစာလိပ်က

“နတ်ဘုရားရတနာတစ်ပါးက

လူအများကြီးကို
အာရုံဖမ်းစားနိုင်တယ်။
တကယ်တော့ သူတို့က
သဘာဝအတိုင်း မမြင်ဖူးဘူး။
ဘာပဲဖြစ်ဖြစ် ငါက
ရှေးဟောင်းဓားဂိုဏ်းမှာ အခုထိ
ရှိနေသေးတယ်လို့
လောကတစ်ခုလုံး
ထင်နေကြတာ"

ယန်ယဲ့က "ဒါကိုမေ့ထားလိုက်ပါ။
အဲ့ဒီအပိုင်းအစတွေကို
ငါရသွားရင်
ရှေးဟောင်းဓားဂိုဏ်းကနေ
ထွက်သွားတာပေါ့။ ပြီးရင်
နှင်းပွင့်လေးပြန်လာတာနဲ့

မင်းရဲ့ခန္ဓာကိုယ်ကို

ပြုပြင်နိုင်မှာပါ”

ဓားစာလိပ်က ခဏ

ငြိမ်သက်သွားသည်။

“ကျေးဇူးတင်ပါတယ်”

ယန်ယဲ့ကခေါင်းခါလိုက်သည်

“ငါကမင်းကို

ကျေးဇူးတင်ရမဲ့သူပါ။ ကောင်းပြီ

ဒါကိုမပြောဘဲနေရအောင်”

ပြောပြီးနောက်

မျက်လုံးဖွင့်ကြည့်လိုက်ရာ

ကောင်းကင်အဝေးတွင်

ရောမဓားကြီးတစ်စင်းလွင့်မျော

နေသည်ကို တွေ့လိုက်ရသည်။

သို့သော် ထိုမြင်ကွင်းကြောင့်

သူအံ့ဩသွားသည်။

သူ့လက်ထဲမှာ ရှိသော

တရားစီရင်ရေးဓား

နှင့်အတူတူပင်။

“ဒါ…ဒါက ဘယ်လိုလဲ။ ဒီဓားက…
”

Translated by NyiNyiSoe

.အဆုံးမဲ့ဓားကမ္ဘာ

(ထာဝရနတ်ဘုရားနိုင်ငံတော်)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၈၅၉ - သင်တန်းပို့ချခြင်း

“တရားစီရင်ရေးစားလား...”

အဝေးရှိကောင်းကင်အထက်၌

ရောမစားကြီးတစ်ချောင်း

လွင့်မျောနေသည်။ ၎င်းမှ

သူ၏လက်ထဲမှ

တရားစီရင်ရေးဓားနှင့်အတူတူပင်ဖြစ်သည်။ မှန်သည်။ သူ့တွင် စစ်မှန်သော တရားစီရင်ရေးဓား ရှိတာကြောင့် အမည်မသိ သတ္တုနှင့် ပြုလုပ်ထားသော ဓားအတုသာဖြစ်သည်။

ဤအချိန်တွင် ဓားစာလိပ်က ရုတ်တရက် ပြောလိုက်သည်။ “အတိတ်တစ်ချိန်တုန်းက တရားစီရင်ရေးဓားဟာ ဒီဂိုဏ်းမှာရှိခဲ့တယ်။ ဒါပေမဲ့ အဲ့ဒါက ငါ့ရှေ့က ခေတ်တစ်ခုပဲ။ အဲ့ဒါက ရှေးဟောင်းခေတ်”

“ဒါဆိုမထူးဆန်းပါဘူး”

ယန်ယဲ့က

အနည်းငယ်မျက်မှောင်ကြုတ်ကာ

“တရားစီရင်ရေးဆားက

ဒီမှာရှိခဲ့တာလား…”

ဓားစာလိပ်က "ဟုတ်တယ်
ဒါပေမဲ့ အတိအကျတော့
မသိခဲ့ရဘူး။ ဘာလို့လဲဆိုတော့
အဲ့ဒါက နှစ်ချောင်းရှိလို့"

ယန်ယဲ့က
ထပ်မေးချင်သော်လည်း ဂူရဲ့က
ရုတ်တရက် "ငါတို့ရောက်ပြီ"

“ငါတို့ရောက်ပြီးလား…”

ယန်ယဲ့က သူ့အတွေးကိုထိန်းပြီး အဝေးကိုလှမ်းကြည့်လိုက်သည်။ ခပ်လှမ်းလှမ်း၌ မြင့်မားသောတောင်ထိပ်ကြီးတစ်ခု တည်ရှိနေသည်။

၎င်းအနောက်တွက်
အဆုံးမရှိသောတောင်တန်းကြီးတ
စ်ခုရှိခဲ့သည်။

တောင်တန်းထိပ်တွင်ရောမနန်း
တော်ကြီးတစ်ခုရှိ၏။

ထိုအရပ်၌ လူအများအပြားက

ဓားပုံများ စီးနင်းလျှက်

ကောင်းကင်ကို ဖြတ်၍

ပျံသန်းနေကြသည်။ ထိုပြင်

တောင်တန်းတစ်ခုလုံး

ပြင်းထန်သော ဓားလှိုင်းများ

ထွက်ပေါ်လာသည်။

သာမန်မဟုတ်ပေ။

စားတောင်တန်းနှင့် ပတ်သက်ပြီး
ယန်ယဲ့၏ပထမဆုံး
အထင်အမြင်ပါ။

ဂူရှဲ့က သူတို့ကို တောင်ထိပ်အပေါ်
ခေါ်သွားသည်။ ဤအချိန်တွင်
နတ်ဘုရားစိတ်အာရုံအသိအများ

အပြားက သူ့အပေါ်
ကျရောက်လာသည်။

အစီအရင်။

၎င်းက
လူတစ်ဦး၏ကျင့်ကြံမှုနှင့်အသက်
အရွယ်အား ကြည့်ရှုရန်

အသုံးပြုသည့်
အစီအရင်တစ်မျိုးဖြစ်သည်။
ပြင်ပရန်သူများ
ရှေးဟောင်းဓာဂိုဏ်းသို့
မဝင်ရောက်နိုင်စေရန်
နည်းလမ်းဖြစ်သည်။

မှတ်သားထိုက်သည့် အချက်မှာ

၎င်းကို ဓားစာလိပ်ကိုယ်တိုင်

ဖန်တီးခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် ယန်ယဲ့က

ချောချောမွေ့မွေ့

ဖြန်သန်းနိုင်ခဲ့သည်။

ဂူရဲ့က သူတို့သုံးယောက်ကို
သေးငယ်သော
တောင်ထိပ်တစ်ခုဖြစ်သော
အပြင်စည်းတောင်ထိပ်ဆီသို့ခေါ်
ဆောင်သွားသည်။

ရှေးဟောင်းစာဂိုဏ်းကို
အပြင်စည်းခြံဝန်း၊

အတွင်းစည်းခြံဝန်းနဲ့
ပင်မခြံဝန်းဟူ၍ သုံးပိုင်း
ပိုင်းခြားထားသည်။
အပြင်စည်းခြံဝန်းက
အများအားဖြင့်
မူလတာအိုအဆင့်နှင့်
လောကသခင်အကြား
ကျင့်ကြံသူများကို ကိုယ်စားပြုပြီး
အတွင်းစည်းခြံဝန်းကတော့

မူလကမ္ဘာအဆင့်မှ အဆင့်၃ အထိဖြစ်သည်။
ပင်မတပည့်များကတော့ အဆင့်၄ ပညာရှင်များသာဖြစ်နိုင်၏။

ဂိုဏ်း၏ အဓိက ထောက်တိုင်များဟုလည်း ဆိုနိုင်ပါသည်။

ဂိုဏ်းဓါပြင်မတပြည့်များကတော့
အဆင့်ဂုနှင့်
အထက်အဆင့်ကျင့်ကြံသူများဖြစ်
သည်။

ဂူရှဲ့ကထွက်မသွားခင်
သူတို့သုံးယောက်ကို

အပြင်စည်းတောင်ထိပ်သို့
ခေါ်သွားသည်။

မိုယုက
အပြင်စည်းတောင်ထိပ်ကနေ
အဝေးရှိကောင်းကင်အနက်ပိုင်း
ထဲသို့မော့ကြည့်လိုက်သည်။

သူ့မျက်နှာတွင်
ယုံကြည်မှုအပြည့်ရှိသော
အပြုံးဖြင့်
“ငါပင်မတပည့်ဖြစ်လာမှာသေချာ
တယ်”

သူစကားပြောပြီးနောက်
ဓားပျံကိုစီးနင်းလျက်
ပျောက်ကွယ်သွားသည်။

ယွဲ့ချင်းမူက ရုတ်တရက်
“သူကအရမ်းယုံကြည်မှုရှိတယ်”

ယန်ယဲ့က ပခုံးတွန့်ပြီး "ဒါက ကောင်းတယ်မဟုတ်လား…"

သူမက "နင်ကော။ နင်လည်း စိတ်မဝင်စားဘူးလား"

ယန်ယဲ့က ခေါင်းညိတ်လိုက်ပြီး
"ဂိုဏ်းသခင်ရာထူးဆိုရင်
ငါစိတ်ဝင်စားနိုင်တယ်"

ထိုစကားကြောင့် သူမက
ထိတ်လန့်သွားလေသည်။
ဤအချိန်တွင်

ယန်ယဲ့ကပျောက်ကွယ်သွားသည်

။

ယဲ့ချင်းမူက

ခေါင်းယမ်းပြီးပြုံးလိုက်သည်

"အဲ့ဒါက အိပ်မက်တစ်ခုလို

ထင်ရမှာမဟုတ်ဘူးလား..."

သူမက
ယန်ယဲ့၏အနောက်သို့လိုက်သွား
သည်။

ယန်ယဲ့နှင့် ယွဲ့ချင်းဝူတို့ဟာ
တံဆိပ်ပြား တစ်ခုကို ထုတ်ပြကာ
ရောက်ရှိကြောင်းသတင်းပို့လိုက်
ကြသည်။ ၎င်းက

အပြင်စည်းတပည့်များအတွက်
အမှတ်အသားဖြစ်သည်။
ယွဲ့ချင်းဝူ၏အဆိုအရ သူတို့က
ရှေးဟောင်းဓားဂိုဏ်း၏တပည့်
များဖြစ်သည်။နှောင်တွင်
ဂိုဏ်းအပြင်ဖက်မှာ ရန်သူများနှင့်
ကြုံတွေ့ရပါက
၎အမှတ်အသားကို
အသုံးပြုနိုင်သည်။

ပြင်ပရှိလူများက

ရှေးဟောင်းဓားဂိုဏ်းကို

မျက်နှာသာပေးလေ့ရှိသည်။

ထိုကြောင့် ၎င်းက အသက်ကယ်

အဆောင်နှင့် အတူတူပင်။

သို့သော်

ယန်ယွဲ့၏အမြင်အရတော့ ၎င်းက

သေလမ်းပို့ပေးသော
အမှတ်အသားပင်ဖြစ်သည်။
ထိုအထောက်အထားကို
အသုံးပြုတာက အခြားသူများကို
ပြောင်းလဲနိုင်သော်လည်း
ရက်စက်ကြမ်းကြုတ်သူနှင့်
ရင်ဆိုင်တွေ့ပါက
နှုတ်ပိတ်ခံရနိုင်လေသည်။

ဂိုက်း၏တပည့်များ
ဖြစ်လာပြီးနောက် သူတို့က
ဤနေရာတွင် အတန်းတက်ရန်
အရည်အချင်းပြည့်မီခဲ့သည်။

သူတို့ကို သင်ကြားပို့ချသူက
အဆင့်၅ရှိ
အကြီးအကဲတစ်ဦးဖြစ်သည်။

၎င်းက ဓားတာအိုတွင်
အသိပညာများအကြောင်းပို့ချသ
ည်။ သို့သော် တစ်လလျှင်
တစ်ကြိမ်သာ ကျင်းပသည်။

ဤနေ့က အတန်းဖွင့်သည့်နေမို့
သူတို့ကံက မဆိုးလှပေ။

သင်ကြားရေး စင်မြင့်အထက်။

အဘိုးကြီးတစ်ဦးက
စင်မြင့်အထက်တွင်
တင်ပျဉ်ခွေထိုင်ကာ

ၛင်းအောက်အနားတွင်
ကျောက်လှေကားတစ်ဒါဇင်အန
ည်းငယ်ခန့်ရှိသည်။

လှေကားအောက်တွင်
တင်ပျဉ်ခွေထိုင်ရန် ထိုင်ခုံ
တစ်ရာထက်မနည်းရှိနေ၏။ယန်
ယွဲ့နှင့် ယွဲ့ချင်းမူတို့

ရောက်ရှိသောအခါ
အများအားဖြင့် လူပြည့်နေပါပြီ။
ကံကောင်းထောက်မစွာ
ခုံအချို့ရှိနေပါ၏။ သို့သော်
ထိုနေရာက
အနည်းငယ်ထူးခြားပြီး
ထိုင်ခုံသုံးလုံးတွဲရှိနေလို့ပါ။

နေရာမှာဘယ်သူမှမရှိသောကြော
င့် ယန်ယဲ့က
ယဲ့ချင်းမူကိုခေါ်သွားပြီး
ထိုင်လိုက်သည်။ သို့သော်
မရေမတွက်နိုင်သူများက
လှည့်ကြည့်လိုက်၏။ ယန်ယဲ့နှင့်
ယဲ့ချင်းမူတို့လည်း
အကြည့်ချင်းဖလှယ်လိုက်သည်။
တစ်ခုခုတော့ လွဲနေပြီးမှန်း

သတိထားမိသည်။ သို့သော် ယခုမှ ထထွက်သွားပါက ရှက်စရာမဟုတ်ပါလား။ ထိုကြောင့်ယန်ယဲ့က ရှေ့ကို လှည့်လိုက်သည်။

ဤအချိန်တွင် မိုယု၏အသံက ယန်ယဲ့နှင့်

ယှဲချင်းမှုတို့၏ခေါင်းအထဲကို

ပုံတင်ထပ်ကာ"ငါမင်းတို့ကို

ခင်မင်ရင်းနှီးတဲ့အတွက်

သတိပေးလိုက်မယ်။ အဲ့ဒီနေရာက

လုယွန်ရှန်းပိုင်တယ်။ အဲ့ဒါကြောင့်

မင်းတို့အဲ့ဒီမှာ မထိုင်ရင်

အကောင်းဆုံးပဲ"

"လုယွန်ရှန်းလား..."

ယန်ယွဲ့က ခေါင်းညိတ်လိုက်သည်
"အဲ့ဒါ ဓားစာလိပ် အဲ့ဒါက
ဘယ်သူလဲ မင်းသိလား..."

ဓားစာလိပ်က မူလစေတီထဲမှ
နေရင်း ယန်ယွဲ့ကို

မျက်လုံးပြူးကြည့်ကာ “နင်က
ကိုယ့်ကိုယ်ကို
စဉ်းစားလို့မရဘူးလား…။
ငါဘယ်ခေတ်ကလာတာလဲ
ဘယ်တုန်းက ပြန်ရောက်တာလဲ။
ဂိုဏ်းထဲက လူအိုကြီးတချို့အပြင်
ဒီမှာက တစ်ယောက်ယောက်ကို
သိမယ်ထင်လား…

အပြင်စည်းတပည့်ဆို
ပိုတောင်ဆိုးဦးမယ်”

ယန်ယဲ့က
ရှက်ရွံ့စွာပြုံးလိုက်သည်။

သူက ယွဲ့ချင်းဝူကိုစိုက်ကြည့်ပြီး
“မင်းဒီမှာ ထိုင်မလား…”

ယွဲ့ချင်းဝူက ခဏတုံ့ဆိုင်းသွားပြီး ခေါင်းခါလိုက်သည်။

တော်တော်များများက မထိုင်ကြပေ။ လုယွန်ရှန်းက ထူးခြားသောအဆင့်အတန်း ပိုင်ဆိုင်ထားမှန်းသိပါသည်။ သူမ

ဒုက္ခမရောက်ချင်သလို
တားမြစ်ချက်ကိုလည်း
မချိုးဖျက်ချင်ပေ။

ယန်ယဲ့က ခေါင်းယမ်းပြီးပြုံး
လိုက်သည် “ဓားတာအိုက
အကန့်အသတ် မရှိဘူး။
အဲ့ဒီလမ်းမှာ အခက်အခဲတွေ

ဘယ်လောက်ရှိလဲ

လူတစ်ယောက်ရဲ့နာမည်က

နင့်ကိုတားနိုင်ရင်

ဘယ်လိုရှေ့ဆက်သွားမလဲ..."

ထိုစကားပြောပြီးနောက်

ထိုင်ခုံဆီသို့ လျှောက်သွားပြီး

ထိုင်ချလိုက်သည်။

သူ့တစ်ယောက်ထိုင်ခုံသာဖြစ်သ
ည်။ သုံးသည်ဖြစ်စေ
မသုံးသည်ဖြစ်စေ အရေးမကြီးပေ
သို့သော် ယွဲ့ချင်းသူက မဆိုးဘူးဟု
သူခံစားမိသည်။ သူတို့နှစ်ယောက်
ဆုံတွေ့တာက ကံကြမ္မာ အရပင်။
ထို့ကြောင့်သာ အနည်းနှင့်အများ
သတိပေးခဲ့သည်။

ထို့နောက်တွင် ယန်ယဲ့က
အလယ်ခုံမှာဝင်ထိုင်လိုက်သည်။

ယွဲ့ချင်းဝူ က
တစ်ခုခုကိုတွေးမိသည့်အလား
အနည်းငယ်
စိတ်လှုပ်ရှားလာသည်။

အကြောင်းမှာ
မကြာခင်ဖြစ်လာမည့်
အကျိုးဆက်များနှင့်ပြဿနာများ
ကို တွေးတောမိလို့ပါ။
အချိန်အတော်ကြာပြီးမှ ယန်ယဲ့ကို
စိတ်ရှုပ်ထွေးသော အကြည့်ဖြင့်
ကြည့်လိုက်သည်။

ဓားစာလိပ်က မူလစေတီထဲ၌
သက်ပြင်းချလိုက်သည်။
သူမအသက်ရှင်နေသည့်အချိန်
ညာဏ်ကြီးရှင်အားလုံးကို
မြင်ဖူးသော်လည်း
ယန်ယဲ့၏စိတ်ဓာတ်နှင့်တူညီသူ
တစ်ယောက်ကိုတော့
သူမမြင်တွေ့ခဲ့ရပေ။
ယန်ယဲ့ကဲ့သို့လူက

မြင်ရခဲလှသည်။
ယန်ယဲ့၏ခါးစွမ်းရည်သည်
အန်နန်ကျင်းနှင့် ယှဉ်လျှင်
လုံးဝနိမ့်ကျနေသော်လည်း လုံးဝ
မနိမ့်ကျသည့်
အရာတစ်ခုရှိနေသည်။ ၎င်းက
သူ၏ စိတ်ဆန္ဒနှင့်
စိတ်သဘောထားပင်ဖြစ်သည်။
သူ၏စိတ်ဆန္ဒက အရှုံးကို

ဘယ်တော့မှ
လက်ခံမည်မဟုတ်ပေ။
အခိကကတော့
အကြောက်အလန့်မရှိတာပါ။

ယန်ယဲ့အရင်တုန်းက
ပြောခဲ့သလိုပင်။ သူရှုံးနိမ့်ခဲ့သည်။
သူသေဆုံးလုနီးပါးဖြစ်ခဲ့သည်။

သူလည်း ငိုကြွေးခဲ့သည်။ သို့သော် တစ်ခါမှ အရှုံးမပေးခဲ့ပါ။

ဤအချိန်တွင် ယန်ယဲ့က လူတိုင်း၏အာရုံစူးစိုက်မှုဖြစ်လာခဲ့သည်။ အဆင့်၅ပညာရှင်က ယန်ယဲ့ကို ခဏစိုက်ကြည့်ကာ သူ၏အသိပညာကို

ဆက်ပြီးပြောပြောလိုက်သည်။
ယန်ယဲ့က
အဘိုးကြီး၏သင်ပြမှုကနေ
ကောင်းတာတစ်ခုခုတော့
ရလိုက်သည်။
အချိန်အတော်ကြာပြီးနောက်
အဘိုးကြီးက ရပ်တန့်ကာ

“မေးခွန်းသုံးခုမေးနိုင်တယ်”

မရေမတွက်နိုင်သော
လက်များမြှောက်လိုက်သည်။

အဘိုးကြီးက ဘယ်ဖက်
မလှမ်းမကမ်းရှိလူငယ်လေးကို
စိုက်ကြည့်နေ၏။ အကြောင်းမှာ

ထိုလူငယ်လေးက အတန်းကို
မကြာခဏလာပြီး
ကြိုးစားသင်ယူလေ့ရှိလို့ပါ။

အဘိုးကြီး၏အကြည့်က
သူ့အပေါ်ကျဆင်းလာသောအခါ
လူငယ်လေးက ကပျာကယာ
ထလိုက်သည်။ သူက ဦးညွှတ်ပြီး

“အကြီးအကဲရှင်း၊ ဒီတပည့်က စီနီယာအစ်ကို လုယွန်ရှန်းနဲ့အတူ ဓားနည်းစနစ်ကို အတူတူသင်ယူခဲ့တယ်။ ဒါပေမဲ့ ငါက သူ့ထက်ဘာလို့ အားနည်းနေရတာလဲ…”

အဘိုးကြီးက
လူငယ်ကိုတစ်ချက်ကြည့်လိုက်ပြီး
“မင်းတစ်နေ့ကို
ဘယ်နှစ်ခါလေ့ကျင့်သလဲ…”ဟု
မေးလိုက်သည်။

လူငယ်က
ခဏလောက်စဉ်းစားပြီး“တစ်လ။

တစ်နေ့ကို အကြိမ် ၁၀၀”
ဟုပြန်ဖြေသည်။

အဘိုးကြီးက ပြန်ပြောလိုက်သည်
“တစ်နေ့ကို အကြိမ် ၃၀၀၀
လေ့ကျင့်လိုက်။
ဖေလလောက်ကြာအောင်

ဆက်ကြိုးစားပြီး
ထပ်ကြိုးစားကြည့်ပါ”

သူက အခြားလူတိုင်းကို
တစ်ချက်ကြည့်လိုက်ပြီး
“ဆက်လုပ်ကြ”

အဘိုးကြီးက

အချိန်အတော်ကြာပြီးနောက်

နောက်ထပ်မေးခွန်းတစ်ခုကို

မေးလိုက်သည်။

အကြီးအကဲရှင်းထွက်သွားတော့မ

ည်ဟု ထင်နေသည့်အချိန်တွင်

သူက ယန်ယဲ့ကို စူးစိုက်ကြည့်ကာ

"အဲ့ဒီထိုင်ခုံပိုင်ရှင်က

လုယွန်ရှန်းလို့ခေါ်တဲ့

လူငယ်တစ်ဦးအတွက်

သီးသန့်ထားတာပဲ။ သူ့ဘေးမှာ

ဘယ်သူမှမထိုင်တဲ့အတွက်

နှစ်ခုစလုံးလွတ်နေတာ

အဲ့ဒါမင်းသိလား..."

ယန်ယဲ့က အံ့သြသွားသည်။
အဘိုးကြီးက သူ့ကို ရုတ်တရက်
စကားပြောလာဖို့
မမျှော်လင့်ထားပေ။

သူက “ဒါဆိုဘာဖြစ်လဲ...” ဟု
ပြန်မေးလိုက်သည်။

အကြီးအကဲရှင်းက

“လုယွန်ရှန်းက

အကန့်အသတ်ချိုးဖျက်နယ်ပယ်

မှာရောက်နေပြီ။ မကြာခင်မှာ

အတွင်းစည်းခြံဝန်းရဲ့

တပည့်ဖြစ်လာတော့မယ်။ သူက

အဆင့်၁မှာရှိနေရင်တောင်

အဆင့်၂

ပညာရှင်ကိုအနိုင်ယူနိုင်တယ်”

ယန်ယဲ့က ခဏအကြာတွင်

"အကြီးအကဲ၊

ရှေးဟောင်းဓားဂိုဏ်းက

ထိုင်ခုံသုံးလုံးကို

သူ့အတွက်ပေးခဲ့တာလား..."

အဘိုးကြီးက ခေါင်းခါလိုက်သည်။

ယန်ယဲ့က "တွေ့လား...။ သူနဲ့
တကယ်မသက်ဆိုင်ဘဲနဲ့
ဘာလို့မထိုင်နိုင်ရမှာလဲ...။
ငါတို့က အကျိုးအကြောင်း
ဆီလျော်တဲ့လူတွေဖြစ်သင့်တယ်
မဟုတ်လား..."

“အကြောင်းပြချက်လား…”

အဘိုးကြီးက သူ့မျက်နှာပေါ်တွင်
ရိုးရှင်းသောအပြုံးဖြင့်
“မင်းကလူတွေနဲ့
အကျိုးအကြောင်း
ဆင်ခြင်ရတာကြိုက်သလား…”

ယန်ယဲ့က ခေါင်းညိတ်ပြီး

လေးလေးနက်နက်

ပြောလိုက်သည်။ "အခြားသူတွေနဲ့

ပြောဆိုဆက်ဆံတာရယ်

အကျိုးအကြောင်း

ဆီလျော်တာရယ်က ပဋိပက္ခကို

ဖြေရှင်းဖို့

အကောင်းဆုံးနည်းလမ်းလို့

ငါယုံတယ်"

မူလစေတီထဲရှိ

ဓားစာလိပ်ကတော့

ခေါင်းယမ်းလိုက်သည်။

ယန်ယွဲ့ပြောနေသော

ကျိုးကြောင်းဆင်ခြင်ပုံက

အနည်းငယ်ထူးခြားသည်။

လူအများစုက သတိမထားမိပေ။

Translated by NyiNyiSoe

.အဆုံးမဲ့စားကမ္ဘာ

(ထာဝရနတ်ဘုရားနိုင်ငံတော်)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၈၆၀ -

အတွင်းစည်းတပည့်ဖြစ်ချင်တယ်

ယန်ယဲ့ပြောလိုက်သော စကားကို
ကြားသောအခါ လူအများက
ငြိမ်သွားသည်။

အကြောင်းပြချက်ပေးမှာလား…။
အကြောင်းပြချက်ဟာ
ဤလောက၌ သဘာဝအတိုင်း

တည်ရှိနေသည်။ သို့သော်လည်း

အခြားသူများနှင့်

အကျိုးအကြောင်း

ဆင်ခြင်ခြင်းနှင့် ပတ်သက်၍တော့

ကြိုတင်သတ်မှတ်ချက်ဟာ

ခွန်အားပင်။

အကြောင်းပြချက်ကတော့

အချိန်အများစုမှာ

သန်မာသူများက

အားနည်းသူများကို
အကြောင်းပြချက်
ပေးစရာမလိုလို့ပါ။
လူတစ်ယောက်က
ဝက်တစ်ကောင်ကို သတ်လျှင်
အကြောင်းပြချက်
ပေးစရာမလိုပါ။
အားကြီးသူဖြစ်နေလို့ပင်။
လူသားများက

ထိုသဘောတရားကို
ကွက်ကွက်ကွင်းကွင်း
ပြသခဲ့သည်။

အကြီးအကဲရှင်းက ယန်ယဲ့ကို
အချိန်အကြာကြီး
စိုက်ကြည့်နေသည် “မင်းက
လူအပဲဖြစ်ဖြစ် ထူးထူးခြားခြား

ညာကြီးရှင်ပဲဖြစ်ဖြစ်
ဘာပြောမလဲ”ဟု
ပြောလိုက်သည်။

စကားပြောပြီးသည်နှင့်
ခားပုံကိုစီးနင်းလျက်
ပျောက်ကွယ်သွားသည်။
အကြီးအကဲရှင်းထွက်သွားပြီး

အားလုံးက ယန်ယဲ့ကို
စိုက်ကြည့်နေသည်။ သူတို့က
ယန်ယဲ့၏ကံကြမ္မာကို
ကျေနပ်နေပုံရသည်မှာ
သိသာသော်လည်း
သိချင်စိတ်ဖြစ်နေကြသည်။

မှန်သည်။ အများစုက
ယန်ယဲ့၏ကံကြမ္မာကို
သိချင်နေကြသည်။
တားမြစ်ချက်ကို ချိုးဖျက်သည့်
ပထမဆုံးလူက အခြားသူများထံမှ
ထူးဆန်းသော အကြည့်ကို
ပထမဆုံးရတက်သည်။

ယန်ယဲ့က လူတိုင်းကို
လျစ်လျူရှုပြီး ထွက်သွားသည်။
ယဲ့ချင်းမှုက ခဏတုံ့ဆိုင်းသွားပြီး
ယန်ယဲ့၏နောက်ကနေ
လိုက်လာခဲ့သည်။

သူမက ယန်ယဲ့ကို မေ့ကြည့်ပြီး
"ငါတို့က နိမ့်ကျတဲ့

အဆင့်အတန်းကို
ထိန်းထားသင့်တယ်"

ယန်ယဲ့ကပြုံးပြီး "ငါမလုပ်ဘူးလို့
မင်းထင်လား..."

သူမက ခေါင်းညိတ်ပြီး
"နင့်သဘောအတိုင်းပဲ"

ယန်ယဲ့က ရယ်မောပြီး

“မိန်းကလေးချင်းဝူ၊

ငါမင်းအဆိုကို သဘောမတူဘူး။

ကောင်းပြီ အဲ့ဒါကိုမေ့လိုက်ပါ။

ငါမှာ အခြားလုပ်စရာရှိလို့

နှုတ်ဆက်ပါတယ်”

စကားပြောပြီးနောက်

နေရာမှာပင်ပျောက်ကွယ်သွားသ

ည်။

ယွဲ့ချင်းဝူက နေရာမှာပင်

ရပ်လိုက်သည်။

လေးလေးနက်နက်

စဉ်းစားပြီးနောက်

သူမ၏ခေါင်းကို ငုံ့လိုက်သည်။

သူမ ဘာတွေးနေလဲတော့မသိပေ။

အချိန်အတော်ကြာမှ

သက်ပြင်းချပြီး

ထွက်ခွာသွားသည်။

ယန်ယွဲ့သည် ဂိုဏ်းနောက်ဘက်ရှိ

တောင်တန်းသို့ သွားခဲ့သည်။

၎င်းသည် ဂိုဏ်း၏

နယ်မြေတစ်ခုဖြစ်သည်။

ဤနေရာတွင်

အစွမ်းထက်နတ်ဆိုးများရှိသည်။

သို့သော် ဤနတ်ဆိုးသားရဲများကို

ရှေးဟောင်းဓားဂိုဏ်းက

မွေးမြူထားခြင်း သိုမဟုတ်

လက်အောက်ခံများအဖြစ်

ထိန်းသိမ်းထားခဲ့သည်။

ယန်ယဲ့သည်

အချိန်အတော်ကြာအောင်

ရှာဖွေပြီးနောက်

တိတ်ဆိတ်သောနေရာတစ်ခုရှာ

ကာ

မူလစေတီထဲသို့ဝင်လိုက်သည်။

ကျင့်ကြံခြင်း။

လက်ရှိတွင် သူက ဓားနယ်မြေနဲ့ ဓားပျံနှစ်ခုစလုံးကို အချိန်တိုင်းလေ့ကျင့်ခဲ့သည်။ သူက ဓားနယ်မြေကို အကောင်းဆုံး အသုံးပြုချင်သည်။ သို့သော်

ပို၍တိကျအောင်ပြောရလျှင်
ဓားနယ်မြေ၏စွမ်းအားကို
သူနက်နက်နဲနဲ နားလည်လိုသည်။

ပထမထပ်ကမ္ဘာတွင် ယန်ယဲ့သည်
နေရာတွင် ရပ်နေသည်။
မူလနဂါးနှင့် နွားနတ်ဆိုးက
သူ့ရှေ့တွင် ရှိနေသည်။

ယန်ယဲ့က သူတို့ကိုကြည့်ပြီး
"ငါ့ကိုအတူတူတိုက်ခိုက်ကြ"ဟု
ပြောလိုက်သည်။

မူလနတ်ဆိုးများက
ချီတုံချတုံဖြစ်နေ၏။

သို့သော် ယန်ယဲ့က “မင်းတို့ရဲ့ ခွန်အားကို အပြည့်အဝ အသုံးမချရင် နှင်းပွင့်နဲ့ ဝမ်လေးတို့ ပြန်လာတဲ့အခါ သူတို့နောက်ကွယ်မှာ ကျိန်ဆဲနေတာကို ငါပြောလိုက်မယ်။ သူတို့ ငါပြောတာကို ယုံတယ်ဆိုတာ မင်းတို့သိတယ်မလား...”

နွားနတ်ဆိုးက ထပ်ပြီး
တုံ့ဆိုင်းမနေဘဲ သူ၏ပုဆိန်ကို
မြှောက်ပြီး ယန်ယဲ့ကို
ခုတ်ချလိုက်သည်။
ဤအချိန်မှာသူက ယန်ယဲ့ကို
ခုတ်သတ်ချင်စိတ်အပြည့်ဖြစ်နေပုံ
ပါ။

မူလနဂါးကလည်း ခုန်ထလာပြီး
ယန်ယဲ့ကို
ပြေးဆောင့်လိုက်သည်။
ယန်ယဲ့က
မူလနတ်ဆိုးနှစ်ကောင်ကို
စိုက်ကြည့်နေသည်။
ဤအခိုက်အတန့်တွင် သူက

အာကာသသဘောတရားများကို

အသုံးချကာ

မူလနတ်ဆိုးနှစ်ကောင်အားနည်းချ

က်များကိုကြည့်လိုက်သည်။

အထူးသဖြင့် နွားနတ်ဆိုးက

ချို့ယွင်းချက် အများအပြားဖြင့်

ပြည့်နှက်နေသည်။ အကယ်၍

ငှင်းက

သေခြင်းရှင်ခြင်းတိုက်ပွဲဆိုပါက

နွားနတ်ဆိုး၏ပုဆိန်

ခုတ်ချမလာခင်မှာပဲ

ခေါင်းပြတ်သွားနိုင်သည်။

မူလနဂါးကတော့ အလိုလိုနေရင်း

အစွမ်းထက်သော်လည်း

အာကာသကို သုံးမှ ရှေ့ကို
ခုန်ထွက်နိုင်သည်။ ထိုပြင်
၎င်း၏အားနည်းချက်က
နဂါးကြေးခွံဖြစ်သည်။
မူလနဂါးတိုက်ခိုက်လိုက်သည်နှင့်
ယန်ယဲ့က
ထိုပြောင်းပြန်နဂါးအကြေးခွံကို
ထုနှက်ရန် နည်းလမ်း၃ခု
စဉ်းစားခဲ့ပြီးဖြစ်သည်။ သို့သော်

ယန်ယဲ့က မတိုက်ခိုက်ခဲ့ပေ။

အားလုံးကို

ခွဲခြမ်းစိတ်ဖြာပြီးလေရာ

အလွယ်တကူချေမှုန်းနိုင်မည်ကို

သိလိုက်သည်။

ဤအခိုက်အတန့်တွင်

သူတို့၏အရှိန်သူ့စိတ်ထဲတွင်

နေ့အကြွေးလာသည်။ အမှန်တော့

ငှင်းက တိုက်ပွဲတွင်

သူ့စားနယ်မြေက သူ၏ဗီဇကို

တိုးတက်အောင်

ကူညီပေးခဲ့တာဖြစ်သည်။

အချိန်များ တရွေ့ရွေ့

ကုန်ဆုံးသွားခဲ့သည်။

သိပ်မကြာလိုက်ပေ။ ယန်ယဲ့က
တိုက်ခိုက်လိုက်သည်။ ဓားပျံများ
တလျှပ်လျှပ် ဖြစ်သွားသည်။
ဓားနယ်မြေထဲမှ ဓားပျံများ
ပျံသန်းလာသည်။ အမှန်တော့
ဓားပျံက ဓားနယ်မြေထဲမှာ
ပျံသန်းနေတာမဟုတ်ပေ။
ဓားနယ်မြေထဲရှိ အာကာသကို
ဖြတ်သန်းသွားတာဖြစ်သည်။

သူ့ကြောင့် အာကာသနှင့်
တစ်သာတည်း
ပေါင်းသည်သွားသည်ဟု
ဆိုနိုင်သည်။

ဓားနယ်မြေထဲမျ
သုံးဘက်မြင်အာကာသက
သူ၏ထိန်းချုပ်မှုထဲ၌

လုံးဝရှိနေပါသည်။ နွားနတ်ဆိုးနှင့်
မူလနဂါးတို့
အသီးသီးပြန်လည်းတိုက်ခိုက်နိုင်
စွမ်းမရှိတော့ပေ။

မူလနတ်ဆိုးနှစ်ကောင်အတွက်
ဆိုးရွားသောတိုက်ပွဲပင်။
အကြောင်းမှာ အဆက်မပြတ်

နောက်ပြန်ဆုတ်နေရပြီး
ယန်ယဲ့၏အဝတ်အစားများကိုပင်
မထိနိုင်ပါ။ ထိုကြောင့် သူတို့က
တစ်စုံတစ်ခုကို သတိပြုမိပုံရပြီး
ယန်ယဲ့ကို
တိုက်ခိုက်ခြင်းမပြုတော့ဘဲ
ဓားနယ်မြေဆီသို့
အာရုံရောက်သွားခဲ့သည်။

စားနယ်မြေလား ။
ဒီလူယုတ်မာက အဲ့ဒါကို
သုံးထားတာပဲ ။

နွားနတ်ဆိုးနှင့် မူလနဂါးက ၎င်းကို
ပြင်းထန်စွာ
တိုက်ခိုက်လိုက်သည်။ ဒီအချိန်မှာ

ယန်ယဲ့၏မျက်နှာက

ဖြူဖျော့သွားသည်။ သူထပ်ပြီး

မတိုက်ခိုက်တော့ဘဲ

ဓားနယ်မြေကို ပြန်ပြီး

ရုတ်သိမ်းလိုက်သည်။

ထိုနောက်

မူလနတ်ဆိုးနှစ်ကောင်ကိုကြည့်

ကာ ခါးသက်သက်

ရယ်မောလိုက်သည်။

ဓားနယ်မြေပျောက်ကွယ်သွားသ

ည်နှင့် သူ၏စိတ်အာရုံအသိ

ဖြန့်ထုတ်ထားခြင်းကလည်း

အလိုလို

ပျောက်ကွယ်သွားပါတော့သည်။

အကြောင်းကတော့ အာကာသကို

တစ်သားတည်း

မသုံးနိုင်တော့လို့ပါ။

ခဏအကြာတွင် ယန်ယဲ့က

နွားနတ်ဆိုးနှင့်

မူလနဂါးကိုတစ်ချက်ကြည့်ပြီး

ထွက်သွားသည်။

ယန်ယဲ့ ထွက်သွားမှသာ

နွားနတ်ဆိုးနှင့် မူလနဂါးတို့က

သက်ပြင်းချလိုက်သည်။ သူတို့က ယန်ယဲ့ကို အမှန်တကယ်ကြောက်နေတာပါ။ ယန်ယဲ့က သူတို့အတွက် ကြောက်စရာကောင်းသော ခြိမ်းခြောက်မှုပင်။

လူသားအားလုံးက ဤမျှလောက်

အရှက်ကင်းမဲ့နိုင်ပါ့မလားဟုတွေး

ပြီး အံ့သြမိခဲ့သည်။

ကောင်းကင်ဓားစင်မြင့် အထက်၌

ယန်ယဲ့သည်

ဓားစာလိပ်ရှေ့တွင်ရပ်နေသည်။

ဓားစာလိပ်က ရုတ်တရက် “နင်က ပင်မတာပည့်ဖြစ်ရမယ်”

ယန်ယဲ့က အံ့သြသွားပြီး “ဘာဖြစ်လို့လဲ…”

ဓားစာလိပ်က “ပင်မတာပည့်တွေပဲ ရှေးဟောင်းဓားဂိုဏ်းရဲ့

ရှေးဟောင်းဓားလိုက်ဂူရဲ့
လျှို့ဝှက်နယ်မြေကို
သွားနိုင်တယ်။
ရှေးဟောင်းဓားဂိုဏ်းရဲ့
တည်ထောင်သူ ကျဆုံးခဲ့တဲ့နေရာ။
အဲ့ဒါက ဂိုဏ်းရဲ့
လျှို့ဝှက်ဆန်းကြယ်ဆုံးနေရာတစ်
ခုလည်းဖြစ်တယ်။ ငါ့ရဲ့
ပင်မကိုယ်ထည်ပါရှိတယ်။

အဆင့်မြင့် ပညာရှင်တွေက
စောင့်ကြပ်နေတာဖြစ်လို့
နင်ကပေါ်တင်ဝင်ရမှာ။ အဲ့ဒါက
ငါ့ရဲ့
ပင်မကိုယ်ထည်အပိုင်းအစတွေကို
ရဖို့ တစ်ခုတည်းသော
နည်းလမ်းပဲ”

“ပင်မတပည့်လား…”

ယန်ယဲ့က ခေါင်းကိုက်သွားသည်

“ဒါက အရမ်းဒုက္ခများနိုင်တယ်။ ဒီမှာက အချိန်အကြာကြီး မဖြုန်းချင်ဘူး။ မင်းမှာ အခြားအကြံအစည်ရှိလား…”

"အားသုံးပြီး
အတင်းအကျပ်လုပ်မလား
စမ်းကြည့်မလား..."

"ဒါ...ဒါက..." ယန်ယဲ့က ရှက်ရွံ့စွာ
ရယ်မောလိုက်သည်။ သူက
အမဲလိုက်မခံချင်တာကြောင့်
ထို့ကြံ့အစည်ဟာ

မဖြစ်နိုင်မှန်းသိသာပါသည်။
ထို့အပြင် သူက
မအောင်မြင်နိုင်ပေ။

ဓားစာလိပ်က “နင့်ရဲ့
ပင်ကိုယ်စွမ်းရည်နဲ့ ခွန်အားကို
အခြေခံပြီးတော့ အောင်မြင်ဖို့
သိပ်ပြီး ကြာမှမဟုတ်ဘူး။

ဒါ့အပြင် ငါ့ပင်မခန္ဓာကိုယ်ကို

ပြန်ရတာနဲ့ ဒါကို နင့်ရဲ့

ဓားနယ်မြေနဲ့

ပေါင်းစပ်ထားမယ်ဆိုရင် နင်က

အဆင့်၅ ပညာရှင်ကိုတောင်

ချက်ချင်းသတ်ပစ်နိုင်တယ်။

အရှင်သခင်တွေတောင်မှ

အလွယ်တကူ

အသတ်ခံရနိုင်တယ်”

ယန်ယဲ့က
ခါးသက်သက်ရယ်မောလိုက်သည်
“ဒီလောက်သန်မာတယ်လား…”

ဓားစာလိပ်က
“မရဏနတ်ဆိုးအတောင်ပံတွေနဲ့
တရားစီရင်ရေးဓားရဲ့

ဝိညာဉ်တွေက ပြင်းထန်တဲ့
ထိခိုက်မှုတွေရှိလို့
သတိလစ်သွားတာ
အိပ်စက်သွားတာ။ ဒါပေမဲ့
ငါကမတူဘူး။ ငါ့ရဲ့စိတ်ဝိညာဉ်က
ပြီးပြည့်စုံတယ်။ ဒါကြောင့်
ပင်မခန္ဓာကိုယ်ကို ပြန်ရတာနဲ့
ဒါက ပကတိဝိညာဉ်အတိုင်းရှိနေတဲ့
အထွတ်အမြတ်နတ်ဘုရားရတနာ

ကို ပိုင်ဆိုင်လိမ့်မယ်။ ဒါက
လုံးဝကို ကွဲပြားတဲ့အရာပါ”

ယန်ယဲ့က ငြိမ်သက်သွားသည်။
ဓားစာလိပ်၏ဆိုလိုရင်းကို
သူသဘာဝကျကျနားလည်သည်။
တရားစီရင်ရေးဓားက
ယခုအချိန်မှာ ၎င်း၏ခွန်အားကို

အပြည့်အဝ မထုတ်ဖော်နိုင်ပေ။ ၎င်း၏စိတ်ဝိညာဉ်က သူ့ကို အသိအမှတ်မပြုသည့်အပြင် တစ်ဖက်မှာလည်း ကူညီရန် မကြိုးစားပေ။ တစ်ဖက်မှာ ဓားစာလိပ်ကတော့ မတူပါ။ သူ့ကိုဆက်ပြီး ကူညီနိုင်သည်။

ခါးကျင့်ကြံသူအဖြစ်

သူ၏ကိုယ်ပိုင်စွမ်းရည်နဲ့

ပေါင်းစပ်ထားသော

နတ်ဘုရားရတနာတစ်ပါးက

ထူးထူးခြားခြား ခွန်အားကို

ထုတ်ဖော်နိုင်ပါလိမ့်မည်။

ခဏအကြာတွင် ယန်ယဲ့က

ခေါ်လိုက်သည် “ဓားစာလိပ်

မင်းအတွက်

အဲ့ဒီအပိုင်းအစတွေကို

ငါပြန်မယူပေးမှာ

ကိုကြောက်နေတယ်။

ဟုတ်တယ်မလား…”

သူမက ယန်ယွဲ့ကို မော့ကြည့်ကာ တိတ်ဆိတ်နေသည်။

ယန်ယွဲ့က "မင်းနဲ့အတူ ငါရောက်လာတာက အထွတ်အမြတ်အဆင့်နတ်ဘုရားရတနာတစ်ပါးအတွက်လာတာမဟုတ်ဘူး။ ဟုတ်တယ် ငါက

တစ်ခါတစ်ရံမှာ

အကျိုးအမြတ်တွေပဲရှာနေပေမဲ့

အဲ့ဒီလူပေါ်မှာမူတည်တယ်။

မင်းငါ့ကိုပေးခဲ့တဲ့

အကူအညီအားလုံးအတွင် မင်းရဲ့

ပင်မခန္ဓာကိုယ် ပြန်ယူလို့ဖို့

ရောက်လာတာ။

မင်းပြန်ကောင်းလာတဲ့

နောက်ကျရင် ဘာလုပ်မလဲ

ငါမင်းကိုဆက်ပြီးနေခိုင်းမှာမဟု
တ်ဘူး။ ငါယန်ယဲ့က
လှည့်ကွက်တွေမကစားဘူး။
မင်းကိုတမင်ဆွဲထားမှာမဟုတ်ဘူး
။ ဒါက ငါပြောချင်တာပဲ”

စကားပြောပြီးတာနဲ့
မူလစေတီထဲက ထွက်လာသည်။

ဓားစာလိပ်သာ

ကောင်းကင်ဓားစင်မြင့် အထက်၌

တိတ်တဆိတ် ကျန်နေခဲ့သည်။

မူလစေတီအပြင်ဘက်။

ယန်ယဲ့သည်

ရှေးဟောင်းဓားဂိုဏ်းသို့

ပြန်ရောက်လာခဲ့သည်။
အပြင်စည်းတပည့်တိုင်းက
ကိုယ်ပိုင်အိမ်ရှိ၏။
လောလောဆယ်မှာတော့ သူက
ပင်မတပည့်ဖြစ်လာရန်
နည်းလမ်းရှာရဦးပေမည်။

အရင်ဦးဆုံး

အတွင်းစည်းတပည့်ဖြစ်ရပါမည်။

သို့သော် မြန်လွန်းရင်လည်း

သံသယအဝင်ခံရနိုင်၏။

ပြဿနာတက်နိုင်ချေပိုများသဖြင့်

တစ်ကြိမ်မှာ တစ်လှမ်းစီသာ

လှမ်းနိုင်ပါလိမ့်မည်။ သူက

တမင်တကာ

အလည်အပါတ်ရောက်လာခြင်းမ
ဟုတ်ပေ။ လုယက်ဖို့
ရောက်လာတာပါ။ မဟုတ်ပေ၊
ဓားစာလိပ်၏
မူလခန္ဓာကိုယ်အပိုင်းအစများကို
ပြန်ယူဖို့ပင်။ ဓားစာလိပ်ပိုင်တာ
ဖြစ်သဖြင့်
သူခိုးယူတာမဟုတ်ပေ။ သူက
ပိုင်ရှင်ထံပြန်ပေးလိုသည်။

“အတွင်းစည်းတပည့်”

ယန်ယွဲ့သည် သူ့အခန်းထဲကနေ ထွက်လာပြီး ယွဲ့ချင်းဝူ ဆီသို့သွားသည်။

သူမက ယန်ယဲ့ကို စိုက်ကြည့်ပြီး “နင်

အတွင်းစည်းတပည့်ဖြစ်ချင်လို့

လား...”

ယန်ယဲ့က “မရဘူးလား...”

သူမက ယန်ယဲ့ကို စိုက်ကြည့်ပြီး

“နင်အတွင်းစည်းစာမေးပွဲကို

အောင်ရမယ်။

အကန့်အသတ်ချိုးဖျက်နယ်ပယ်

တွေပဲ

အဲ့ဒါကိုကျော်ဖြတ်နိုင်တယ်။

ဒါပေမဲ့ နင်က ”

ယန်ယဲ့က

ဟင်းလင်းပြင်နတ်ဘုရားအဆင့်

မှာသာရှိခဲ့သည်။

ယန်ယဲ့က "ဘာစမ်းသပ်တာလဲ..."

ယှဲချင်းမှု ပြန်ပြောခါနီးတွင် ဘေးနားမှ ရယ်မောသံ ရုတ်တရက် ထွက်ပေါ်လာသည်။

"ဂူအာ၊ ဒီ ဂျူနီယာညီငယ်က အတွင်းစည်းတပည့်ဖြစ်ချင်နေတယ်။ အခုမှ

အပြင်စည်းတပည့်ဖြစ်လာတာဘ
ယ်လောက်ကြာသေးလို့လဲ…”

“ဟား…ဟား… ထူးထူးခြားခြားပဲ”

နှစ်ယောက်စလုံး
လှည့်ကြည့်လိုက်ရာ
ဓားတစ်ချောင်းကိုင်ထားသော

လူငယ်တစ်ယောက်ကိုတွေ့လိုက်ရသည်။ လူငယ်က ခပ်ပွပွဝတ်စုံကို ဝတ်ဆင်ထားပြီး နောက်ကျောတွင် ဓားသေတ္တာကို သိုင်းလွယ်ထား၏။

ယန်ယဲ့က လူငယ်ကို စိုက်ကြည့်ကာ “မရဘူးလား…”

ထိုလူက  အနည်းငယ်
ထိတ်လန့်သွားပုံရပြီး
"ဟုတ်တယ်။ ဒါပေမဲ့
ငါ့အတွက်တော့
ရယ်စရာကောင်းနေသလိုပဲ။
ပွင့်ပွင့်လင်းလင်း ပြောရရင်
တစ်ခါတုန်းက သစ်ပင်တစ်ပင်ကို

ရွှေချင်တဲ့ ပုရွက်ဆိတ်
တစ်ကောင်ရှိတယ်။ ငါ့ကိုပြောပါ
ဒါရယ်စရာမဟုတ်ဘူးလား…မင်း…
”

ယန်ယဲ့က
နေရာမှာတင်ပျောက်ကွယ်သွားပြီး
ရောက်လာသူတိုင်း

ထိတ်လန့်သွားသည်။
တစ်ချိန်တည်းမှာပဲ ယန်ယဲ့က
ထိုလူ၏လည်ပင်းကို
ဖမ်းဆုပ်လိုက်သည်။

သူက လူငယ်ကို ငုံ့ကြည့်ပြီး
မျက်လုံးချင်း
တည့်တည့်ကြည့်ကာ

“မင်းဆက်ပြောစမ်း။
ငါ့အတွက်ရယ်စရာလား ဟမ့်။
မင်းဘာလို့မရယ်သေးတာလဲ...
အခုချက်ချင်းရယ်လိုက်စမ်း”

“ဟား...ဟား...”

Translated by NyiNyiSoe

.အဆုံးမဲ့ဓားကမ္ဘာ

(ထာဝရနတ်ဘုရားနိုင်ငံတော်)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၈၆၁ -

အတွင်းစည်းတောင်ထိပ်

ဤနေရာရှိလူတိုင်း

အံ့သြသွားကြသည်။

ထိုလှုငယ်၏နောက်တွင်
ရပ်နေသော
အခြားအပြင်စည်းတပည့်သည်လ
ည်း အံ့အားသင့်ကာ
ငေးကြောင်နေခဲ့သည်။

အတုန့်လုပ်ဆုံးသူကတော့
ယွဲ့ချင်းဝူ ပင်ဖြစ်သည်။
ယန်ယွဲ့ဖမ်းဆုပ်ထားသည့်လူငယ်
လေးဟာ မူလကမ္ဘာအဆင့်
ကျင့်ကြံသူမဟုတ်ပါလား။

မူလကမ္ဘာအဆင့် တစ်ယောက်က
ဟင်းလင်းပြင်နတ်ဘုရားအဆင့်

တစ်ယောက်ကိုတောင်
ပြန်မတိုက်ခိုက်နိုင်ခဲ့ဘူးလား...

ယန်ယွဲ့က
သူ့လက်ကိုအနည်းငယ်အားပိုထ
ည့်ပြီး လူငယ်အား စိုက်ကြည့်ကာ
"ဘာလို့ မရယ်တော့တာလဲ"

လူငယ်လေး၏မျက်နှာက
ထိတ်လန့်မှုအထင်းသားပင်။
"ဒီအချိန်မှာ သူက
ဘယ်လိုလုပ်ပြီးရယ်နိုင်တော့မလဲ.
.." သေဘေးကို
တွေးမိသည့်အလား
လူငယ်လေး၏မျက်နှာက
ကြောက်ရွံ့မှုကြောင့်
ဖြူဖျော့သွားသည်။

"ယဲ့ယန်..." ဤအတောအတွင်း အပြင်စည်းတပည့်က ဒေါသတကြီးအော်ငေါက်သည် "ဒါက စီနီယာအစ်ကိုကြီး ရှုဖန်းပဲ။ မင်း..."

သို့သော် သူ့စကားပင်မဆုံးသေး၊

ယန်ယဲ့ဟာ

သူ့လက်ထဲမှလူငယ်လေးကိုမြေ

ကြီးပေါ်ကိုင်ပေါက်လိုက်သည်။

ဘမ်း...

မြေပြင်ဟာ အက်ကွဲသွားပြီး
သွေးများဖြန်းခနဲထသွားလေသည်
။

ထို့နောက် ယန်ယဲ့က
လက်ခုပ်လက်ဝါးတီးကာ
ခုနလေးတင်
အော်ပြောလိုက်သည့်

အပြင်စည်းတပည့်ကို
လှမ်းကြည့်ပြီး "မင်း
ဘာပြောလိုက်တာလဲ။
ငါမင်းပြောတာကို သေသေချာချာ
မကြားလိုက်ဘူး။
မင်းဘာလို့ထပ်မပြောတာလဲ"

ထိုတပည့်၏မျက်နှာက

အတော်လေးကို

ဆိုးရွားလှသည်။ သူ့ကိုယ်သူ

သတ္တိမွေးပြီး

ပြန်ပြောခါနီးတွင်တော့

ရှုဖန်း၏အဖြစ်ကိုမြင်ကာ

ချက်ချင်းပါးစပ်ပိတ်ထားလိုက်သ

ည်။

ယန်ယဲ့ က သူ့အကြည့်ကို
ဆုတ်လိုက်သည်။ ဤအချိန်တွင်
ရှူဖန်းက
မတ်တတ်ထရပ်လာသည်။
ထို့နောက်
ဓားဆွဲထုတ်ပြီးယန်ယဲ့ကို
ပိုင်းချလိုက်သည်။

သို့သော် ပေါက်ကွဲသံတစ်ချက်
ထွက်ပေါ်လာပြီး ရှူဖန်း ဟာ ၁
ကီလိုမီတာအကွာထိ
လွင့်ထွက်သွားခဲ့သည်။

ထို့အပြင် သူ၏ခန္ဓာကိုယ်ဟာ
မြေပြင်ကွဲအက်သွားသကဲ့သို့

အဆက်မပြတ်အက်လာသည်။
တစ်ကိုယ်လုံး
ပေါက်ကွဲထွက်လုနီးပါးပင်။

ယန်ယဲ့
ဘယ်လိုတိုက်ခိုက်လိုက်မှန်းတော့
မသိခဲ့ပေ။ သို့သော်လည်း
တိုက်ခိုက်မှုဟာ

လုံးဝကိုကြောက်စရာကောင်းလှ
၏။

ဘုန်း...

ရှုဖန်း က မြေပြင်ထက်ကို
ပြုတ်ကျလာသည်။

ဤအခိုက်အတန့်တွင်
သူ့စိတ်ထဲမှာ အကြီးအကျယ်ကို
တုန်လှုပ်ခြောက်ခြားသွားလေပြီ။

ဤအချိန်တွင် ယန်ယဲ့ က ရှုဖန်း
ဆီကို လျှောက်သွားနေသည်။
ပတ်ဝန်းကျင်ရှိ လူတိုင်းကတော့

ယန်ယဲ့ကို ကြောက်လန့်တကြား စိုက်ကြည့်နေခဲ့၏။

ယန်ယဲ့ က လစ်လျူရှုထားပြီး ရှုဖန်းကိုစိုက်ကြည့်ကာ "မင်းကိုဘယ်သူခိုင်းတာလဲ"

ရှုဖန်းက ယန်ယဲ့ကိုမော့ကြည့်ကာ နှုတ်ဆိတ်နေ၏။

ယန်ယဲ့ က
မကောင်းဆိုးဝါးဆန်ဆန် ပြုံးပြီး
"ငါ သုံးအထိ ရေတွက်မယ်။
မင်းငါ့ကိုမဖြေသေးရင် မင်းကို
တစ်စစီလှီးဖြတ်ပေးမယ်"

"ယှဲယန်..."

အခြားအပြင်စည်းတပည့်က

"အဲဒါက

ဂိုဏ်းရဲ့စည်းမျဉ်းစည်းကမ်းတွေ

ကို ဆန့်ကျင်လိုက်တာပဲ" ဟူ၍

ဆတ်ခနဲပြောလိုက်သည်။

တစ်ဖန် ယွဲ့ချင်းဝူ ကလည်း
တိုးတိုးလေးပြောခဲ့သည်
"အစ်ကိုယွဲ့၊ ဂိုကျန်းက သူ့ကို
အပြစ်ပေးလိမ့်မယ်။ နင်
ဒီကိစ္စကိုအရမ်းကြီးအလေးအန
က်ထားမနေနဲ့။
သူ့ကိုသတ်လိုက်ရင် နင့်ကို
ဂိုကျန်းကနေ
ထုတ်ပယ်ခံရနိုင်တယ်"

ထုတ်ပယ်ခံရမှာလား

ယန်ယဲ့က ရှုဖန်း
ကိုစိုက်ကြည့်ရင်း ပြုံးလိုက်ပြီး
"ဒါက

မင်းအားကိုးနေတဲ့အရာလား။

ကောင်းတယ်၊ သိပ်ကောင်းတယ်။

ဒါဆို
မင်းရဲ့ခန္ဓာကိုယ်အစိတ်အပိုင်းတွေ
ကို လှီးဖြတ်ဖို့ ငါသတ္တိရှိမရှိ
စမ်းကြည့်ရအောင်"

စကားပြောပြီးနောက် ယန်ယဲ့က
လက်သုံးချောင်းကို
မြှောက်လိုက်သည်။

ရှူဖန်း က အတော်လေး

ခံနိုင်ရည်ရှိပုံပါ။

ယန်ယဲ့က နှစ်အထိ

ရေတွက်ပြီးသည့်တိုင်

နှုတ်ဆိတ်နေခဲ့လေသည်။

ယန့်ယဲ့ က ခေါင်းယမ်းကာ ပြုံးလိုက်သည်။ ထို့နောက် ခြေတစ်ဖက်မြှောက်ကာ ရှူဖန်း၏ပိုက်ကို ကန်ထုတ်လိုက်သည်။

ဘုန်း...

ရှုဖန်း၏ခန္ဓာကိုယ်က
တစ်စစီပေါက်ကွဲသွားသည်။

သွားပြီ။

ငါ့ခန္ဓာကိုယ်ပျောက်သွားပြီ။

ရှူဖန်း အပါအဝင် အားလုံး အံ့ဩသွားကြသည်။ အထူးသဖြင့် ရှူဖန်း ပါ။ သူ့မျက်နှာက စိတ်ပျက်လက်ပျက်အမူအရာဖြင့် ဖုံးလွှမ်းသွားသည်။

ယန်ယဲ့ က

အခြားအပြင်စည်းတပည့်ကို

စိုက်ကြည့်ကာ "သူငါ့ကို
ပြဿနာရှာဖို့ ဘာလို့လာခဲ့တာလဲ
မင်း သိသင့်တယ်မဟုတ်လား"

ထိုအပြင်အစည်းတပည့်က
ယန်ယဲ့ကို

တစ်ချက်ကြည့်ကာ တုံ့ဆိုင်းနေပြီး “စီနီယာအစ်ကို လုယွန်ရှန်း...” ဟုဆိုသည်။

ယန်ယဲ့ က "ဒါကို သူ့အမိန့်ပေးလိုက်တာလား"

အပြင်စည်းတပည့်က

ခေါင်းယမ်းလိုက်ပြီး

"စီနီယာအစ်ကိုရှုဖန်း က

မင်းထိုင်နေတာကိုမြင်လိုက်တာ။

ဒါ့ကြောင့် သူရောက်လာတာပဲ။

ပြီးတော့ သူက

မင်းအဲဒီမှာထိုင်ခွင့်မရှိဘူးလို့

ခံစားမိတဲ့အတွက်

စီနီယာအစ်ကိုလုယွန်ရှန်း

ကိုယ်စား မင်းကို

သင်ခန်းစာတစ်ခုသင်ပေးချင်နေ

တာ"

ယန်ယဲ့ က ခေါင်းယမ်းကာ

ရယ်မောလိုက်သည်။ သူက

အခုလေးတင်

မူလဝိညာဉ်သာကျန်ရှိတော့သည့်

ရှူဖန်းကို စိုက်ကြည့်နေသည် "မင်း သူ့ရှေ့မှာ မျက်နှာသာရအောင် လိုက်လုပ်နေတာလား"

ရှူဖန်းက မျက်လုံးထဲ မကျေမနပ်ဖြင့် ယန်ယဲ့ကို ပြန်စိုက်ကြည့်နေသည်။

"လက်စားချေချင်တာလား"
ယန်ယဲ့က ထူးဆန်းစွာ ပြုံးပြီး
ရှူဖန်း ဆီသို့ ဖြည်းညှင်းစွာ
လျှောက်လာခဲ့သည်။

ဤမြင်ကွင်းကြောင့် လူတိုင်း
ထိတ်လန့်သွား၏။ သူတို့ရှေ့ရှိ
လူငယ်က ရှူဖန်း

ကိုသတ်ပစ်ရန်ကြံစည်နေသည်

လား။

ယန်ယဲ့ရှေ့မှာ

သက်လတ်ပိုင်းအမျိုးသား

တစ်ယောက်

ရုတ်တရက်ပေါ်လာ၏။

အပြင်စည်းတပည့်များအားလုံး
သက်လတ်ပိုင်းအမျိုးသားကို
မြင်သောအခါ ရိုသေစွာ
ဦးညွတ်ကာ
“အကြီးအကဲကုန်းမင်.." ဟူ၍
နှုတ်ဆက်ကြသည်။

အကြီးအကဲကုန်းမင်...

အပြင်စည်းခြံဝန်း၏
အကြီးအကဲချုပ်သဖွယ်ဖြစ်သည်။
သူ့တာဝန်က
အာပြင်စည်းတပည့်များကို
စီမံခန့်ခွဲရသည်။

ကုန်းမင် က ယန်ယဲ့ကို
အချိန်အကြာကြီး စိုက်ကြည့်ကာ
"ဒါက သူ့ကို ပြင်းပြင်းထန်ထန်
ဒဏ်ရာရအောင်လုပ်ဖို့
လိုအပ်လို့လား"

ယန်ယဲ့ က "ငါမဟုတ်ဘူး၊
သူ့ဒုက္ခသူရှာတာပဲ"

ကုန်းမင် က

အေးစက်စွာပြောလိုက်သည်

"ဒါဆို မင်းသူ့ခန္ဓာကိုယ်ကို

ဖျက်ဆီးပြီး သတ်ချင်နေတာလား"

ယန်ယဲ့ က

"မင်းသူ့မျက်လုံးကိုမြင်လား။

သေချာပေါက် ကလဲ့စားချေဖို့

အခွင့်အရေး

ရှာလိမ့်မယ်။ အခု မသတ်ရင်

နောက်တစ်ကြိမ်မှာ

ငါ့နောက်ကျောကို

ဓားနဲ့ထိုးလိမ့်မယ်။

မင်းလည်းအဲ့လိုမထင်ဘူးလား"

ကုန်းမင်း က ယန်ယဲ့ကို

အေးတိအေးစက် စိုက်ကြည့်ရင်း

"မင်းတို့အားလုံးက ဂိုဏ်းထဲ

ရောက်နေပေမယ့် အဲဒါကို

မင်းဘာမှ ထည့်မစဉ်းစားဘူး။

မင်းဟာ

ငါ့ရဲ့အပြင်စည်းခြံဝန်းမှာရှိနေဖို့

မသင့်တော်ဘူး။ ငါဆိုလိုတာကို

မင်းနားလည်လား"

ထိုစကားကိုကြားလိုက်တာနဲ့

ခပ်လှမ်းလှမ်းမှာရပ်နေသည့်

ယွဲ့ချင်းဝူဟာမျက်နှာပျက်သွားသ

ည်။ အကြီးအကဲကုန်းမင် က

ယန်ယဲ့ကို

ဂိုဏ်းကနေထုတ်ပယ်ဖို့စီစဉ်နေ

တာမဟုတ်ပေလား။

အခြားအပြင်စည်းတပည့်များ

ကတော့

သက်သာရာရသွားကြသည်။

ယန်ယဲ့လိုမျိုး

အပြင်စည်းတပည့်တစ်ယောက်

ကို ထုတ်ပယ်တာက

အကောင်းဆုံးပဲလို့
ခံစားမိကြသည်။

ယန်ယဲ့ ကလည်း
တဟားဟားရယ်မောလိုက်ပြီး
“ကောင်းပြီ၊ ငါ ဒီမှာနေဖို့
မသင့်တော်ဘူးဆိုတော့
အတွင်းစည်းခြံဝန်းကို

သွားလိုက်မယ်။ ဒါဆို

အဆင်ပြေရဲ့လား ”

ကုန်းမင်း၏ မျက်လုံးများ

အနည်းငယ် မှိတ်သွားပြီး

"မင်းကိုယ်မင်း အရမ်း

သန်မာတယ်လို့ ထင်လား"

ယန်ယဲ့ က ခေါင်းခါလိုက်ပြီး "အကြီးအကဲကုန်းမင်၊ ငါဒီမှာ ပြဿနာမရှာခဲ့ဘူးလေ။ ပြဿနာလာရှာတာက အဲဒီအမှိုက်ကောင်ပဲဆိုတာ မင်းသဘောပေါက်ရမယ်။ ငါက ကိုယ့်ကိုကိုယ် ကာကွယ်နေခဲ့တာပါ။ အဲဒါ မမှားဘူး မဟုတ်လား"

အကြီးအကဲကုန်းမင် က

အေးစက်စွာ ရယ်မောလိုက်ပြီး

"သောက်ကျိုးနည်းဖြေရှင်းချက်

ကြီးပါလား။ မင်း သူ့ခန္ဓာကိုယ်ကို

ဖျက်ဆီးပြီးပြီ။ သူ့ကို

သတ်ပစ်ချင်နေသေးတယ်။ မင်းရဲ့

လုပ်ရပ်က မမှားဘူးလို့

ပြောနေတာလား။ မင်းက

အံ့သြစရာပဲ။ ကောင်းပြီ၊ ငါက

အပြင်စည်း

အကြီးအကဲတစ်ဦးအနေနဲ့ ယဲ့ယန်

ဟာ

ရှေးဟောင်းဓားဂိုဏ်းရဲ့တပည့်မ

ဟုတ်တော့ဘူးဆိုတာ

အခုကြေငြာလိုက်တယ်။

အခုကစလို့ တစ်နာရီအတွင်း ဒီမှာရှိနေသေးရင် ငါမင်းကို သတ်ပစ်မယ်"

ယန်ယဲ့ က ပခုံးတွန့်ပြီး ယွဲ့ချင်းဝူ ကို စိုက်ကြည့်ရင်း "အတွင်းစည်းခြံဝန်းရဲ့ စမ်းသပ်မှုက ဘယ်မှာလဲ"

ယွဲ့ချင်းဝူ က ခဏတာ

တုံ့ဆိုင်းသွား၏။ ထို့နောက်မှသာ

“အတွင်းစည်းတောင်ထိပ်ကိုသွား

လိုက်” ဟု ပြန်ဖြေသည်။

စကားပြောနေရင်း အဝေးကို

ညွှန်ပြသည်။

ယန်ယဲ့ က ခေါင်းညိတ်လိုက်ပြီး
"ကျေးဇူးတင်ပါတယ်"

ထို့နောက် ယန်ယဲ့က
အတွင်းစည်းတောင်ထိပ်ကို
ဦးတည်လိုက်သည်။

ဤမြင်ကွင်းအား မြင်သော်
အခြားသောအပြင်စည်းတပည့်
များဟာ အံ့သြသွားသည်။

သူက တော်တော်ရဲတင်းလိုက်တာ
။

အပြင်စည်းခြံဝန်းရဲ့
အကြီးအကဲကိုတောင်
မကြောက်ဘူးလား။

ကုန်းမင်း၏မျက်နှာက
အတော်လေးပင်ကြည့်ရဆိုးနေသ
ည်။
အဝေးရှိယန်ယဲ့ကိုလှမ်းကြည့်ရင်း

သူ့လက်နှစ်ဖက်ကိုဆန့်ကာ

လက်ခုပ်တီးလိုက်သည်။

ထိုသို့လုပ်လိုက်သည်နှင့်

ယန်ယဲ့၏ပတ်ပတ်လည်

အာကာသဟာ

ကွဲထွက်သွားသည်။

ထို့အပြင် အဆင့် ၄ ဓါတ်ဖိအားများ ပျံ့လွင့်လာသည်။

ဆိုလိုသည်မှာ အကြီးအကဲကုန်းမင် က အဆင့် ၄ ပညာရှင်ဖြစ်၏။

ယန်ယဲ့၏မျက်လုံးများပင်
အနည်းငယ်
ကျဉ်းမြောင်းသွားသည်။
သူ့ဒေါသကို ထိန်းမနိုင်သိမ်းမရ
ဖြစ်လာသည်။
ပြန်တိုက်ခိုက်ရန်ပြင်လိုက်စဉ်မှာ
တော့ "သူလာပါစေ" ဟူသော
အသံတစ်သံ ထွက်ပေါ်လာသည်။

အကြီးအကဲကုန်းမင် က မျက်မှောင်ကြုတ်လိုက်သည်။ သို့သော်လည်း သူ့တိုက်ခိုက်မှုကို ချက်ချင်းပြန်ရုတ်လိုက်လေသည်။

ယန်ယဲ့ က ကုန်းမင်ကို
တစ်ချက်ငုံ့ကြည့်ပြီး
ထွက်သွားသည် ။

အကြီးအကဲကုန်းမင် လည်း
ခဏကြာသည့်ထိ
ငြိမ်သက်သွားပြီးမှ
ယန်ယဲနောက်သို့

လိုက်သွားသည်။

အခြားအပြင်စည်းတပည့်များလ

ည်း

နောက်ကနေလိုက်ပါလာကြသည်

။

အတွင်းစည်းတောင်ထိပ် ...။

ယန်ယဲ့ သည်

အတွင်းစည်းတပည့်ဖြစ်ရန်

စစ်ဆေးသည့်နေရာကို

ရောက်လာသည်။

သူရောက်လာသည်နှင့်

တစ်ခေါင်းလုံးဆံပင်ဖြူနေသည့်

အဘိုးကြီးတစ်ဦး

ကြိုပြီးစောင့်နေတာကိုတွေ့လိုက်

ရသည်။ အဘိုးကြီးက အဆင့် ၅ ပညာရှင်ပါ။

ယန်ယွဲ့၏နောက်မှာတော့ ကုန်းမင် ဦးဆောင်သော အပြင်စည်းတပည့်အများအပြား ရှိနေကြသည်။

ဆံပင်ဖြူအဘိုးကြီးက ယန်ယဲ့ ကို တစ်ချက်ကြည့်လိုက်ပြီး "မင်းက တကယ့်ကိုမကြောက်မရွံ့နဲ့ အပြင်စည်းအကြီးအကဲကို ဆန့်ကျင်နေလို့ ဖြစ်နိုင်ချေ နှစ်ခုပဲရှိတယ်။ မင်းရဲ့ကျောထောက်နောက်ခံက ကြောက်စရာကောင်းတယ်၊ ဒါမှမဟုတ်

မင်းကိုယ်တိုင်ကကြောက်စရာ

ကောင်းတယ်။ ဟုတ်ပါတယ်၊

နှစ်ခုလုံးလည်းဖြစ်နိုင်တယ်"

ယန်ယဲ့ က “ဒီအခွင့်အရေးကို

ပေးတဲ့အတွက်

ကျေးဇူးတင်ပါတယ်

အကြီးအကဲ”

အဘိုးကြီးက ခေါင်းခါပြပြီး

“မင်းမှာ အခွင့်အရေးရှိတယ်၊

ဒါပေမဲ့ မင်း စာမေးပွဲမအောင်ရင်

မင်းရဲ့ခန္ဓာကိုယ်ကို ငါကိုယ်တိုင်

ဖျက်ဆီးပစ်မယ်၊ ပြီးရင်

အပြင်စည်းအကြီးအကဲတွေ

ထံမှာ မင်းကို

ကိုင်တွယ်ခွင့်ပေးလိုက်မယ်”

ယန်ယွဲ့ က "ငါ အဲဒါကို

အောင်မြင်သွားရင်

ဘယ်လိုလုပ်မလဲ"

အဘိုးကြီးက သူ့ကို

တစ်ချက်ကြည့်လိုက်ပြီး “ဒါဆို

မင်း

အတွင်းစည်းတပည့်ဖြစ်သွားတာနဲ့

အပြင်စည်း အကြီးအကဲတွေက

ဝင်စွက်ဖက်နိုင်မှာ မဟုတ်ဘူး”

ကုန်းမင်ဧ၏မျက်နှာက ရှုံ့မဲ့နေ၏။

ယန်ယဲ့ က ပြုံးပြီး "ဒါဆို စလိုက်ကြရအောင်"

အဘိုးကြီးက “ဒါဟာ သိပ်ကိုရိုးရှင်းတဲ့ စမ်းသပ်မှုတစ်ခုပါ။ အတွင်းစည်းတပည့်ဖြစ်ဖို့ဆိုရင်

မင်းက

အကန့်အသတ်ချိုးဖျက်နယ်ပယ်

တစ်ပိုင်းအဆင့်ဖြစ်နေရမယ်။

ဒါမှမဟုတ် မင်းက

အကန့်အသတ်ချိုးဖျက်နယ်ပယ်

ဖြစ်ရမယ်။ မဟုတ်ရင်တော့

အဲဒီလိုခွန်အားမျိုးပိုင်ဆိုင်ထားရမ

ယ်"

စကားပြောနေရင်းဖြင့်
သူညာလက်ကို ဝှေ့ယမ်းလိုက်ရာ
ယန်ယဲ့၏ပါပတ်ပတ်လည်ကနေ
လှောင်အိမ်ကြီးတစ်ခု
ပေါ်လာသည်။လှောင်အိမ်အား
အမည်မသိ သတ္တုအနက်ဖြင့်
ဖန်တီးထားသည်။

အပြင်ဖက်ရှိလူတိုင်းက အထဲမှာ ဘာရှိနေမှန်းမမြင်နိုင်ပေ။

ယန်ယဲ့ က ပတ်ဝန်းကျင်ကို တစ်ချက်စစ်ဆေးကြည့်လိုက်ရင်း အံ့သြသွားသည်။ ဤအချိန်တွင် ပြင်းထန်သော အရှိန်အဝါတစ်ခု ရုတ်တရက်ပျံ့လွင့်လာပြီးနောက်

သူ့ရှေ့မှာ နတ်ဆိုးတစ်ကောင်
ပေါ်လာလေသည်။

နတ်ဆိုးသားရဲက ဝံပုလွေကဲ့သို့
အသွင်သဏ္ဍာန်ရှိကာ
ခရမ်းနက်ရောင်ဖြစ်သည်။
ဦးခေါင်းပိုင်းက
ခြသေ့်ကဲ့သို့ဖြစ်သည်။

ထူးခြားတာကတော့ မြေပြင်ကို
ထိလုနီးပါး အစွယ်နှစ်ချောင်းပင်။

ထို့အပြင် ၎င်း၏မျက်လုံးများက
ရက်စက်ကြမ်းကြုတ်သောအရိပ်
အယောင်များတောက်ပနေသည်။

လှောင်အိမ်အပြင်ဖက်တွင်
တစ်စုံတစ်ယောက်က
ရုတ်တရက် "ဒါက အဆင့် ၂
လောကသခင် နဲ့ညီမျှတဲ့
နတ်ဆိုးဝံပုလွေဝံပုလွေပဲ"

အဆင့် ၂ လောကသခင်
နဲ့ညီမျှသလား။

အများအပြားက ယန်ယဲ့ကို

အနည်းငယ် သနားစပြုလာသည်။

နောက်ဆုံးတွင်

နတ်ဆိုးသားရဲတစ်ကောင်၏စွမ်း

အားဟာ

အဆင့်တူလူသားပညာရှင်ထက်

များစွာသန်မာသည်မဟုတ်ပါလား

။

သို့သော် အချို့ကတော့

ယန်ယဲ့၏ကံဆိုးမှုကို

ပျော်ရွှင်နေသည်။

လှောင်အိမ်ထဲမှာ အဘိုးကြီးက ယန်ယဲ့ကို စိုက်ကြည့်ရင်း "မင်း ဒီကိစ္စနဲ့ပတ်သက်လို့ ပြဿနာရှိလား"

ယန်ယဲ့ က အနည်းငယ်တော့ခေါင်းညိတ်ပြလိုက်၏။

အမှန်ပင်၊ သူက

တော်တော်လေးကိုအကျပ်ရိုက်နေ

သည်။ နတ်ဆိုးသားရဲက အဆင့် ၂

လောကသခင်ပါ။ သို့ရာတွင်

လက်ရှိသူ့ခွန်အားက အဆင့် ၅

အကန့်အသတ်ချိုးဖျက်နယ်ပယ်နှ

င့်ညီမျှ၏။

တစ်နည်းအားဖြင့်တော့ သူက

သာမန်လက်သီးတစ်ချက်ဖြင့်

နတ်ဆိုးသားရဲကို

အသေသတ်ပစ်နိုင်၏။ အကယ်၍

ထိုသို့လုပ်လိုက်ရင်လည်း

လူအများအပြား

တုန်လှုပ်သွားနိုင်လေသည်။

လောလောဆယ်တော့ သူ့မှာ

နည်းလမ်းတစ်ခုသာကျန်တော့၏။

နတ်ဆိုးဝံပုလွေကို

အချိန်တော်တော်ကြာထိ

လက်ရည်တူတိုက်ခိုက်ပြီး

နောက်ဆုံးမှသာ

ပွဲသိမ်းတိုက်ကွက်ဖြင့်အနိုင်ယူဖို့

သာ။

သို့သော် ပြဿနာက သူဟာ
အချိန်အများကြီးမဖြုန်းချင်ပေ။

သောက်ကျိုးနည်းကွာ ။

ဤအချိန်မှာပဲ နတ်ဆိုးဝံပုလွေက
ယန်ယဲ့ကိုခုန်အုပ်လိုက်သည်။

သူ တိုက်ခိုက်ခါနီးမှာပဲ

"နင်ချက်ချင်းအနိုင်မယူနဲ့။

နည်းနည်းတော့ဟန်ဆောင်လိုက်"

ဟူသော

အသံထွက်ပေါ်လာသည်။

ဓားစာလိပ်က သူ့ကို

ရုတ်တရက်သတိပေးလိုက်တာပါ။

ယန်ယဲ့ က အိုံအားသင့်ကာ ဘာပြောရမှန်းတောင်မသိတော့ပေ။

Translated By NyiNyiSoe

.အဆုံးမဲ့ဓားကမ္ဘာ

(ထာဝရနတ်ဘုရားနိုင်ငံတော်)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၈၆၂ -

ဆက်ပြီးဟန်ဆောင်နေသေးလား

ဟန်ဆောင်ပြီးတိုက်ခိုက်ရမှာလား

။

ယန်ယဲ့ သည် ဂျုံတစ်ကြိမ်တွင်

ရွေးချယ်စရာမရှိပေ။

အကြောင်းကတော့ သူသာ

အဆင့် ၂

လောကသခင်အဆင့်နတ်ဆိုးဝံပု

လွေကို တစ်ချက်တည်းဖြင့်

သမလိုက်ပါက လူတိုင်း
သံသယဝင်သွားနိုင်လေသည်။

ဤအချိန်တွင်
မူလနတ်ဆိုးဝံပုလွေက
သူ့ရှေ့သို့ရောက်လာသည်။

ယန်ယဲ့က သူ့ညာဖက်လက်သီးကို
ဆုပ်ပြီး ရှေ့ကို
လှမ်းထိုးလိုက်သည်။

သူ့ခွန်အား ၃၀ %
သာသုံးထားသည်။

လက်သီးချက်က

မူလနတ်ဆိုးဝံပုလွေ၏

ခေါင်းကို တည့်တည့်

ထိမှန်သွားသည်။

ဘုန်း...

နတ်ဆိုးဝံပုလွေ က

နောက်ပြန်လှွင့်ထွက်သွားသည်။

တစ်ချိန်တည်းမှာပဲ ဓားစာလိပ်က

“မြန်မြန်နောက်ဆုတ်လိုက်…”

ယန်ယဲ့ က

ချက်ချင်းပင်တုံ့ပြန်လိုက်၏။

ညာခြေကို တစ်ချက်ဆောင့်၍ နောက်ပြန်ခုန်ဆုတ်လိုက်၏။

သူက လှောင်အိမ်နံရံနှင့်ထိကပ်မိမှသာ ရပ်တန့်သွားပုံရသည်။

ကုန်းမင် နှင့်

အပြင်စည်းတပည့်များက

အေးစက်စွာ ပြုံးနေကြသည်။

သို့သော်လည်း

ခဏအကြာတွင်တော့ သူတို့၏

အပြုံးများ အေးခဲသွားလေသည်။

အချိန်မကြာလိုက်ပေ။ ယန်ယဲ့

သည် ကုန်းရှန်းထလာသည်။

လူတိုင်း ထိတ်လန့်သွားသည်။

"ခန္ဓာကိုယ်လမ်းစဉ်ကျင့်ကြံသူ..." ကုန်းမင် က ယန်ယဲ့ကို စိုက်ကြည့်နေသည်။ ယန်ယဲ့ဟာ ခန္ဓာကိုယ်ကျင့်ကြံသူဖြစ်နေမယ်လို့ သူ မမျှော်လင့်ထားပေ။

သူတင်မဟုတ်ဘဲ ဘယ်သူမှ
မမျှော်လင့်ထားခဲ့ကြပေ။

အမှန်တော့ ခန္ဓာကိုယ်အပြင်အား
ပညာရှင်များဟာ
ကျင့်ကြံခြင်းလောကမှာ
ရှားပါးလှသည်။

အကြောင်းအရင်းကတော့

လူသားခန္ဓာကိုယ်ဟာ မွေးရာပါ

အားနည်းနေတာကြောင့်ပါ။

ကောင်းကင်ဘုံက

သဘာဝအတိုင်း

ကောင်းချီးပေးသူတစ်ယောက်မ

ဟုတ်ရင်တော့ ခန္ဓာကိုယ်ကို

ကျင့်ကြံသူ

မရှိသလောက်နည်းပါးပါသည်။

ခန္ဓာကိုယ်ကို ကျင့်ကြံတာက
ကြောက်စရာကောင်းလောက်
အောင်နာကျင်ပြီး
ခက်ခဲလွန်းလှသည်။

ဤအတောအတွင်း ယန်ယဲ့ သည်
မြေပြင်မှ တွားသွားထလာပြီး

လက်သီးများကို ဆုပ်ထားသည်။ သူ၏အကြည့်များက အလွန်ကြောက်စရာကောင်းသော ရန်သူနှင့် ရင်ဆိုင်ရသကဲ့သို့ အလွန်သတိရှိနေသည်။

နတ်ဆိုးဝံပုလွေက ယန်ယဲ့ကို စိုက်ကြည့်နေသည်။ သူ့ဗီဇအရ

ထိုလူငယ်ဟာ

အန္တရာယ်များကြောင်း

အလိုလိုခံစားမိပုံပါ။

သို့သော်လည်း

ယန်ယဲ့၏မျက်နှာကို

မြင်လိုက်တဲ့အခါ

ဧဝေဇဝါဖြစ်သွားလေသည်။

ယန်ယဲ့လိုမျိုး

လူသားတစ်ယောက်က သူ့အား

ခြိမ်းခြောက်နိုင်မည်လော။
ထိုလူသားက
သာမန်ခန္ဓာကိုယ်ကျင့်ကြံသူတစ်
ယောက်သာ။

နတ်ဆိုးဝံပုလွေက
တွေဝေမနေတော့ဘဲ ယန်ယွဲ့ကို
ထပ်ပြီး ခုန်အုပ်လိုက်သည်။

ဒီတစ်ခါ သူ့အရှိန်က

အလွန်ကိုမြန်ဆန်သည့်အပြင်

ကြောက်မက်ဖွယ်ရာစွမ်းအင်လှို

င်းများ ထွက်ပေါ်လာသည်။

ပြေးဝင်လာရာ လမ်းကြောင်းရှိ

အာကာသဟာ လှိုင်းထလာသည်။

ယန်ယွဲ့ သည်

အံ့တင်းတင်းကြိတ်ကာ

လက်သီးများကိုဆုပ်ထားလိုက်သ

ည်။ သူ့ပုံစံက နတ်ဆိုးဝံပုလွေကို

သေသည်အထိတိုက်ခိုက်ရန်

စိတ်ပိုင်းဖြတ်ထားပုံရ၏။

ထို့နောက်တွင်တော့
နှစ်ဖက်စလုံးက ပြင်းထန်စွာ
တိုက်ခိုက်ကြတော့သည်။

အုန်း...

ပေါက်ကွဲသံများ ထွက်ပေါ်လာပြီး
အသီးသီးလွင့်ထွက်သွားသည်။

ယန်ယဲ့ သည် လွင့်ထွက်သွားပြီး လှောင်အိမ်နံရံကို ပြေးဆောင့်သည်။

နတ်ဆိုးဝံပုလွေ ကတော့ အကြိမ်ကြိမ်နောက်ပြန်ဆုတ်သွား ကာ

လှောင်အိမ်နံ့ရှုံနှင့်ထိခါနိုးမှုရပ်တန့်သွားခဲ့သည်။

ဒီလူသားကအစွမ်းထက်လိုက်တာ။

ဤအချိန်တွင် နတ်ဆိုးဝံပုလွေကတော်တော်လေး

သတိထားလာပါပြီ။ ယန်ယဲ့ကို

မော့ကြည့်လိုက်သည်။

ထိုလူသားက

ဒဏ်ရာအပြင်းအထန်

ရနေသည့်အလား မြေပြင်ပေါ်မှာ

အဆက်မပြတ် လူးလိမ့်နေတာကို

တွေ့လိုက်ရသည်။

နတ်ဆိုးဝံပုလွေက
ထိတ်လန့်သွားပုံရ၏။
ထိုလူသားကို
သတ်လိုက်မိသလားဟု
တွေးနေပုံပါ။

သို့သော် ယန်ယဲ့ သည် တဖြည်းဖြ
ည်းချင်း တွားသွားထလာသည်။

ဤအချိန်တွင် သူက ခပ်မှန်မှန်ပင် လမ်းမလျှောက်နိုင်တော့သည့်အလား

ယိုင်တိယိုင်တိုင်ထရပ်လာသည်။

နတ်ဆိုးဝံပုလွေက ယန်ယဲ့ကို စိုက်ကြည့်ကာ နောက်တစ်ကြိမ်

ထပ်ပြီးခုန်အုပ်လိုက်ပါတော့သည်

။

ဘမ်း..

ပေါက်ကွဲသံ ထွက်ပေါ်လာပြီး

နတ်ဆိုး ဝံပုလွေ သည်

လွင့်ထွက်သွားသည်။

အလားတူပင်၊ ယန်ယဲ့လည်း
လွင့်ထွက်သွားပြီး
လှောင်အိမ်နံရံကို
ထိမှန်သွားသည်။ သူက
အပြင်ဖက်ကို
ပေါက်လွှက်လုမတတ်ပါ။

ယန်ယဲ့ သည် မြေပြင်ပေါ်တွင်
လှဲနေရာမှ သူ့ခန္ဓာကိုယ်ဟာ
ယခင်ကထက် ပိုမိုပြင်းထန်စွာ
တုန်ခါသွားခဲ့သည်။

နတ်ဆိုးဝံပုလွေ လည်း
အကောင်းကြီးမဟုတ်ပါ။
ထိုလူငယ်က သူ့ခွန်အားကို

တမင်ထိန်းချုပ်ထားသလိုမျိုး
ခံစားလာရသည်။

အထင်အမြင်လွဲခဲ့တာလား။

ဤအတောအတွင်း ယန်ယဲ့ သည်
ယိုင်တိယိုင်ထိုးဖြင့်
မတ်တပ်ထရပ်လာပြန်သည်။

ဒီကောင် မတ်တပ်ရပ်ပြန်ပြီလား။

အပြင်ဖက်ရှိ လူတိုင်း
သူတို့၏မျက်နှာတွင်
ထူးဆန်းသောအမူအရာရှိကြသ
ည်။

ဒီကောင်က

အခုထိမတ်တပ်ရပ်နိုင်သေးတယ်

လား။

နတ်ဆိုးဝံပုလွေ လည်း

အံ့သြနေပုံရသည်။

ဒီလူသားက

မတ်တပ်ရပ်နိုင်သေးတယ်။

အခုလောက်ဆို

အားကုန်သွားရမှာမဟုတ်ဘူးလား

။

သို့သော် နတ်ဆိုးဝံပုလွေက

ထပ်ပြီးတွေဝေမနေတော့ဘဲ

နောက်တစ်ကြိမ်
ခုန်အုပ်လိုက်သည်။ ထို့အပြင်
၎င်း၏ ခွန်အားကို
အပြည့်အဝထုတ်ဖော်လိုက်သည်။
ယန်ယဲ့အား
တစ်ခါတည်းအနိုင်ယူရန်ဆုံးဖြတ်
လိုက်ပုံရသည်။

ယန်ယဲ့ သည် နတ်ဆိုးဝံပုလွေကို ကြည့်ပြီး
အံ့ကြိတ်ကာ ခုန်ထလိုက်သည်။

ထိုအတိုင်းပင်၊ ယန်ယဲ့ သည် ဟန်ဆောင်နေရင်း
နောက်တစ်ကြိမ်
တိုက်ခိုက်လိုက်ပြန်သည်။

ဘုန်း...

ပေါက်ကွဲသံက လှောင်အိမ်ကို
တုန်ခါသွားစေသည်။

ခဏအကြာ ငြိမ်သက်သွား၏။
ယန်ယဲ့ သည် မြေပြင်ပေါ်မှာ

လဲကျနေခဲ့သည်။ နတ်ဆိုးဝံပုလွေ
သည်လည်း အလားတူပင်။

အပြင်ဖက်ကလူတိုင်း
အံ့အားသင့်သွားကြသည်။

သိပ်မကြာလိုက်ပေ၊
နတ်ဆိုးဝံပုလွေက

ရှေ့ခြေနှစ်ချောင်းကို

အားပြုပြီးထလာသည်။ သို့သော်

သေသေချာချာ ကြည့်လိုက်ပါက

၎င်း၏ခန္ဓာကိုယ်အနှံ့

ကွဲအက်နေတာကို

သတိထားမိမှာပါ။ ယန်ယဲ့

ကတော့ သူ့ကိုယ်သူ

မထိန်းထားနိုင်တော့သည့်အလား

အဆက်မပြတ်ကိုတုန်ယင်နေလေသည်။

သို့သော် မကြာခင်မှာပဲ မတ်တပ်ထရပ်လာလေသည်။

နတ်ဆိုးဝံပုလွေက
မျက်လုံးကြီးနှစ်လုံးကျယ်လာပုံရ
သည်။

လူသားက ထလာနိုင်သေးလား...

အစောပိုင်းက သူ့ခွန်အားကို
အပြည့်သုံးခဲ့တာပါ။

ထိုလူသားအား လုံး၀ လွယ်ကူစွာ
သတ်ပစ်နိုင်သည်ဟု
ယုံကြည်လေသည်။
သူ့ရှေ့ရှိလူသားက
အားကုန်လုနီးပါး
ဖြစ်နေသောကြောင့်ပင်။

သို့သော် သူ့အမြင်မှားသွားပုံရ၏။

ထိုလူသားက ယခုအထိ

မတ်တပ်ရပ်နိုင်နေတုန်းပင်။

ဝူး....အူး....အူး...

မှုလနတ်ဆိုးဝံပုလွေ သည်
ဒေါသတကြီး အူလိုက်လေသည်။

၎င်း၏မျက်လုံးများက
ရက်စက်ကြမ်းကြုတ်မှုအပြည့်ဖြ
စ်လာသည်။ ထို့နောက်
ယန်ယဲ့အား ခုန်အုပ်လိုက်သည်။

ဤအခိုက်အတန့်တွင် လူတိုင်း
နတ်ဆိုးဝံပုလွေထံမှ
သတ်ဖြတ်ချင်စိတ်အပြည့်ကို
ခံစားမိလိုက်လေသည်။

ယန်ယဲ့ သည်
အသက်ပြင်းပြင်းရှူလိုက်ပြီးနော
က် သူ့မျက်နှာက

တင်းမာသွားသည် ။ ရှေ့ကို
အလျင်အမြန် ပြေးတက်လာရင်း
သူ့အစွမ်းရှိသမျှ
အသုံးချနေပုံရ၏။

ထိုအတိုင်းပင်၊ နောက်တစ်ကြိမ်
တိုက်ခိုက်ကြပြန်သည်။

ဘုန်း…

လှောင်အိမ်အတွင်းမှ
ပြင်းထန်သော
စွမ်းအင်လှိုင်းလုံးများ
ထွက်ပေါ်လာသည်။
လှောင်အိမ်တစ်ခုလုံး
အက်ကြောင်းများ ပေါ်လာသည်။

ဤ၂တစ်ကြိမ်မှာတော့
နှစ်ဖက်စလုံးက
နောက်ပြန်မဆုတ်ဘဲ
အပြင်းအထန်ကို
တိုက်ခိုက်နေကြလေသည်။

အပြင်ဖက် လူတိုင်းတော့
အံသြသွားကြသည်။

“ဟင်းလင်းပြင်နတ်ဘုရားအဆင့်
လူသားကျင့်ကြံသူက
လောကသခင် အဆင့် ၂
နတ်ဆိုးဝံပုလွေကို လက်
ဗလာနဲ့တိုက်ခိုက်နေတာလား”

မူလစေတီထဲရှိ နွားနတ်ဆိုး နှင့်
အခြားမူလနတ်ဆိုးများ ကတော့

ယန်ယဲ့၏လုပ်ရပ်ကိုကြည့်၍

အံ့သြနေခဲ့သည်။

နောက်ဆုံးတော့

ယန်ယဲ့၏ခွန်အားကို သူတို့

ကောင်းကောင်းသိထားကြသည်။

အမှန်ဆိုရလျှင်

ယန်ယဲ့၏လက်သီးတစ်ချက်ဖြင့်

နတ်ဆိုးဝံပုလွေကို
အမှောက်သိပ်ပစ်နိုင်သည်။

သို့ရာတွင် လက်ရှိမှာတော့
ယန်ယဲ့ဟာ နတ်ဆိုးဝံပုလွေကို
လက်ရည်တူတိုက်ခိုက်နေ၏။

မှန်သည်။ ယန်ယဲ့ သည်

ဆက်ပြီးဟန်ဆောင်ကာ

နတ်ဆိုးဝံပုလွေကိုအပြင်းအထန်

တိုက်ခိုက်နေခဲ့သည်။

တိုက်ခိုက်နေရင်းဖြင့် ရုတ်တရက်

"ဓားစာလိပ်၊

ငါ့ဟန်ဆောင်နေတာကို

ရပ်လို့ရမလား”

ဟုမေးလိုက်သည်။

ခဏအကြာမှ ဓားစာလိပ် က

ပြန်ပြောသည် “မရသေးဘူး၊

နင်အခုချက်ချင်း အနိုင်ရသွားရင်

ရှေးဟောင်းဓားဂိုဏ်းရဲ့

အဆင့်မြင့်အာဏာပိုင်တွေက သံသယဝင်လာလိမ့်မယ်”

ချက်ချင်းအနိုင်ယူလို့မရသေးဘူးလား ။

ယန်ယွဲ့ က ခေါင်းယမ်းလိုက်သည်။

လက်ရှိသူ့အခြေအနေက
အတော်လေးဒုက္ခများသလိုပင်
ခံစားရသည်။ သို့သော်
ရွေးချယ်စရာမရှိပေ။

ထိုအတိုင်းပင်၊ လူသားနှင့်
နတ်ဆိုးသားရဲတစ်ကောင်ဟာ
မရပ်တန့်ခင်အထိ

တစ်နာရီနီးပါးကြာအောင်

တိုက်ခိုက်ခဲ့ကြသည်။ ယန်ယဲ့

သည် မြေကြီးပေါ်မှာ

ခြေကားယားလက်ကားယားဖြင့်

လှဲနေခဲ့သည်။

အခြားတစ်ဖက်မှာလည်း

နတ်ဆိုးဝံပုလွေ သည်

ဆန့်ဆန့်ကြီးလဲကျနေ၏။

နှစ်ဖက်စလုံး
မောဟိုက်သွားကြပုံရသည်။

အမှန်ပင်။ နတ်ဆိုးဝံပုလွေက
လုံးဝကိုအားကုန်သွားပါပြီ။

ချက်ချင်း
ပြန်မထလာနိုင်တော့ပေ။
အဓိကတော့ သူပြန်ထရင်တောင်
ထိုလူသားက အားမလျော့ဘဲ
ပြန်ထလာနိုင်တုန်းပါ။

ဤအခိုက်အတန့်တွင်
နတ်ဆိုးဝံပုလွေသည်

သူ့ရှေ့ကလူသားကို
မတိုက်ခိုက်ချင်တော့ပေ။

လှောင်အိမ်အပြင်ဖက်ရှိ
အဘိုးကြီးက
နတ်ဆိုးဝံပုလွေ၏အမူအရာကို
သိနေသည့်အတိုင်း
“လုံလောက်ပါတယ်”

လုံလောက်ပါပြီလား။

သူ အောင်မြင်ခဲ့သလား
ဒါမှမဟုတ် သူကျရှုံးခဲ့တာလား။

လူတိုင်းက အဘိုးကြီးကို
စိုက်ကြည့်နေသည်။

အဘိုးကြီးက သူ့လက်ကို

ဝှေ့ယမ်းလိုက်သည်။ လူတိုင်းကို

ထွက်သွားဖို့

အမိန့်ပေးလိုက်တာပါ။

ယန်ယွဲ့ကတော့

နောက်မှာကျန်နေခဲ့သည်။

အပြင်စည်းခြံဝန်း၏

အကြီးအကဲကုန်းမင် က ခဏမျှ

တုံ့ဆိုင်းသွားကာ အဘိုးကြီးထံ

လျှောက်သွားပြီး “စီနီယာရှု၊ သူက

နှလုံးသားမဲ့ပြီး

ဂိုဏ်းတူပညာသင်ဖက်တွေကို

လုံးဝ ဂရုမစိုက်ဘူး။

သူနေခွင့်ရရင် ငါတို့ကို
ဒုက္ခပေးလိမ့်မယ်”

အဘိုးကြီးက ယန်ယဲ့ကို
စိုက်ကြည့်ကာ “သူက
သတ္တုအပိုင်းအစကောင်းတစ်ခုပါ
။ ငါတို့က သူ့ကို
ကောင်းကောင်းထိန်းနိုင်ရင် သူက

ငါတို့ဂိုဏ်းအတွက်

တော်တော်အားထားရတဲ့

ညာဏ်ကြီးရှင်တစ်ယောက်ဖြစ်လာ

နိုင်တယ်။

ဆယ်စုနှစ်တွေကြာတဲ့အခါမှာ

သူက

ငါတို့ဂိုဏ်းရဲ့ဗဟိုမဏ္ဍိုင်ဖြစ်လာနို

င်တယ်”

အကြီးအကဲကုန်းမင် က ခဏစဉ်းစားလိုက်ပြီး "ဒါဆိုလည်း ကောင်းပါကြီ။ စီနီယာရှု ပြောသလိုပဲ လုပ်ကြတာပေါ့"

အကြီးအကဲရှု က အနည်းငယ် ခေါင်းညိတ်လိုက်ပြီး "အဲဒါကို

သိပ်အများကြီး မစဉ်းစားပါနဲ့။

ခွန်အားနဲ့

အရည်အချင်းရှိတဲ့သူတွေဟာ

အများအားဖြင့်တော့

စိတ်ကိုမထိန်းနိုင်ကြဘူးလေ၊

ဒေါသထွက်လွယ်ကြတယ်။

လူငယ်သဘာဝ

မောက်မာတတ်ကြတာပါပဲ။

စိတ်မပူပါနဲ့၊

အတွင်းစည်းခြံဝန်းကို

ရောက်တာနဲ့

သူ့ကိုပြောင်းလဲပေးလိုက်မယ်။

တကယ်တော့

အတွင်းစည်းခြံဝန်းမှာ

ညကျက်ကြီးရှင်တွေ

စုစည်းလာတဲ့အခါဘာဖြစ်မလဲ

စောင့်ကြည့်နိုင်တယ်”

အကြီးအကဲကုန်းမင် က
ခေါင်းညိတ်ပြီး ထွက်သွားသည်။

အခြား တပည့်များ သည်လည်း
သဘာဝအတိုင်း ဆက်မနေဝံ့ဘဲ
ထွက်သွားကြသည်။

အကြီးအကဲရှု က ယန်ယဲ့ ဆီကို လျှောက်လာပြီး “မင်း ဆက်ပြီးဟာန်ဆောင်နေဦးမှာလား” ဟု မေးလိုက်သည်။

ယန်ယဲ့ သည် ယခုအထိ စကားတစ်လုံးမှ မပြောသေးဘဲ နှုတ်ဆိတ်နေခဲ့သည်။

အကြီးအကဲရှု က “ဘာလဲ၊
မင်းငါ့ကို
ဆက်ပြီးညာချင်သေးလို့လား”

ယန်ယဲ့ က
သူ့အလိမ်ပေါ်သွားမှန်းသိလိုက်သ
ည်။ သူက မတ်တပ်ထရပ်ပြီး

ရှက်ရွံ့စွာ ပြုံးကာ

“တောင်းပန်ပါတယ်

အကြီးအကဲရှု”

အဘိုးကြီးက ယန်ယဲ့ကို

တစ်ချက်ကြည့်လိုက်ပြီး

“အကန့်အသတ်ချိုးဖျက်နယ်ပယ်

လား”

ယန်ယဲ့ က သူ့အဆင့်ကို

ဆက်ပြီးဖုံးကွယ်မထားတော့ပေ။

ပုံမှန်အတိုင်း ပြန်ထားလိုက်သည်။

အဘိုးကြီးက “မင်းရဲ့
ခန္ဓာကိုယ်ရောလား” ဟု
မေးသည်။

ယန်ယဲ့ က
ခေါင်းညိတ်လိုက်သည်။

အကြီးအကဲရှု က အနည်းငယ်
ခေါင်းညိတ်ပြပြီး “ရှားပါတယ်။
ငါ့ကိုပြောပါ... မင်းဘာလို့
ငါ့ဂိုဏ်းကိုလာတာလဲ”

ယန်ယဲ့ က
ခဏလောက်စဉ်းစားပြီး
“ရှေးဟောင်းဓားဂိုဏ်းရဲ့

အစွမ်းထက်ဆုံး

စိတ်ဝိညာဉ်နည်းစနစ်တွေ၊

လေ့ကျင့်ရေးနည်းစနစ်တွေနဲ့

ဓားနည်းစနစ်တွေကို

သင်ယူချင်တယ်။

ရှေးဟောင်းဓားစာလိပ်နဲ့

ကောင်းကင်ဓားကျမ်းစာတွေလိုပဲ

”

ဓားစာလိပ်က

“ကောင်းကင်ဓားကျမ်းစာ”ကိုလ

ည်း ရေးသားခဲ့သည်။ ၎င်းက

အစွမ်းထက်နည်းစနစ်တစ်ခုဖြစ်

သည်။ သို့ရာတွင်

သူ့အတွက်တော့

သိပ်ပြီးအသုံးမဝင်ပေ။

အကြီးအကဲရှု

ယုံကြည်သွားအောင်တမင်ပြောချ

လိုက်တာပါ။

အကြီးအကဲရှု ၏မျက်လုံးများ

အနည်းငယ် မှိတ်သွားကာ

“ကောင်းကင်ဓားကျမ်းစာ

ကိုသိတာက

နည်းနည်းလောက်ပဲသိကြတယ်”

ယန်ယွဲ့ က

လေးနက်စွာပြောခဲ့သည် “ငါ

အဲဒါတွေကို တကယ်

သင်ယူချင်ပါတယ်”

အကြီးအကဲရှု က “မင်းက တောင်ပိုင်းဒေသရဲ့ “ယွဲ့ကလန်” ကလား”

ယန်ယဲ က ခဏလောက်စဉ်းစားပြီး “ဟုတ်တယ်၊ ဒါပေမဲ့ ငါက မိသားစုခွဲက

ကတရားမဝင်ကလေးတစ်ယော
က်ပါ။ တိုတိုပြောရရင်
ငါတို့ကြားမှာ
အဆက်အစပ်မရှိဘူး၊
ငါ့အကြောင်းကို သူတို့မသိဘူး”

တရားမဝင်ကလေး လား။

အဘိုးကြီးရှု က အနည်းငယ်

မျက်မှောင်ကြုတ်ကာ

"တရားမဝင်ကလေး က

ဒီလိုအောင်မြင်မှုတွေကို

ဘယ်လိုရခဲ့တာလဲ"

ယန်ယဲ့ က ခဏတုံ့ဆိုင်းသွားပြီး

“အမ်၊ အကြီးအကဲ၊ ငါက

ကံကြမ္မာကောင်းချီးကို

မရနိုင်ဘူးလား။ ငါ့မှာ

မကောင်းတဲ့

ရည်ရွယ်ချက်တွေရှိမှာကို

မင်းကြောက်လို့

မေးနေတာထင်တယ်။ ဒါပေမဲ့

အကြီးအကဲ စဉ်းစားကြည့်ပါ။ ငါ ဘာလုပ်နိုင်မလဲ။ ငါ့ရည်ရွယ်ချက်က တကယ့်ကိုရိုးရိုးလေးပါ။ ရှေးဟောင်းဓားစာလိပ် နဲ့ ကောင်းကင်ဓားကျမ်းစာ အတွက်ပဲ။ မင်း ငါ့ကို သင်ယူခွင့် မပေးဘူး ဆိုရင် ငါ ထွက်သွားလိုက်မယ်”

အကြီးအကဲရှု က ယန်ယဲ့ကို
အချိန်အတော်ကြာ စိုက်ကြည့်ကာ
“မင်းက
ပွင့်ပွင့်လင်းလင်းသမားပဲ။
ကောင်းပြီ၊ မင်းမှာ
အရည်အချင်းရှိရင်
ဒီနည်းစနစ်တွေအကုန်လုံး

သင်ယူနိုင်တယ်။ မင်းက အခု

ငါ့ရှေးဟောင်းဓားဂိုဏ်းရဲ့

အတွင်းစည်းတပည့် ဖြစ်နေပြီ"

Translated By NyiNyiSoe

.အဆုံးမဲ့ဓားကမ္ဘာ

(ထာဝရနတ်ဘုရားနိုင်ငံတော်)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၈၆၃ - စစ်ပွဲကမ္ဘာ

အတွင်းစည်းတပည့် ဖြစ်သွားပြီလား။

ထိုကဲ့သို့ပင်၊ ယန်ယဲ့ သည် အတွင်းစည်းတပည့်ဖြစ်သွားလေ

ပြီ။ အတွင်းစည်းတပည့်များကို

ပေးအပ်ထားတဲ့

အရင်းအမြစ်များဟာ

အပြင်စည်းတပည့်များထက်

အစစအရာရာ သာလွန်ပါသည်။

အတွင်းစည်းတပည့်တစ်ယောက်

ချင်းစီဟာ လစဉ်

အရှင်သခင်များထံမှ

လမ်းညွှန်ချက်ရရှိသည်။ ထို့အပြင်

ထာဝရအင်မော်တယ်သလင်း

ကျောက် ၁၀၀ ကို

တောက်ပုံလေ့ရှိသည်။

ခြုံငုံပြောရရင်တော့

အကျိုးကျေးဇူးများ

အများကြီးရှိပါသည်။

သို့သော် နေရင်းထိုင်ရင်း
အလကားရနေတာတော့မဟုတ်ပါ
။ အတွင်းစည်းတပည့်များကား
လစဉ် မစ်ရှင်များ
လုပ်ဆောင်ရသည်။

ပင်မတပည့် (အဓိကတပည့်) များ
နှင့်ပတ်သက်၍တော့ အနည်းဆုံး

၁၀ ယောက်လောက်သာ

ရှိကောင်းရှိနိုင်သည်။

ပင်မတပည့်များဟာ

ရှေးဟောင်းဓားဂိုဏ်း၏

အဓိကမဏ္ဍိုင်များဖြစ်ကြသည်။

၎င်းတို့က

ဂိုဏ်း၏အရင်းအမြစ်များကို
အများဆုံးရရှိကြသည်။

နောက်ဆုံးတစ်ခုကတော့
ပင်မတပည့်များဟာ
ရှေးဟောင်းဓားလှိုဏ်ဂူထဲသို့
ဝင်ရောက်နိုင်ပါသည်။
အရည်အချင်းရှိပါက

ဓားစာလိပ်၏ ပင်မခန္ဓာကိုယ်

အပိုင်းအစများကို

ယူဆောင်နိုင်လေသည်။

ထို့ကြောင့်ပင်

တပည့်အများအပြားက

ပင်မတပည့်ဖြစ်လာရန်

ရှူးသွပ်စွာကြိုးစားလေ့ရှိသည်။

ပင်မတပည့်ဖြစ်လာလျှင် ဂိုဏ်းမှ
ပေးအပ်သည့် အရင်းအမြစ်၊
အကျိုးခံစားခွင့်ဟာထူးကဲလှသ
ည်။

သို့သော် ယန်ယွဲ့ ကတော့
လောလောဆယ်မှာ

ပင်မတပည့်ဖြစ်လာရန်
ဆန္ဒမစောပေ။

သူက တစ်ဆင့်ချင်း သွားဖို့သာ
ရည်ရွယ်ထားသည်။

အတွင်းစည်းတပည့်
ဖြစ်ပြီးနောက် ယန်ယွဲ့ဟာ

ကိုယ်ပိုင်တောင်ထိပ်နှင့်
အိမ်တစ်လုံးရလိုက်သည်။

အခန်းထဲမှာ သူက
တင်ပျဉ်ခွေထိုင်နေသည်။
ဓားစာလိပ်က ရုတ်တရက် “နင်

ဓားချောက်ကမ်းပါးကို

သွားကြည့်လို့ရတယ်”

ဟုပြောလိုက်သည်။

“ဓားကမ်းချောက်ကမ်းပါးလား”

ယန်ယဲ့ က “အဲဒါဘာလဲ”

ဓားစာလိပ်က

“ရှေးဟောင်းဓားဂိုဏ်းရဲ့

တည်ထောင်သူ

ကျရှုံးသွားတဲ့နေရာ။ သူက

ရှေးခေတ်က မွေးဖွားခဲ့တာ။ ဝူနီ

ဒါမှမဟုတ် သိုင်းဘိုးဘေး

တို့နဲ့တစ်ခေတ်တည်းပါပဲ”

ယန်ယဲ့ က “ဟိုမှာ ဘာရှိလို့လဲ”

ခဏတာ ငြိမ်သက်သွားပြီး

ဓားစာလိပ် က ဆက်ပြောသည်

“ငါသေချာတော့မသိဘူး။

နင်အဲဒီမှာ

ကံစမ်းကြည့်လို့ရတယ်။

တည်ထောင်သူ ချန်ထားခဲ့တဲ့

ဓားစိတ်ဆန္ဒနဲ့

ဓားတာအိုသဘောတရားတွေ

တည်ရှိနေတယ်။ ဒါက

နင့်အတွက်

အကျိုးရှိမှာသေချာပါတယ်”

ယန်ယဲ့ က ခဏစဉ်းစားပြီး

ခေါင်းညိတ်လိုက်သည်။

ဝူနီ၊ သိုင်းဘိုးဘေး တို့လို

မျိုးဆက်တူတစ်ယောက်သာဖြစ်

ပါက ထိုလူဟာ

သာမန်လူမဟုတ်နိုင်ပေ။

မည်သို့ပင်ဖြစ်စေကာမူ

သွားကြည့်ရင်လည်း

အကျိုးမယုတ်နိုင်ပါ။ သူ့အတွက်

စားတာအိုသဘောတရားကို လေ့လာဆင်ခြင်နိုင်သည်မဟုတ်ပါလား။

ယန်ယဲ့ က တုံ့ဆိုင်းမနေတော့ဘဲ စားချောက်ကမ်းပါးသို့ ထွက်သွားခဲ့သည်။

ဓားချောက်ကမ်းပါးကို

သူရောက်သည်နှင့် ထိုနေရာတွင်

လူအချို့ကို တွေ့လိုက်သည်။

အချို့က ချောက်ကမ်းပါးထိပ်၌

မတ်တပ်ရပ်ကာ နက်နက်နဲနဲ

တွေးတောနေကြသည်။ အချို့က

နားလည်သဘောပေါက်ရန်ရည်ရွ

ယ်ချက်ဖြင့် မျက်စိမှိတ်ကာ

ထက်ပျဉ်ခွေထိုင်နေကြ၏။

အချို့က

ချောက်ကမ်းပါးနံရံထက်ကို

စူးစိုက်ကြည့်ကာ

လေ့လာနေသည်။

ဓားချောက်ကမ်းပါးက

လှူစည်ကားနေပုံရ၏။

ဓားစာလိပ်က ရုတ်တရက် “သွား၊ တည်ထောင်သူဘိုးဘေးရဲ့ ဓားကြိုးတစ်ချောင်း ရှိတယ်”ဟု ပြောခဲ့သည်။

ယန်ယဲ က ခေါင်းညိတ်ပြပြီး အနီးဆုံးရောက်အောင် လျှောက်သွားလိုက်သည်။

သူရောက်သွားချိန်မှာတော့

လူငယ်တစ်ယောက်နှင့်

မိန်းမပျိုတစ်ယောက် ရှိနေတာကို

သတိထားမိလိုက်၏။

နှစ်ယောက်စလုံးက

တင်ပျဉ်ခွေထိုင်နေကြသည်။

ဤအခိုက်အတန့်တွင်

အမျိုးသမီးက

ယနိုယဲ့ရောက်လာတာကို

အာရုံခံမိသည့်အလား ရုတ်တရက်

လှည့်ကြည့်လိုက်သည်။ ယန်ယဲ့

က နှုတ်ဆက်သည့်ပုံစံအတိုင်း

အနည်းငယ်

ခေါင်းညိတ်ပြလိုက်၏။သို့သော်လ

ည်း အမျိုးသမီးက အကြည့်ကို

ချက်ချင်းလွှဲဖယ်သွားသည်။

ယန်ယဲ့ က စိတ်ကွက်မသွားပေ။
ကျင့်ကြံခြင်းလောကမှာ
လူအများအပြားက
အမြဲတမ်းဖော်ရွေလေ့မရှိပါ။

ခဏာအကြာတွင်

ယန်ယဲ့၏အကြည့်များက

ချောက်ကမ်းပါးနံရံပေါ်သို့

ကျဆင်းသွားသည်။

သူကြည့်နေရင်းဖြင့်

မှန်တစ်ချပ်လို ချောမွေ့နေတာကို

သတိထားမိလိုက်သည်။ သို့သော်

ဘာကိုမှသတိမထားမိတာကြောင့်

ခဏလောက် လေးလေးနက်နက်
စဉ်းစားပြီး
မျက်လုံးမှိတ်လိုက်သည်။

ထိုသို့လုပ်လိုက်သည်နှင့်
သိပ်မကြာလိုက်ဘဲ
ဓားကြိုးတစ်ချောင်းကို
အာရုံခံမိသည်။

ခားစိတ်ဆန္ဒ လား။

သို့သော်

ထင်သလောက်မပြင်းထန်ပါ။

နောက်ဆုံးတွင်

အစွမ်းထက်ဆုံးခားစိတ်ဆန္ဒပင်

လျှင် အချိန်ကြာလာတာနဲ့အမျှ

အလိုလိုအားနည်းသွားတတ်ပေသ
ည်။

သို့ရာတွင် ယန်ယဲ့ ဟာ
မသိသောအကြောင်းကြောင့်
ရုတ်တရက်တုန်လှုပ်သွားမိသည်။

သူက ရှေးဟောင်းဓားဂိုဏ်း

တည်ထောင်သူ၏ ဓားစိတ်ဆန္ဒကို

ခံစားမိလိုက်လို့ပါ။

အလျှော့မပေးလိုတဲ့စိတ်ဆန္ဒ

လား။

အလျှော့မပေးတတ်သောခံစားစိတ်

ဆန္ဒ။ အတိတ်မှာ

သူပိုင်ဆိုင်ဖူးသော်လည်း

တည်ထောင်သူဘိုးဘေး၏

ခံစားစိတ်ဆန္ဒနှင့်မတူပေ။ သူ့ရှေ့က

ခံစားစိတ်ဆန္ဒဟာ ကမ္ဘာကြီး၊

ကောင်းကင်၊ အရာခပ်သိမ်းနှင့်

ကံကြမ္မာ ဆီသို့

တိုက်ရိုက်ဦးတည်နေလို့ပါ။

ဆိုလိုတာက ဤလောကတွင်

လူသားမျိုးနွယ်

မွေးဖွားလာစဉ်အခါ

နတ်ဆိုးမျိုးနွယ်ကဲ့သို့

အခြားမျိုးနွယ်များနှင့်

နှိုင်းယှဉ်ပါက ပင်ကိုယ်အားဖြင့်

အားနည်းကြသည်။

လူသားမျိုးနွယ်ဟာ

ကျွန်များသဖွယ် ဖြစ်ခဲ့ရသည်။

လူသားမျိုးနွယ်၏

လက်ရှိအခြေအနေက

မရေမတွက်နိုင်သော

စွန့်လွှတ်အနစ်နာခံမှုများကနေ

ရရှိလာခဲ့တာပါ။

လူသားမျိုးနွယ်၏

ကျင့်ကြံရေးနည်းစနစ်များအတိုင်း

ပင်။ ဘိုးဘေးအဆက်ဆက်က

ဖန်တီးနိုင်ခြင်းမရှိရင်

လူသားမျိုးနွယ်တစ်ခုလုံးဟာ

သမိုင်းထဲမှ

ပျောက်ကွယ်သွားပေမည်။

ရှေးခေတ်မှာ
အသက်ရှင်ကျန်ရစ်ခဲ့သူတိုင်းဟာ
လုံးဝကို သာမန်မဟုတ်ကြပေ။

အလျှော့မပေးတတ်သော
စိတ်ဆန္ဒကြောင့်သာ
လူသားမျိုးနွယ်တစ်ခုလုံး
ယနေ့အထိတည်ရှိလာခဲ့သည်။

အလျှော့မပေးတဲ့ခေါင်းစိတ်ဆန္ဒ...

ဝင်းက ခေါင်းစိတ်ဆန္ဒ မဟုတ်ဘဲ
ခေါင်းတာအိုယုံကြည်ချက်ပင်။

အမှန်တော့
ရှေးဟောင်းခေါင်းဂိုဏ်းတည်ထောင်

သူ၏ ဓားစိတ်ဆန္ဒက ယန်ယဲ့နှင့် တူညီပါသည်။ သို့ရာတွင် ယုံကြည်ရာလမ်းကြောင်းကတော့ မတူညီကြပေ။

ဓားတာအို ယုံကြည်ချက်တဲ့လား။

ယန်ယဲ့က ရုတ်တရက် တစ်ခုခုကို တွေးလိုက်မိသည်။ အန်နန်ကျင်းက

သူမ၏သိုင်းတာအိုယုံကြည်ချက်များကို

လုံ့စိတ်ဆန္ဒဖြင့်ပေါင်းစည်းနိုင်ခဲ့သည်။ ထိုသို့ဆိုပါက သူလည်း အလားတူလုပ်ဆောင်နိုင်သည်ကို တွေးမိလိုက်သည်။

ငါ့ရဲ့စားတာအို

ယုံကြည်ချက်ကိုပေါင်းထည့်ရမလား။

တစ်ခါတစ်ရံတွင်

ယုံကြည်ခြင်းသည်

အလွန်အရေးကြီးပါသည်။
လူတစ်ဦး၏
ခွန်အားအရင်းအမြစ်ဖြစ်သည့်
ယုံကြည်ချင်းစွမ်းအင် ကဲ့သို့
ဖြစ်လာနိုင်သည်။

ရှေးဟောင်းစာဆိုကျော်၏
တည်ထောင်သူ ဘိုးဘေးဟာ

အလျှော့မပေးတတ်သော ဓား
စိတ်ဆန္ဒကို မပိုင်ဆိုင်ခဲ့ပေ။
၎င်း၏ယုံကြည်ချက်ကိုသာ
ဓားစိတ်ဆန္ဒ ထဲသို့
ပေါင်းထည့်ခဲ့တာ ဖြစ်သည်။

ထိုအရာအားလုံးက
ဓားကြိုးမှတစ်ဆင့် ယန်ယဲ့

နားလည်လိုက်သော

သဘောတရားများပင်။

ဤအချိန်မှာပဲ အသံတစ်သံက

ယန်ယဲ့၏အတွေးကို

နှောင့်ယှက်လိုက်သည် "နင်က

ယဲ့ယန် ဆိုတာလား"

ယန်ယဲ့ က

လှည့်ကြည့်လိုက်သည်။

စကားပြောလိုက်သူက

ယခင်အမျိုးသမီးဖြစ်ကြောင်း

သတိထားမိလိုက်သည်။

ယန်ယဲ့ က

ခေါင်းညိတ်လိုက်သည်။

အမျိုးသမီး က

လစ်လျူရှုထားပုံဖြင့် "နှင်

အတွင်းစည်းတပည့်အဖြစ်

အစစ်ဆေးခံတယ်လို့

ကြားလိုက်တာနဲ့ ချက်ချင်းကို

အတွင်းစည်းတပည့်တစ်ယောက်

ဖြစ်သွားတယ်" ဟု
ပြောလိုက်သည်။

ယန်ယဲ့ က ပြုံးပြီး "အဲဒါ
တရားမဝင်ဘူး ဟုတ်လား"

အမျိုးသမီး က သူ့ကို တစ်ချက်ကြည့်လိုက်ပြီး “နင်က အရမ်း မာနကြီးတာပဲ”

ယန်ယဲ့ က ခေါင်းခါလိုက်သည် “မင်းမှားတယ်။ ငါက တချို့ရည်ရွယ်ချက်တွေ၊ စည်းမျဉ်းစည်းကမ်းတွေနဲ့မကိုက်

ညီတာပါ။ ဒါဆို ငါက
မာနကြီးတယ်လို့
မင်းထင်သေးလား”

အမျိုးသမီးက ယန်ယဲ့ကို
အချိန်အကြာကြီး စိုက်ကြည့်ပြီး
“မစ်ရှင်တစ်ခုရှိတယ်၊ အတူတူ
လုပ်ချင်လား”

“မစ်ရှင်လား” ယန်ယဲ့က ခေါင်းခါလိုက်ပြီး “ငါစိတ်မဝင်စားဘူး”

“နင်က ပင်မတပည့်မဖြစ်ချင်ဘူးလား”အာ မျိုးသမီး က ထပ်မေးလိုက်သည်။

ယန်ယဲ့ က ပြုံးပြီး “ငါ့ကို

မလိမ်ပါနဲ့။ ငါက

ပင်မတပည့်ဖြစ်လာဖို့ဆိုရင်

အနည်းဆုံး အဆင့် ၄

အကန့်အသတ်ချိုးဖျက်နယ်ပယ်

ဖြစ်နေရမယ်။ ပြီးတော့

အသက်အရွယ်နဲ့ပတ်သက်တဲ့

တင်းကျပ်တဲ့

လိုအပ်ချက်တစ်ခုလည်း

ရှိသေးတယ်"

အမျိုးသမီး က ခေါင်းခါလိုက်ပြီး

"ဒါက အရင်တုန်းကပဲ။ အခု

ငါတို့မှာ အခွင့်အရေးရှိတယ်"

ယန်ယဲ့ က “ဘာလဲ”

အမျိုးသမီး က “စစ်ပွဲကမ္ဘာကို ကြားဖူးလား”

စစ်ပွဲကမ္ဘာလား။

ယန်ယဲ့ က ခေါင်းညိတ်လိုက်သည်
“ငါနည်းနည်းသိတယ်”

အမျိုးသမီး က ဆက်ပြောသည်
“ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုး
နွယ်က သိပ်မကြာခင်မှာ
ထာဝရနိုင်ငံတော်ကို
စစ်ကြေညာတော့မယ်။

အဲဒီအချိန်မှာ ငါတို့ကို စစ်တိုက်ဖို့

ဆင့်ခေါ်လိမ့်မယ်။

အခုလောလောဆယ်

စစ်ပွဲကမ္ဘာက

လူတွေပိုပြီးလိုအပ်နေတယ်လို့

ကြားမိတယ်။

အပြင်လူတွေဝင်ခွင့်ပေးထားပြီ။

စမ်းကြည့်ချင်လား”

ယန်ယဲ့ က ခဏတုံ့ဆိုင်းသွားပြီး
"စစ်ပွဲကမ္ဘာကို ဝင်ရောက်ဖို့
လိုအပ်ချက်တွေက
ပင်မတပည့်ဖြစ်ဖို့ထက်တောင်
ပိုမြင့်တာမဟုတ်ဘူးလား"

အမျိုးသမီး က

ခေါင်းခါရင်းပြန်ပြောသည်

“အခုက လိုအပ်ချက်တွေ

တော်တော်နည်းနေပြီ။ ဒါမှမဟုတ်

ပိုပြီးတိကျအောင်ပြောရရင်တော့

အလယ်အလတ်အဆင့်

အင်အားစုတစ်ခုကို

ဆင့်ခေါ်ချင်နေတာ။ ငါတို့က

စစ်ပွဲကမ္ဘာကို

ဝင်ရောက်နိုင်သရွေ့တော့

ဂိုဏ်းကနေ

ပင်မတပည့်ဖြစ်လာဖို့အခွင့်အရေး

ပေးထားတယ်။

ဘာ့ကြောင့်လဲဆိုတော့

အင်အားစုတိုင်းက

ပင်မတပည့်တွေကို

အပြင်ထွက်ခွင့်မပေးကြလို့။

တစ်နည်းပြောရရင်တော့

ဒီတစ်ခေါက်မှာ

ဘယ်အင်အားစုကမှ

ပင်မတပည့်တွေမပါဘူး။

ဒါငါတို့အတွက် အခွင့်အရေးပဲ"

စစ်ပွဲကမ္ဘာ ။

ယန်ယဲ့ သည် ထိုအကြောင်းကို

သဘာဝကျကျ သိထားသည်။

ထိုနေရာက

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုးနွ

ယ်ကို တိုက်ခိုက်ရန်

ထာဝရနိုင်ငံတော်၏ ပညာရှင်များ

မွေးထုတ်ပေးရာဖြစ်သည်။

အမှန်တော့ သူလည်း
စစ်ပွဲကမ္ဘာကို
သွားကြည့်ချင်နေခဲ့သည်။

ယန်ယဲ့ က အမျိုးသမီးကို
စိုက်ကြည့်ရင်း "မင်းက ဘာလို့
ငါ့ကိုဖိတ်ခေါ်နေတာလဲ"

အမျိုးသမီး က ဂရုမစိုက်ဘဲ
ပြန်ပြောသည်
“နင်တစ်ယောက်တည်းတော့
မဟုတ်ဘူး။ တခြား
အတွင်းစည်းတပည့်တွေလည်းပါ
တယ်။ ဒါမှမဟုတ်
ကိုယ့်ကိုယ်ကိုယုံကြည်တဲ့သူတွေ

က ကြိုးစားမယ်လို့
ပြောလို့ရတယ်။ တတ်နိုင်ရင်
အနည်းဆုံးတော့
တစ်ယောက်နဲ့တစ်ယောက်
ဂရုစိုက်လို့ရတယ်။
လူတွေရှိတဲ့နေရာမှာ ပဋိပက္ခတွေ
အမြဲရှိတတ်တာ သဘာဝပဲလေ။
အပြင်လောကဆိုတာ ဒီမှာထက်
အဆတစ်ရာ ပိုရက်စက်တယ်”

ယန်ယဲ့ က

ခဏလောက်စဉ်းစားပြီး

“စစ်ပွဲကမ္ဘာမှာပါဝင်လိုက်တာနဲ့

ငါတို့က

ပင်မတပည့်ဖြစ်လာမှာသေချာ

လား”ဟုမေးလိုက်၏။

အမျိုးသမီး က

ခေါင်းခါလိုက်သည်

"သေချာမပြောတတ်ဘူး"

ယန်ယဲ့ က

ခဏကြာအောင်စဉ်းစားပြီး

"ကောင်းပြီ၊ စမ်းကြည့်ရအောင်"

ဟု ပြန်ဖြေလိုက်သည်

“တစ်လ..” အမျိုးသမီး က ဆက်ပြောသည် “အခုကစလို့ တစ်လပြည့်တာနဲ့ ပေါ်တယ်စနစ်ကိုရောက်အောင် လာ။ ဒီလအတွင်းမှာ ကောင်းကောင်းပြင်ဆင်ပါ။ မှန်တယ် ငါ့နာမည်က မိုယာ”

မိုယာ...

ယန်ယဲ့ က ခေါင်းညိတ်လိုက်ပြီး
"တစ်လကြာရင်ပြန်တွေ့မယ်"

စကားပြောပြီးနောက်

ထိုင်နေရာမှထကာ

ထွက်လာခဲ့သည်။

ယန်ယဲ့ ထွက်သွားတာနဲ့

လူငယ်လေးက

ရုတ်တရက်မျက်လုံးဖွင့်လာပြီး

"နတ်ဆိုးမို၊ မင်းဘာလို့
သဘောကျနေတာတုန်း"

"မရဘူးလား" အမျိုးသမီး က
ဂရုမစိုက်ဘဲ ပြန်ပြောသည်။

လူငယ်က "သတိပေးပါရစေ။
သူက သာမန်မဟုတ်တဲ့အတွက်

သူ့ကို ပစ်မှတ်မထားရင်
အကောင်းဆုံးပဲ။ မဟုတ်ရင်
ဘာမှန်းမသိလိုက်ဘဲနဲ့
မင်းသေသွားနိုင်တယ်”

“အိုး…” မိုယာ က ရုတ်တရက်
ထိတ်လန့်သွားဟန်လုပ်လိုက်ရင်း
“ရှုရီဟန်၊ သူက

သာမန်မဟုတ်ဘူးလို့ ငါ့ကို
ပြောနေတာလား”

ရှုရီဟန် ဟူသောလူငယ်က
ဖြည်းညှင်းစွာထရပ်လိုက်ပြီး
“ဒါပဲပြောစရာရှိတယ်။
ယုံတာမယုံတာက မင်းအပိုင်း ”

စကားပြောပြီးတာနဲ့
ပျောက်ကွယ်သွားသည်။

မိုယာ က ပြုံးပြီး “သူက
သာမန်လူမဟုတ်ဘူးတဲ့လား။
ဘာဖြစ်လဲ၊
သန်မာတဲ့တစ်စုံတစ်ယောက်ကို
မတွေ့ရတာ တော်တော်ကြာပြီ”

ဤအချိန်တွင် ယန်ယဲ့ သည်
သူ့ကိုယ်ပိုင်နေရာသို့
ပြန်ရောက်လာသည်။
အခန်းထဲကိုဝင်လာပြီးနောက်
မှူလစေတီထဲသို့
ချက်ချင်းဝင်သွားသည်။

ဓားစာလိပ်က သူ့ရှေ့မှာ ပေါ်လာသည်။ သူမက ယန်ယွဲ့ကို တစ်ချက်ကြည့်ကာ "အဲဒီအမျိုးသမီးက သွေးဆောင်ဖျားယောင်းနိုင်တဲ့ ခန္ဓာကိုယ်ပိုင်ဆိုင်ထားတာထင်တယ်။ဒါက ဇီရှန်ရဲ့ မွေးရာပါယင်နတ်ဘုရားခန္ဓာကိုယ်နဲ့ ဆင်တူတယ်"

ယန်ယဲ့ က

အနည်းငယ်အံ့အားသင့်သွားပြီး

နောက် သူက ပြုံးလိုက်ပြီး "ဒါက

ငါနဲ့ ဘာဆိုင်လို့လဲ"

ဓားစာလိပ် က

“လူငယ်မျိုးဆက်ချင်းဆိုတော့

သူမရဲ့ရည်ရွယ်ချက်က...

ပြောရရင် သူက နင့်ကို

ပစ်မှတ်ထားနေတာပဲ။

သချာတာကတော့

ဒီအမျိုးသမီးက

နှင့်မှာရှိတဲ့အရာအားလုံးကို
စုပ်ယူချင်နေတာဖြစ်နိုင်တယ်”

ဤအချိန်တွင် ယန်ယဲ့က
တစ်ခုခုကို တွေးနေပုံရသည်
“ဒါက
ဇိရှန်ရဲ့နတ်ဘုရားခန္ဓာကိုယ်နဲ့ဆင်
တူတယ်လား”

ဆားစာလိပ်က

ခေါင်းညိတ်လိုက်သည်။

“အိုး…” ယန်ယဲ့က

တစ်စုံတစ်ခုကိုတွေးမိလိုက်ပုံပါ။

"ဒါဆို ငါ့အတွက်လည်းအဆင်ပြေနိုင်တယ်"

Translated By NyiNyiSoe

.အဆုံးမဲ့ဓားကမ္ဘာ (ထာဝရနတ်ဘုရားနိုင်ငံတော်)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၈၆၄ - အနိုင်ရသူက

သမိုင်းရေးထိုးတယ်

ယန်ယဲ့ သည် ထိုနည်းလမ်းကို

တွေးလိုက်မိပြီးမှ ရုတ်တရက်

ထိတ်လန့်သွားမိသည်။

ချက်ချင်းဆိုသလိုပဲ သူ့ကိုယ်သူ
ပြန်ထိန်းလိုက်၏။

သူ့တွင်
အရေးကြီးသောအရာများလုပ်
ဆောင်ရန်ရှိနေသေး၏။

လောလောဆယ်မှာ

ထိုအကြောင်းကို

စိတ်ဝင်စားနေလို့မရပေ။

ယန်ယဲ့ က

ကျင့်ကြံနေကျအခန်းထဲသို့ဝင်ကာ

တင်ပျဉ်ခွေထိုင်ချလိုက်သည်။

ထို့နောက် သူ၏မျက်လုံးများကို

ဖြည်းညှင်းစွာမှိတ်ထားလိုက်သည်
။

တာအိုအပေါ်ယုံကြည်ချက် ။

အန်နန်ကျင်း၏
ယုံကြည်ခြင်းလုံ့ထိုးချက်ဟာ
သိုင်းတာအိုအပေါ်

နက်ရှိုင်းလှသောယုံကြည်မှုပင်။

ထို့အပြင် တစ်ဖက်ရန်သူကို

လုံ့တစ်ချက်တည်းနဲ့

အပြတ်ရှင်းပစ်နိုင်လောက်သော

ယုံကြည်မှုဖြစ်လေသည်။

ယန်ယဲ သည်

ထိုအကြောင်းကိုတွေးမိလေလေ

သူ့ကိုယ်သူ
ဒေါသထွက်နေမိသည်။
သူ့စိတ်ထဲမှာ ထိုအကြောင်းကို
တစ်ခါမှ မစဉ်းစားမိလို့ပါ။

အချိန်အတော်ကြာထိ
တွေးတောပြီးနောက် ယန်ယွဲ့ဟာ
ထိုမေးခွန်းကို သူ့ကိုယ်သူ

ပြန်မေးလိုက်သည်။
ကာကွယ်လိုသည့်
ယုံကြည်ချက်ဖြစ်ကြောင်း
သူသဘောပေါက်လိုက်သည်။

သူ့အနားက လူတိုင်းကို
ထာဝရကာကွယ်ပေးလိုသည်။

အခန်းထဲတွင် ယန်ယဲ့ ဟာ
နေ့ရောညပါ တိတ်ဆိတ်စွာ
ထိုင်နေလေသည်။
ဒုတိယမြောက်နေ့မှာတော့
ရုတ်တရက်ထရပ်လိုက်သည်။
စားနယ်မြေကို အသက်သွင်းကာ
အခန်းအား ဖုံးအုပ်လိုက်သည်။
ထို့နောက်တွင်တော့
ယန်ယဲ့၏အရေပြားအောက်က

တုန်ခါလာပါသည်။
ခဏာအကြာတွင် သူ့ထံမှ
ပြင်းထန်သော
သွေးမျိုးဆက်ဖိအားများထွက်ပေါ်
လာသည်။

ငါ့သွေးမျိုးဆက်စွမ်းအားက
အဆင့်မြင့်လာတာလား။

ယန်ယဲ့က
ရှေ့ကိုမျှော်ကြည့်နေရင်းဖြင့်
လက်ထဲမှာကိုင်ထားသော ဓားဖြင့်
ရှေ့သို့လှမ်းထိုးလိုက်သည်။

သူ၏ယုံကြည်ရာသည်
ထာဝရအသက်အတွက်

တိုက်ခိုက်ဖို့မဟုတ်သလို
မဟာတာအို့ကို
နားလည်ဆင်ခြင်ရန်ပင်။

ယုံကြည်ချက်စွမ်းအား ။

ဓားစိတ်ဆန္ဒကဲ့သို့ပင်၊ ၎င်းသည်
သက်ရှိအရာမဟုတ်ပေ။

သို့သော် ယုံကြည်ချက်စွမ်းအင်က
သူ၏ဓားကို
ယခင်ထက်ပိုမြန်လာစေသည်။
အရေးကြီးဆုံးအပိုင်းကတော့
အရင်ကထက်
ပိုပြီးရက်စက်ကြမ်းကြုတ်မှုဖြစ်
လာစေသည်။

ဤအတောအတွင်း ယန်ယဲ့ ဟာ
အရူးတစ်ယောက်လိုမျိုး
ကျင့်ကြံနေပါသည်။ သူက
အချိန်ရသလောက်
အကန့်အသတ်ထိရောက်အောင်
ကျင့်ကြံနေတာပါ။

အပြင်ဖက်ရှိ အချိန် ၁ လက
မူလစေတီထဲမှာတော့ ၁
နှစ်နှင့်ညီမျှပါသည်။

မျက်စိတစ်မှိတ်အတွင်း အချိန် ၁
လကုန်သွားပါပြီ။

ယန်ယဲ့ သည် ကျင့်ကြံနေရာမှ

ရပ်တန့်ပြီးနောက်

မှူလစေတီထဲကနေ

ထွက်ခွာသွားသည်။

သူ့အခန်းထဲက ထွက်လိုက်တာနဲ့

မိုယာ ကိုတွေ့လိုက်ရသည်။

ထိုအမျိုးသမီးက သူ့အား

တမင်လာစောင့်နေပုံပင်။

မိုယာ က ယန်ယဲ့ကို

ခဏလောက်စိုက်ကြည့်ပြီး

“နင်ငြင်းလို့ရသေးတယ်နော်။

အခုသွားမှာက အခန့်မသင့်ရင်

နင်သေနိုင်တယ်။

နင်သေရင်တောင် ဂိုဏ်းက

နင့်အတွက်

ဘာမှလုပ်ပေးမှာမဟုတ်ဘူး။
ဒါကြောင့် နင်သဘောမတူခင်
သေချာစဉ်းစားပါ”

ယန်ယဲ့ က ခေါင်းညိတ်ပြီး
“သွားရအောင်”

သူက

ထာဝရနတ်ဘုရားနိုင်ငံတော်၏

ပညာရှင်များ မွေးထုတ်ပေးရာ

စစ်ပွဲကမ္ဘာကို

အတော်လေးကြည့်ချင်စိတ်ပြင်း

ပြနေခဲ့သည်။

မိုယာ က ပြုံးပြီး “ကောင်းပြီ။
ဒါဆို ပေါ်တယ်စနစ်ကို
သွားရအောင်”

ခရီးထွက်ရင်း ယန်ယွဲ့ကို
ရုတ်တရက် မေးလိုက်သည်
“နင်က တောင်ပိုင်းဒေသရဲ့
ယွဲ့မျိုးနွယ် ကလား”

ယန်ယဲ့ က ခေါင်းခါလိုက်ပြီး
“မဟုတ်ဘူး”

မိုယာ က
ဘာမှထပ်မပြောတော့ပေ။

အချိန်တော်တော်ကြာပြီးနောက်
နှစ်ယောက်သား ပေါ်တယ်စနစ်
ဆီသို့ရောက်လာကြသည်။
၎င်းအချိန်တွင် လူအတော်များများ
ရောက်နှင့်နေပါပြီ။ အနည်းဆုံး လူ
၁၀ ယောက်ပါ။ အားလုံးက
အကန့်အသတ်ချိုးဖျက်နယ်ပယ်
များပင်။ အသန်မာဆုံးလူကတော့
သံမဏိဓားကြီးကို

ကျောပေါ်တင်ထမ်းပိုးထားသော လူထွားကြီးပါ။ ၎င်းက အဆင့် ၃ ပညာရှင်ဖြစ်သည်။

မိုယာ က ယန်ယွဲ့အား သူတို့ဆီ ခေါ်သွားပြီး လူထွားကြီးကို စိုက်ကြည့်ရင်း "နင့်ကို မိတ်ဆက်ပေးပါရစေ။ ဒါက

ငါတို့ရဲ့ အတွင်းစည်းခြံဝန်းက

စီနီယာအစ်ကို တိုင်ယွမ် ပဲ”

လူထွားကြီးက

ယန်ယဲ့ကိုစိုက်ကြည့်ပြီးနောက်

ခေါင်းခါပြရင်း “မင်းက

အခုလေးတင်

အကန့်အသတ်ချိုးဖျက်နယ်ပယ်

ကို ရောက်ခါစထင်တယ်။
ဒါကြောင့် မင်းအတွက်
အရမ်းအန္တရာယ်များလိမ့်မယ်။
နောက်ထပ်နှစ်အနည်းငယ်လော
က် ပြန်ပြီး ကျင့်ကြံနေသင့်တယ်”

ယန်ယဲ့ က ပြုံးပြီး “ဒါက
အဆင်ပြေပါတယ်၊ ငါသေမှာ
မကြောက်ဘူး”

တိုင်ယွမ် က ယန်ယဲ့ကို
စိုက်ကြည့်လိုက်ပြီး “ကောင်းပြီ၊
ဒါ မင်းရွေးချယ်မှုပဲ။
ဒါဆိုသွားရအောင်”

ဤအချိန်တွင် အဘိုးကြီးတစ်ယောက် ပေါ်လာသည်။ ၎င်းက အတွင်းစည်းခြံဝန်း၏ အကြီးအကဲရှု ပင်ဖြစ်သည်။

လူအုပ်က အကြီးအကဲရှူကိုအနည်းငယ်ဦးညွှတ်ကြသည်။

နောက်မှ

အနည်းငယ်ခေါင်းညိတ်ပြပြီး

“စစ်ပွဲကမ္ဘာမှာ မင်းတို့အားလုံးက

ငါ့ရဲ့ရှေးဟောင်းဓားဂိုဏ်းကို

ကိုယ်စားပြုလိမ့်မယ်။ ဒါကြောင့်

အတွင်းရေးတိုက်ပွဲတွေ

မဖြစ်စေချင်ဘူး။

တခြားသူတွေကို

လှောင်ပြောင်ခွင့်မပေးမိစေနဲ့”

စကားပြောနေစဉ် ယန်ယဲ့နှင့်
အခြားတစ်ဖက်ရှိ
အဖြူရောင်ဝတ်စုံဝတ်လူငယ်ကို
ကြည့်လိုက်သည်။

ဤအတောအတွင်း မိုယာ က
ယန်ယဲ့အား

တိတ်တဆိတ်လှမ်းပြောသည်

“အဲဒါ လုယွန်ရှန်း ။

အတွင်းစည်းတပည့်ဖြစ်လာတဲ့အ

ချိန်မှာ

နည်းနည်းလေးနာမည်ကြီးတယ်။

နင်တို့နှစ်ယောက်စလုံးက

အတူတူပါပဲ။... ဘာပဲဖြစ်ဖြစ်

သတိထားပါ”

ယန်ယဲ့က
အဖြူရောင်ဝတ်စုံဝတ်လူငယ်ကို
တစ်ချက်ကြည့်ကာ
သူ့အကြည့်ကို ဖယ်လိုက်သည်။

ဤအတောအတွင်း အကြီးအကဲရှူ
က "ဒါက မင်းတို့အားလုံးအတွက်

အခွင့်အရေးပဲ။
ဂိုဏ်းအနေနဲ့ကတော့ ဂိုဏ်းက
မင်းတို့တွေ စစ်ပွဲကမ္ဘာကို
တကယ်ဝင်သွားမှပဲ
အကျိုးရှိလိမ့်မယ်။ တကယ်လို့
မင်းတို့သာ အထဲကိုဝင်သွားနိုင်ရင်
ရက်ရက်ရောရော ဆုချမယ်လို့
ကတိပေးနိုင်တယ်”

ယန်ယဲ့ က ရုတ်တရက်မေးလိုက်သည် "ဘာဆုလာဘ်လဲ"

အားလုံးက ယန်ယဲ့ကို စိုက်ကြည့်နေကြသည်။

အကြီးအကဲရှု က ယန်ယဲ့ကို
တစ်ချက်ကြည့်လိုက်ပြီး
“ဒါတွေအားလုံးကို
ဘာလို့မေးတာလဲ။ ဝင်ပြီးတာနဲ့
သိလာလိမ့်မယ်”

အဘိုးကြီးက သူ့အား
သိပ်သဘောမကျမှန်းသိနေတာ

ကြောင့် ယန်ယဲ့ဟာ
အကူအညီမဲ့သလိုခံစားမိသည်။

အကြီးအကဲရှု က
ဆက်ပြောနေပါသည် “ဒီတစ်ခါ
ငါတို့ရဲ့ရှေးဟောင်းဓားဂိုဏ်းတစ်ခု
ပဲဝင်တာမဟုတ်ဘူး။
တောင်ပိုင်းဒေသရဲ့ ယဲ့ကလန်၊

အရှေ့တိုင်းရဲ့ လုံကလန်၊ ဗဟိုနယ်မြေရဲ့ ယွဲ့ကလန် လည်းပါတယ်။ မင်းတို့ အဲဒီကိုရောက်တာနဲ့ ငါတို့ဂိုဏ်းကို အရှက်မကွဲစေနဲ့။ နားလည်လား”

လူတိုင်း ခေါင်းညိတ်ကြသည်။

အကြီးအကဲရှု က ခေါင်းညိတ်ပြီး
"သွားကြတော့..."

ခဏအကြာတွင်တော့
လူငယ်အုပ်စုဟာ
ပေါ်တယ်စနစ်ထဲသို့
ဝင်ရောက်သွားကြသည်။

သူတို့ထွက်သွားပြီးသည်နှင့်
အကြီးအကဲရှု ဘေးနားတွင်
အပြင်စည်းအကြီးအကဲကုန်းမင်
ပေါ်လာသည်။

အကြီးအကဲရှု က
“ငါစုံစမ်းခိုင်းတာကို
မင်းသိလာပြီလား”

အကြီးအကဲကုန်းမင် က
ခေါင်းခါလိုက်ပြီး “ယခုကလန်
အကြောင်း ငါစုံစမ်းပြီးပြီ။
ပြီးတော့ သူတို့ မျိုးနွယ်ထဲက

တစ်ယောက်ယောက်က ငါ့ကို

လာတွေ့တယ်။ မလိုလားအပ်တဲ့

ပြဿနာတွေကို ရှောင်ဖို့အတွက်

ဆက်ပြီးမစုံစမ်းဘဲရပ်ထားလိုက်

တယ်။ ဒါ့ကြောင့် သူက

ယှဲ့ကလန်ရဲ့တရားမဝင်ကလေးမ

ဖြစ်နိုင်လောက်ဘူး။

အကြီးအကဲလီ တစ်ယောက်ပဲ

သူရဲ့ကိုယ်ရေးကိုယ်တာအမှန်ကို

သိနိုင်တယ်။ ဒါပေမဲ့

အကြီးအကဲလီ က သေသွားပြီ။

ဒီတော့ သူ့အထောက်အထားက

တော်တော်သံသယဖြစ်စရာလို့

ထင်တယ်”

သံသယဖြစ်စရာကောင်းတယ်။

အဘိုးကြီးရှ ၏မျက်လုံးများ
အနည်းငယ်
ကျဉ်းမြောင်းသွားသည်
“မင်းမှန်တယ်။ သူက
သံသယဖြစ်စရာ ကောင်းတယ်”

အကြီးအကဲကုန်းမင် က
လေးနက်စွာပြောခဲ့သည်

“သူ့ရဲ့ခွန်အားက
အကြီးအကဲကုန်းမင် ကိုသတ်ဖို့
မလုံလောက်ပါဘူး။ သူ့ကို
တခြားအင်အားစုက
ကျောထောက်နောက်ခံပြုထား
တာများလား။ တကယ်လို့ ဒါသာ
အမှန်တကယ်ဖြစ်နေရင်
ငါတို့ဂိုဏ်းကို
ပစ်မှတ်ထားနေတာဖြစ်နိုင်တယ်”

အကြီးအကဲရှု က

အချိန်အတော်ကြာ

တိတ်ဆိတ်သွားပြီး “သူက

အရာအားလုံးကို ကောင်းကောင်း

ဖုံးကွယ်ထားတာပဲ။

သူ့ရည်ရွယ်ချက်က

ရှေးဟောင်းဓားစာလိပ်နဲ့

ကောင်းကင်ဓားကျမ်းစာ

တင်ပဲမဟုတ်ဘူးထင်တယ်”

အကြီးအကဲကုန်းမင် က “ငါတို့

အင်အားသုံးပြီးဖော်ထုတ်ရမလား

”

အကြီးအကဲရှု က

ခေါင်းခါလိုက်ပြီး “ဒါကို

အခုလောလောဆယ်ထားလိုက်ပါ

။ သူ့မှာ တကယ်သာ

ကျောထောက်နောက်ခံရှိရင်

ငါတို့က

ပြဿနာတက်သွားနိုင်တယ်။

မဟုတ်ရင်တော့ ငါတို့က

အထင်လွဲမှားပြီး

ဉာဏ်ကြီးရှင်တစ်ယောက်ဖြစ်လာ

မယ့်သူမျိုး ဆုံးရှုံးနိုင်တယ်။

အခုအချိန်မှာ အရေးကြီးတာက

ဉာဏ်ကြီးရှင်တွေပဲ။ သူ့ခွန်အားကို

ကောင်းကောင်းဖုံးကွယ်ထားတ

ယ်ဆိုတာ ငါပြောနိုင်တယ်။

ငါ့အထင်တော့

သူ့ရဲ့တိုက်ခိုက်ရေးစွမ်းအားက

အဆင့် ၃ ဒါမှမဟုတ အဆင့် ၄

ပညာရှင်နဲ့ညှိမှျတယ်”

အကြီးအကဲကုန်းမင်၏

မျက်လုံးများ

ရုတ်တရက်ကျဉ်းမြောင်းလာကာ

“ဒါမဖြစ်နိုင်ဘူး မဟုတ်လား”

အကြီးအကဲရှု က “သူမင်းကို
လုံး၀ မကြောက်ပါဘူး။
အဲဒါအတွက် ရှင်းပြချက်တစ်ခုပဲ
ရှိတာပေါ့၊ သူက မင်းကို
အနိုင်ယူနိုင်ယူနိုင်တယ်လို့သေချာ
ပေါက်ယုံကြည်ထားတာ။
ဒါ့အပြင် ငါ
မူလနတ်ဆိုးဝံပုလွေကိုမေးကြည့်
တော့ သူက

အရမ်းအန္တရာယ်များတယ်။
အဲဒီထက်တောင်
ပိုပြီးအန္တရာယ်များတယ်လို့
ပြောခဲ့တယ်။

အခုလောလောဆယ်တော့
ဘာပဲဖြစ်ဖြစ် သူ့အကြောင်းကို
မစုံစမ်းနဲ့ဦး။ သူရောက်နေတာက
ငါတို့ရဲ့ဂိုဏ်းကို
အန္တရာယ်ပြုဖို့ဆိုရင်

ငါကိုယ်တိုင်လျှပ်ရှားမယ်။

မဟုတ်လို့ သူက

သာမန်သဘောရိုးပဲဆိုရင်တော့

ငါတို့ဂိုဏ်းရဲ့ ဗဟိုမဏ္ဍိုင်ဖြစ်လာဖို့

သဘာဝအတိုင်း

သူ့ကိုပျိုးထောင်ပေးရတာပေါ့”

အကြီးအကဲကုန်းမင်က ခေါင်းညိတ်လိုက်သည်။

…

နှစ်နာရီအကြာတွင် ယန်ယွဲ့တို့အုပ်စုဟာ

ပေါ်တယ်စနစ်ကနေ ထွက်လာပြီးတောင်ထိပ်တစ်ခုပေါ်တွင် ပေါ်လာကြသည်။

ယန်ယဲ့ က "ဒါက စစ်ပွဲကမ္ဘာလား"

မိုယာက ခေါင်းခါလိုက်ပြီး “ဒါက ဝင်ပေါက်ပဲရှိသေးတယ်။ အထဲမှာရှိတဲ့ လူတွေက ငါတို့ကို အခေါ်လွှတ်လိမ့်မယ်။ ပြီးတော့ အထဲကို ဝင်ဖို့ ဘာတွေ လိုအပ်လဲ ဆိုတာ သိရမှာပေါ့”

ယန်ယဲ့ က ခဏတုံ့ဆိုင်းသွားပြီး "ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုးနွယ်အကြောင်းကို မင်းဘာသိထားလဲ" ဟုမေးလိုက်သည်။

မိုယာက "နည်းနည်းသိတယ်။ သူတို့က

အရမ်းကြောက်ဖို့ကောင်းတယ်လို့
တစ်ခါက ကြားဖူးတယ်။
ဘာပဲဖြစ်ဖြစ်ပါလေ၊
ငါတို့အနိုင်ယူခဲ့တဲ့အရှုံးသမားတွေ
ပါပဲ။ ဒီတစ်ခေါက် သူတို့ပြန်စဖို့
ကြိုးစားနေတယ်လို့
ကြားပါတယ်။ ခစ်ခစ်.... သူတို့က
သေခြင်းတရားကို

တော်တော်ချစ်မြတ်နိုး

နေကြတာပဲ”

ယန်ယဲ့ က

အနည်းငယ်အံ့သြသွားကာ

“ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုး

နွယ်က မင်းအတွက်

ကြောက်စရာမဟုတ်ဘူးလား”
ဟုပင်မေးလိုက်မိသည်။

မိုယာ က “သူတို့က
အရမ်းကြောက်စရာကောင်းတယ်
လို့ နင်ထင်သလို ဟုတ်ပါတယ်၊
သူတို့မှာ
ခွန်အားတွေရှိတယ်ဆိုတာ

ငါငြင်းလို့မရပါဘူး။

ဒီလိုမှမဟုတ်ရင်

လွန်ခဲ့တဲ့နှစ်တွေမှာ

ငါတို့ရဲ့ထာဝရနိုင်ငံတော်ကို

တိုက်ခိုက်ဝံ့မှာလား။

ရလာဒ်ကိုတော့

နင်လည်းသတိထားမိမှာပါ။

ရလာဒ်က သူတို့ရှုံးသွားတာပဲ”

ယန်ယဲ့ က မိုယာကို
အချိန်အတော်ကြာစိုက်ကြည့်ပြီး
"သေချာပေါက် ငါပြောနိုင်တာက
အနိုင်ရတဲ့သူကပဲ သမိုင်းကို
ရေးထားတာပါ"

အမှန်ပင်၊ ထာဝရနိုင်ငံတော်သည်

အနာဂတ်မျိုးဆက်များကို

လက်ဆင့်ကမ်းရာတွင်

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုးနွ

ယ်ဟာ

အားနည်းကြောင်းရှင်းပြထားပုံပါ။

ထိုအတိုင်းပါပဲ၊

ထာဝရနိုင်ငံတော်ရှိ

အများအပြားက

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုးနွ

ယ်ဟာ

လုံးဝကြောက်စရာမဟုတ်ကြော

င်း ယူဆကြသည်။

Translated By NyiNyiSoe

.အဆုံးမဲ့စားကမ္ဘာ

(ထာဝရနတ်ဘုရားနိုင်ငံတော်)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၈၆၅ - ငါ

အရမ်းသန်မာတယ်။

ကောင်းတာလား။

မကောင်းဘူးလား ။

ယန်ယဲ့၏အမြင်အရတော့

ထာဝရနိုင်ငံတော်အတွက်

လုံးဝမကောင်းလှပေ။ သူတို့က

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုးနှ

ယ်၏ စစ်မှန်သောခွန်အားကို

မသိကြလို့ပင်။

ဖုံးကွယ်ထားခြင်းက

ထာဝရနိုင်ငံတော်ကို

ယုံကြည်မှုအပြည့်ဖြစ်စေသည့်တို

င် လက်တွေ့ရင်ဆိုင်ရလျှင်

လုံးဝအိပ်မက်ဆိုးတစ်ခုဖြစ်လာ

ပေမည်။

မည်သို့ပင်ဖြစ်စေ ယန်ယဲ့
ကတော့ ထာဝရနိုင်ငံတော်၏
အခြေအနေကိုစိတ်မဝင်စားပါ။

နောက်ဆုံးတွင် ၎င်းသည် သူနှင့်
နှင်းပွင့်လေးကို တောက်လျှောက်

ပစ်မှတ်ထားနေသည်မဟုတ်ပါ

လား။

အကယ်၍

လောကစစ်ပွဲစတင်သည်နှင့်

သူသည် ခြွင်းချက်မရှိ

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုးနှ

ယ်ကိုသာ

သေချာပေါက်ရွေးချယ်ပါမည်။

ဤအတောအတွင်း မိုယာ က

ယန်ယဲ့ကိုစိုက်ကြည့်ကာ

“ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုး

နွယ်က

အရမ်းပဲကြောက်စရာကောင်းတ

ယ်လို့ ထင်သလား” ဟု
မေးကြည့်၏။

ယန်ယဲ့ က ခေါင်းယမ်းကာ
ပြုံးလိုက်ပြီး
“ဒါကိုမေ့ထားလိုက်ပါ။
မေးလိုက်ရုံသက်သက်ပဲလေ၊
မင်းစိတ်မဝင်စားဘူးမဟုတ်လား”

မိုယာက ဘာမှပြန်မပြောပေ။

ဤအချိန်တွင် ကောင်းကင်ယံ၌ အလင်းတန်းတစ်ခုပေါ်လာသည်။ သိပ်မကြာလိုက်ဘဲ သူတို့ရှေ့မှာ ဆင်းသက်လာသည်။ ခဏအကြာတွင်တော့

အနက်ရောင်ဝတ်စုံဝတ်လူငယ်တစ်ဦးကို မြင်တွေ့လိုက်ကြသည်။

လူငယ်က သူတို့အဖွဲ့ကို တစ်ချက်ကြည့်ပြီး "ရှေးဟောင်းဓားဂိုဏ်း လား" ဟု မေးလိုက်သည် ။

တိုင်ယွမ် က ရှေ့သို့တိုး၍
လက်သီးဆုပ်ကာ “ငါတို့က
ရှေးဟောင်းဓားဂိုဏ်းရဲ့
အတွင်းစည်း၊အပြင်စည်းတပည့်
တွေပါ”

လူငယ်က မျက်မှောင်ကြုတ်ကာ “ဘာလို့ ဒီလောက်အားနည်းနေတာလဲ”

ထိုစကားကိုကြားလိုက်သောအခါ ရှေးဟောင်းစားဂိုဏ်းမှ လူငယ်များ၏အမူအရာများ ဆိုးရွားသွားသည်။

အနက်ရောင်ဝတ်စုံဝတ်လူငယ်က သူတို့အား မျက်နှာသာမပေးဘဲ ပေါ်တင်ဖြတ်ရိုက်လိုက်တာပါ။

လူငယ်က လူအုပ်၏အမူအရာကို လစ်လျူရှုပြီး
"ရှေးဟောင်းဓားဂိုဏ်းရဲ့

ဓားကျင့်ကြံသူတွေက
အရမ်းသန်မာမယ်လို့ငါထင်ခဲ့တာ။
ဒါပေမဲ့ အသန်မာဆုံးက အဆင့် ၃
မှာပဲရှိနေဦးမယ်လို့
ငါမထင်ထားမိဘူး။
အကန့်အသတ်ချိုးဖျက်နယ်ပယ်
ကိုရောက်ခါစတွေတောင်ပါသေး
တယ်။ မင်းတို့စိတ်ထဲမှာ

ဒီကိုအလည်အပါတ်ခရီးထွက်လာတယ်များထင်နေသလား”

တိုင်ယွမ် က မကျေမနပ်ဖြင့် “ငါတို့က ကြီးကျယ်ခမ်းနားတဲ့ ညာကျကြီးရှင်တွေမဟုတ်ရင်တောင်

မင်းထင်သလောက်အားမနည်းပါ

ဘူး”

“ဟုတ်လား” လူငယ်က

အေးစက်စွာ ရယ်မောပြီး

“ရိုးရိုးသားသားပြောခွင့်ပြုပါ။

မင်းတို့အားလုံး

တကယ်ကိုအားနည်းလွန်းတယ်”

ထိုစကားကို
ထပ်ပြီးကြားလိုက်ရသဖြင့်
လူတိုင်း၏မျက်နှာက
မြင်မကောင်းတော့ပေ။

တိုင်ယွမ် က လူငယ်ကို
မော့ကြည့်ကာ

အေးစက်စွာပြောလိုက်သည်

“ငါက အရမ်းမသန်မာပေမယ်လို့

မင်းဆီက

လမ်းညွှန်ချက်တောင်းချင်ပါတယ်

”

ဤအခြေအနေကို

ဆက်ပြီးငြိမ်ခံနေသေးပါက

ရှေးဟောင်းဓားဂိုဏ်း၏ဂိုဏ်းသတ
င်းဟာ

ရစရာပင်ရှိတော့မှာမဟုတ်ပေ။

“ငါ့ဆီက လမ်းညွှန်ချက်လား”

လူငယ်က

အေးစက်စွာရယ်မောရင်း

“အမှန်အတိုင်းပြောရရင်

ငါမင်းတို့အားလုံးနဲ့
မကစားချင်သေးဘူး။ ကောင်းပြီ၊
မင်းက ကစားချင်တယ်ဆိုတော့
ကစားကြရအောင်။
မင်းဘယ်လောက်အားနည်းနေတ
ယ်ဆိုတာ
သိဖို့အခွင့်အရေးပေးလိုက်ပါမယ်
လေ”

တိုင်ယွမ်က

သူ့နောက်ကျောမှာလွယ်ထား

သော သံမဏိဓားကြီးကိုဖြုတ်ကာ

လက်နှစ်ဖက်နဲ့

ဆုပ်ကိုင်လိုက်သည်။ ထို့နောက်

လူငယ်ကို စိုက်ကြည့်ကာ

ဓားကိုင်လျက်ပြေးထိုးလိုက်သည်

။

တည့်တိုးဆန်သော

တိုက်ခိုက်မှုပင်။

သို့သော် လူငယ်က
သူ့လက်တစ်ဖက်ကိုဆန့်ကာ
သံမဏိစားဖျားကို
လက်တစ်ဖက်တည်းဖြင့်
ဆုပ်ကိုင်ထားလိုက်သည်။
ဤမြင်ကွင်းကြောင့်
လူတိုင်း၏အမူအရာများ
ပြောင်းလဲသွားသည်။

သံမဏိဓားကြီးက
တုန်ခါနေသည်။ သို့ရာတွင်
လက်တစ်ဖက်တည်းဖြင့်
ဆုပ်ကိုင်ထားသည့်တိုင်
အနည်းငယ်ပင် မလှုပ်ရှားနိုင်ပေ။

တိုင်ယွမ်၏မျက်လုံးများက

ရက်စက်ကြမ်းကြုတ်မှုများ

ထွက်ပေါ်လာပြီးနောက်

ဓားအထက်သို့

ခုန်တက်လိုက်သည်။

တစ်ချိန်တည်းမှာပင်

မရေမတွက်နိုင်သော

ဓားစွမ်းအင်များ ဖြာထွက်လာကာ

မုန်တိုင်းတစ်ခုသဖွယ်

လူငယ်လေးဆီသို့
ပစ်ချသွားသည်။

ဤအချိန်တွင်
ကောင်းကင်တစ်ခုလုံးကို
ဓားစွမ်းအင်များဖြင့်
ဖုံးလွှမ်းထားသည်။

ဓားစွမ်းအင်များ

တလက်လက်တောက်ပနေသည်။

သို့သော်လည်း

ဘာအန္တရာယ်မှရှိပုံမရပေ။

ယန်ယဲ့ က မသိမသာလေး

ခေါင်းယမ်းလိုက်သည်။

ကောင်းကင်အထက်ကိုဖုံးလွှမ်း

ထားသည့်

ဓားစွမ်းအင်ကွန်ယက်ဟာ

မုန်တိုင်းကြီးသဖွယ်

ထင်ရသော်လည်း

အမှန်တကယ်တော့

အလွန်အားနည်းလှသည်။ အလှပြ

မီးရှူးမီးပန်းများ

ဖောက်ခွဲနေသလိုပင်။

ဤအချိန်တွင် လူငယ်က

သူ့လက်ကို ရှေ့သို့

တစ်ချက်ပုတ်လိုက်သည်။

သူ့လက်က ပြင်းထန်သော

စွမ်းအင်လှိုင်းများ ထွက်လာပြီး

ဓားစွမ်းအင်မုန်တိုင်းကိုချေဖျက်

သွားသည်။ တစ်ချိန်တည်းမှာပင်

တိုင်ယွမ် လည်း မီတာ ၃၀၀
အကွာထိ
လွင့်ထွက်သွားလေသည်။

လူငယ်သည်
သံမဏိဓားရှည်ကြီးကို
ဆုပ်ကိုင်ထားပြီး အေးစက်စွာ
ရယ်မောကာ “ဓားသမားလား။

ဒီလောကမှာ

အစွမ်းထက်တဲ့ဓားကျင့်ကြံသူတွေ

အများကြီးရှိနေတာဝန်ခံရမယ်။

ဒါပေမဲ့ ငါရိုးရိုးသားသားပြောရရင်

မင်းတို့အားလုံးက

အရမ်းအားနည်းတယ်။ မင်းတို့က

စစ်ပွဲကမ္ဘာ အတွက်

မသင့်တော်ဘူး"

စကားပြောပြီးသည်နှင့်
သူ့လက်ညှိုးကို ပုတ်လိုက်သည်။

သံမဏိဓားကြီးက ပြင်းထန်စွာ
တုန်ခါသွားသည်။ ထို့နောက်
အလင်းတန်းတစ်ခုအဖြစ်

ပြောင်းလဲကာ တိုင်ယွမ် ဆီသို့
ပြေးဝင်လာသည်။

သံမဏိဓားကြီးဖြတ်သန်းသွားသ
ည့် နေရာတိုင်းတွင်
အာကာသပြင်တစ်လျှောက်မှာ

ရှည်လျားသော
အက်ကြောင်းကြီးပင်ပေါ်လာလေသည်။

တိုင်ယွမ်၏မျက်လုံးများ
ကျဉ်းမြောင်းသွားသည်။
သူ့အမူအရာက ကြောက်မက်ဖွယ်ရန်သူနှင့် ရင်ဆိုင်နေရသလိုပင်။

လူငယ်က

တကယ်ကိုသန်မာလွန်းပါသည်။

သူ၏သံမဏိဓားကြီးကို

ဖမ်းဆုပ်လိုက်ပါက

မသေရင်တောင်

ဒဏ်ရာအပြင်းအထန်ရသွားနိုင်

တာကိုသတိပြုမိပေသည်။

တိုင်ယွမ် က အံကြိတ်ပြီး
လှုပ်ရှားရန်ပြင်လိုက်စဉ် သူ့ရှေ့မှာ
လူတစ်ယောက်ပေါ်လာသည်။
ထိုလူက သံမဏိဓားကြီးကို
လက်တစ်ဖက်တည်းနဲ့
ဖမ်းထားလိုက်သည်။

အခြားသူမဟုတ်ဘဲ ယန်ယဲ့ ပါ။

သံမဏိဓားကြီးက သူ့လက်ထဲမှာ အနည်းငယ်ပင်လှုပ်ရှားမှုမရှိခဲ့ပေ။

အားလုံးက ယန်ယွဲ့ကို စိုက်ကြည့်နေကြသည်။ မိုယာ ကတော့

ယန်ယဲ့ကိုစိုက်ကြည့်နေရင်း
အကြည့်ကိုလွှဲဖယ်သွားသည်။

ယန်ယဲ့ က သံမဏိဓားကြီးကို
တစ်ချက်စိုက်ကြည့်ကာ
တိုင်ယွမ်၏လက်ထဲကိုပြန်ထည့်
ပေးလိုက်သည်။ တိုင်ယွမ် က

သူ့ကို တစ်ချက်ကြည့်လိုက်ပြီး
“ကျေးဇူးတင်ပါတယ်”

ယန်ယဲ့ က ပြုံးလိုက်ပြီး
“ဘာမှမဟုတ်ပါဘူး”

ဂျာအတောအတွင်း လူငယ်က
ယန်ယဲ့ကို ဝေ့ဝဲကြည့်ပြီး

“ခန္ဓာကိုယ်အပြင်အားပညာရှင်
လား”

ယန်ယဲ့ က လူငယ်ကို
ပြန်ကြည့်ပြီး ခေါင်းညိတ်ပြသည်
“ဒီလိုပါပဲ”

လူငယ်က “ငါတို့
စမ်းကြည့်လို့ရမလား”
ဟုမေးသည်။

ယန်ယဲ့ က ခေါင်းခါလိုက်ပြီး
“စကားနည်းနည်းပြောချင်တယ်။
ငါတို့အားလုံး စစ်ပွဲကမ္ဘာထဲကို
ဝင်ခွင့်မရှိဘူးလို့ တွေးနေတာက

တော်တော်ကို

မလိုမုန်းထားတာလို့ ထင်ပါတယ်။

မင်း ငါတို့ကို

စမ်းကြည့်ချင်တာလား။

တကယ်ကို အားနည်းနေရင်တော့

သဘာဝအတိုင်း

အရှုံးပေးသွားမှာပါ။ ဘယ်သူကမှ

သူတို့ရဲ့အရည်အချင်းထက်

ကျော်လွန်ပြီး တစ်ခုခုလုပ်ဖို့

ကြိုးစားမှာ မဟုတ်ဘူး...

ဟုတ်တယ်မလား"

လူငယ်က ခေါင်းကို

အနည်းငယ်ခါယမ်းကာ

"ရိုးရိုးသားသားပြောရရင်

မင်းရဲ့ခွန်အားက

တကယ်မလုံလောက်ပါဘူး။

မင်းတို့ဂိုဏ်းထဲက

ပင်မတပည့်တွေကို စမ်းကြည့်ဖို့

တောင်းဆိုသင့်တယ်။ ဒါ့အပြင်

ငါတို့က အရန်အင်အားကိုပဲ

စုဆောင်းနေရင်တောင်မှ

အနိမ့်ဆုံးလိုအပ်ချက်ရှိသေးတယ်

။ ကံမကောင်းစွာပဲ၊

မင်းတို့အားလုံး မပြည့်မီသေးဘူး”

ယန်ယဲ့ က

ခဏလောက်စဉ်းစားပြီး

“အနိမ့်ဆုံးလိုအပ်ချက်ကဘာလဲ”

ဟုမေးလိုက်သည်။

လူငယ်က သူ့ကိုယ်သူ ညွှန်ပြပြီး

“ငါက အညံ့ဆုံးထဲက

တစ်ယောက်ပါ။ ငါ့ကို အနိုင်ယူပါ
ဒါမှမဟုတ် လက်ရည်တူ
တိုက်ခိုက်ပါ၊ မင်းဝင်လို့ရတယ်”

ထိုစကားကိုကြားသောအခါ
ယန်ယဲ့ကလွဲ၍
အခြားလူများ၏မျက်နှာပေါ်တွင်

မမြင်နိုင်သောအမှုအရာများ
ရှိနေကြသည်။

အနက်ဝတ်လူငယ်က အနည်းဆုံး
အဆင့် ၄ လောကသခင်ဖြစ်၏။

သို့သော်လည်း သူတို့အထဲမှ
အသန်မာဆုံးတိုင်ယွမ်က

လူငယ်ကို ရှုံးနိမ့်သွားလေပြီ။ အချိန်အနည်းငယ်ကြာအောင်ပင် မတိုက်ခိုက်နိုင်ဘဲ ခွက်ခွက်လန်အောင်ကိုရှုံးနိမ့်ခဲ့သည်။

သို့သော် အနက်ဝတ်လူငယ်ကို အနိုင်ယူမှသာ စစ်ပွဲကမ္ဘာကို

ဝင်ရောက်ရန်

အနိမ့်ဆုံးလိုအပ်ချက်အား

ဆုပ်ကိုင်နိုင်ပါမည်။

ယန်ယဲ က ခဏတာ

ငြိမ်သက်သွားပြီး အခြားသူများကို

စိုက်ကြည့်ကာ “

စမ်းကြည့်ချင်တဲ့သူရှိလား ”

လူငယ်က
စကားကိုမောက်မောက်မာမာ
ပြောနေသော်လည်း
သူမှားသည်ဟု
ဆိုလိုခြင်းမဟုတ်ပေ။
ထိုကဲ့သို့လိုအပ်ချက်ကို
သတ်မှတ်ထားပြီးဖြစ်ရာ

ပြည့်မှီအောင်လုပ်ဖို့က
သူတို့အပိုင်းသာဖြစ်သည်။

လူတိုင်း အကြာကြီး
တိတ်တိတ်ဆိတ်ဆိတ်နေလိုက်
ကြသည်။ အဆုံးတွင်
လူငယ်တစ်ယောက်က ရှေ့သို့

တိုးလာသည်။ လုယွန်ရှန်း ဖြစ်သည်။

လူတိုင်းက သူ့ကို စိုက်ကြည့်နေ၏။ လုယွန်ရှန်း က လူငယ်ကို စိုက်ကြည့်ကာ "ငါ စမ်းကြည့်ရအောင်"

ထိုအတိုင်းပြောပြီးသည်နှင့်

သူ့လက်ထဲမှာ ဓားတစ်ချောင်း

ပေါ်လာသည်။

တစ်ချိန်တည်းမှာပင်

ဓားစွမ်းအင်တစ်စင်း

လက်သွားပြီး လေထဲသို့

ပစ်လွှတ်လိုက်သည်။

ဓားစွမ်းအင်က အရှိန်လျှင်မြန်ပြီး

အစွမ်းထက်ပါသည်။

သာမန်ရိုးရှင်းပြီးကြောက်စရာ

ကောင်းသော

ဖိအားများကိုသယ်ဆောင်လာပုံရ

သည်။

တိုင်ယွမ်၏ဓားစွမ်းအင်ထက်
ပြင်းထန်သည်။

ဒီကောင်က ပိုပြီးသန်မာတယ်။

ယန်ယွဲ့က အနည်းငယ်
ခေါင်းညိတ်လိုက်သည်။
လုယွန်ရှန်း၏ အင်အားက

လုံးဝမဆိုးပေ။ ဓားစွမ်းအင်က
သိပ်သည်းသန့်စင်ကာ တိုင်ယွမ်
ထက်ကိုပိုပြီးအားကောင်းခဲ့သည်။

လူငယ်က “ဒါကမှ
နည်းနည်းပိုကောင်းသေးတယ်”
ဟု ဂရုမစိုက်ဘဲ ပြောလိုက်သည်။

စကားပြောပြီးသည်နှင့်

စစ်တုရင်အပိုင်းအစတစ်ခုကို

ချလိုက်သလိုမျိုး

သူ့လက်ချောင်းကို ရှေ့သို့

ပုတ်လိုက်သည်။ ထိုနေရာသည်

တုန်ခါသွားကာ

အာကာသလှိုင်းတွန့်များထလာပြီး

ဓားစွမ်းအင်ဆီသို့

တုန်ခါသွားသည်။

အာကာသလှိုင်းများမှတစ်ဆင့်
ပြင်းထန်သောဖိအားများ
သယ်ဆောင်လာပုံရ၏။

ဓားစွမ်းအင်သည် လေထဲမှာပင်
ရပ်တန့်သွားခဲ့ရသည်။
ခဏအကြာတွင်တော့

ဓားစွမ်းအင်ကို လုံးလုံးလျားလျား

ချေဖျက်သွားခဲ့သည်။

ဤအချိန်တွင် ဓားတစ်ချောင်းက

လူငယ်လေးရှေ့သို့ ရုတ်တရက်

ပေါ်လာပြီး သူ၏နဖူးကို

တည့်တည့် ပစ်ခတ်လိုက်သည်။

ဓားအရှိန်က
လျှပ်စီးကြောင်းကဲ့သို့
လျင်မြန်လှသည်။

လုယွန်ရှန်း က
အနီးကပ်တိုက်ခိုက်ရန်ရည်ရွယ်
နေပုံပါ။

လူငယ်၏ ပါးစပ်ထောင့်တွင်

အေးစက်သော အပြုံးတစ်ခု

ပေါ်လာကာ

“အနီးကပ်တိုက်ခိုက်ချင်တာလား။

အဆင့်တူနယ်ပယ်မှာ

ဘယ်သူ့ကိုမှ မကြောက်ဖူးဘူး”

စကားပြီးသည်နှင့်

သူ၏လက်သီးကို ရှေ့သို့

ဆောင့်ထိုးလိုက်သည်။

လက်သီးချက်ကနေ

ပြင်းထန်သောဖိအားလှိုင်းတစ်ခု

ထွက်ပေါ်လာသည်။ အာကာသကို

ပြင်းထန်စွာ လှုပ်ခါသွားစေသည်။

လုယွန်ရှန်း၏မျက်လုံးများ
အနည်းငယ် ကျဉ်းမြောင်းလာပြီး
သူညာလက်ကို
ခါယမ်းလိုက်သည်။

ပတ်ဝန်းကျင်အနှံ့ ဓားအူသံများ
ပဲ့တင်ထပ်ကာ
သူ၏ဓားထိပ်ဖျားမှ

ပါးလွှသောဓားစွမ်းအင်ကြိုးများ
ဖြာထွက်လာလေသည်။
ထိုဓားစွမ်းအင်ကြိုးမျှင်များဟာ
လူငယ်၏တိုက်ခိုက်မှုကို
ဖြန့်ကျက်၍ ဖုံလွှမ်းသွားသည်။

ခဏတာ တိတ်ဆိတ်သွားသည် ။

အုန်း...

ပေါက်ကွဲသံ နှင့်အတူ
ကောင်းကင်ယံတွင်
မရေမတွက်နိုင်သော
စွမ်းအင်လှိုင်းများ
ရိုက်ခတ်လာကာ ပြင်းထန်စွာ
တုန်ခါသွားသည်။

ဤအတောအတွင်း လုယွန်ရှန်းက မီတာ ၃၀၀ အကွာထိ ပြန်ဆုတ်သွားခဲ့သည်။ အခြားတစ်ဖက်တွင်မူ အနက်ဝတ်လူငယ်က မီတာ ၁၀၀ အထိပြန်ဆုတ်သွားလေသည်။

ခဏအကြာတွင်
ကောင်းကင်သည် တဖြည်းဖြည်း
ငြိမ်သက်သွားသည်။

လူငယ်က တိုက်ပွဲတွင်
အနည်းငယ်အသာစီးရခဲ့သည်။

သို့သော်

ထပ်ပြီးမတိုက်ခိုက်တော့ပေ။

သူက လုယွန်ရှန်းကို

တစ်ချက်ကြည့်လိုက်ပြီး

“သန့်စင်သိပ်သည်းလှတဲ့ဓားစွမ်း

အင်” ဟုပြောပြီး

“မင်းဝင်သွားလို့ရတယ်”

လုယွန်ရှန်း က လူငယ်ကို
လက်သီးဆုပ်ကာ ယန်ယဲ့အား
တစ်ချက်ကြည့်ပြီး ဘေးသို့
ရွှေ့လိုက်သည်။

လူငယ်က မြေပြင်ပေါ် ရှိ
အခြားလူများကို ငုံ့ကြည့်ကာ
"စစ်ပွဲကမ္ဘာက

မင်းတို့ထင်ထားတာထက်
ပိုရက်စက်တယ်။ ဒီနေရာက
သက်တောင့်သက်သာရှိတဲ့နေရာမ
ဟုတ်ဘူး၊ ဒါဟာ
ထာဝရနိုင်ငံတော်မှာ
အန္တရာယ်အရှိဆုံးနေရာပဲ။
ဒီနေရာမှာ မင်းတို့ရဲ့ခွန်အားကို
မြှင့်တင်မယ်လို့မတွေးကြနဲ့။ ဒါက

လှေကျင့်နိုင်တဲ့နေရာဖြစ်ရင်တော

င်မှ

လုံး၀ သန်မာပြီးတော့ သေခြင်းကို

မကြောက်တဲ့သူတွေကိုပဲ

အလေးအနက်ထားတယ်။

ကောင်းပြီ၊

ငါအပိုမပြောတော့ဘူး။

တခြားတစ်ယောက်ယောက်

ဝင်သွားချင်သေးလား။ ရှိရင် ရှေ့ကိုထွက်လာ..”

ဒီအချိန်မှာ သူက တစ်ခုခုကို တွေးနေပုံရပြီး ယန်ယဲ့ ကို စိုက်ကြည့်ရင်း “မင်း တော်တော် သန်မာတယ်ထင်တယ်၊ ငါ့ကို လာစမ်းကြည့်ပါလား”

ယန်ယဲ့ က

ခဏလောက်စဉ်းစားပြီး

"မင်းစကားကို ပြင်ခွင့်ပြုပါ။

ငါသိပ်သန်မာတာမဟုတ်ဘူး၊

ငါအရမ်းသန်မာတယ်!"

ဤနေရာရှိလူတိုင်း
အံ့ဩသွားကြသည်။

Translated By NyiNyiSoe

.အဆုံးမဲ့စားကမ္ဘာ
(ထာဝရနတ်ဘုရားနိုင်ငံတော်)
ဘာသာပြန်သူ - ညီညီစိုး:

အပိုင်း ၂၈၆၆ - ယန်ယွဲ့ လား၊
ဘယ်သူလဲ

အရှမ်းသန်မာတယ် ။

လူတိုင်း
သူ့ကိုစိုက်ကြည့်နေသည်။ ဒါက

နည်းနည်းတော့မောက်မာတာမဟုတ်ဘူးလား

လူငယ်သည် ခဏတာ

အံ့အားသင့်သွားပြီး “ကောင်းပြီ၊ အရမ်းကောင်းတယ်။

မင်းဘယ်လောက်တောင်

သန်မာလဲဆိုတာ ငါကြည့်ပါရစေ”

ယန်ယဲ့က

စကားထပ်မပြောတော့ပေ။

လူငယ်လေးဆီသို့

လျှပ်တစ်ပြက်ခုန်ဝင်သွားပြီး

လက်သီးတစ်ချက်ပစ်သွင်းလိုက်
သည်။

လူငယ်၏ မျက်လုံးများ
အနည်းငယ်
ကျဉ်းမြောင်းသွားသည်။ သို့သော်

သူက တုံ့ဆိုင်းမနေဘဲ ယန်ယဲ့ကို

လက်သီးဖြင့် ပြန်

ထိုးလိုက်သည် ။

သူက အဆင့်တူနယ်ပယ်မှာ

ဘယ်သူ့ကိုမှမကြောက်ပေ။

သို့ရာတွင်

ယန်ယဲ့၏လက်သီးချက်ကိုထိပ်တို

က်တွေ့မှသာ သူ့အမူအရာက

လုံးဝပြောင်းလဲသွားသည်။

အုန်း…

လူငယ်က သူ့ကိုယ်သူ ဘာဖြစ်သွားမှန်းတောင်မသိလိုက်ပေ။ ၅

မီတာအကွာသို့လွင့်ထွက်သွားသည်။

ယန်ယဲ့က မရပ်တန့်ခဲ့ပေ။ လူငယ်ရှေ့မှာ

နောက်တစ်ကြိမ်ပေါ်လာပြီး
ခြေထောက်တစ်ဖက်မြှောက်၍
ဖြတ်ကန်ထည့်လိုက်သည်။

လူငယ်က ပေါ့ပေါ့ဆဆ
ပြုမူဝံ့ခြင်း မရှိတော့ပေ။ သူက
ခြေတစ်လှမ်းပြန်ဆုတ်ပြီးနောက်
လေထဲသို့ခုန်တက်ကာ

ယန်ယဲ့အား
လက်သီးနဲ့ထိုးချလိုက်သည်။

အုန်း...

လက်သီးချက်မှ ပြင်းထန်သော
စွမ်းအင်လှိုင်းများ ထွက်လာပြီး
အာကာသကို

တုန်လှုပ်သွားစေသည်။
လက်သီးချက်က
ကြောက်မက်ဖွယ်ရာဖိအားကိုသ
ယ်ဆောင်လာသည်။

သို့သော် ယန်ယဲ့ကိုတော့
နောက်ပြန်ဆုတ်သွားအောင်
မလုပ်နိုင်ခဲ့ပေ။

ဘုန်း…

ကောင်းကင်ယံ၌
ပေါက်ကွဲသံကြီးထွက်ပေါ်လာသ
ည်။ အာကာသသည်
လျှောင်လှုပ်ခတ်နေသကဲ့သို့
ပြင်းထန်စွာ တုန်ခါသွား၏။

အသက်ရှူချိန် ဒါဇင်နဲ့ချီကြာမှသာ

အာကာသသည်

တိတ်ဆိတ်ငြိမ်သက်သွားသည်။

သို့သော်

ဆက်ပြီးမတိုက်ခိုက်ကြတော့ပေ။

လူငယ်က တုန်ရီနေသော
သူ့လက်ကိုငုံ့ကြည့်လိုက်သည်။
ခဏအကြာတွင် ယန်ယဲ့ကို
စိုက်ကြည့်ပြီး
“မင်းနည်းနည်းတော့သန်မာတယ်”

ယန်ယဲ့ ကလည်း
သူ့လက်ကိုငုံ့ကြည့်လိုက်ရာ

အနည်းငယ်တုန်ရီနေ၏။
ပြောစရာပင်မလို၊ စစ်ပွဲကမ္ဘာမှ
ကျင့်ကြံသူများဟာ
သန်မာလှသည်။

ဤအတောအတွင်း လူငယ်က
အောက်ရှိလူအုပ်ကို ငုံ့ကြည့်ကာ
“ဘယ်သူလာဦးမလဲ”

မိုယာ က ရုတ်တရက် ရှေ့သို့
လှမ်းထွက်လာကာ အပြုံးလေးနှင့်
"ငါစမ်းကြည့်မယ်"

ခြေတစ်ချက်ဆောင့်၍
လေထဲသို့ခုန်တက်လိုက်ရာ
မိုယာ၏ပုံရိပ်က

ဓားအလင်းတန်းတစ်ခုအသွင်
ပြောင်းလဲသွားသည်။

အနက်ဝတ်လူငယ်က
တိုက်ခိုက်ရန်ပြင်လိုက်၏။ မိုယာ
က
နေရာမှာပင်ဖျတ်ခနဲပျောက်သွား
ကာ လူငယ်၏အမူအရာဟာ

ချက်ချင်းပြောင်းလဲသွားသည်။
သို့သော် သူက တုံ့ဆိုင်းမနေပေ။
လက်နှစ်ဖက်ကိုပြိုင်တူဆန့်ကာ
ရှေ့သို့ပုတ်လိုက်သည်။

ဘုန်း...

လက်ဝါးနှစ်ဖက်အလယ်ကနေ
ကြောက်မက်ဖွယ်ရာစွမ်းအင်လုံ
င်းတစ်ခုပေါက်ကွဲထွက်လာသည်။

၎င်းပေါ်လာသည်နှင့်
ပတ်ပတ်လည်ရှိရေဒိယာသည်
အာကာသသင်္ချိုင်းသဖွယ်
ပြောင်းလဲသွားခဲ့သည်။

ထို့အပြင် ဘယ်သူကမှ
တိုက်ပွဲမြင်ကွင်းကို
ရှင်းရှင်းလင်းလင်းမမြင်ရတော့
ပေ။

အချိန်အနည်းငယ်ကြာပြီးနောက်
ထိုနေရာသည်

ပုံမှန်ပြန်ဖြစ်သွားဧ၏။
ဤအတောအတွင်း မိုယာ က
ယခင်ရပ်နေတဲ့နေရာမှာ
ပြန်ပေါ်လာသည်။

လူငယ် က မိုယာကို
လေးလေးနက်နက်အကြည့်ဖြင့်

အကြာကြီးစိုက်ကြည့်ကာ
"ငါအများလုပ်မိလို့"

မိုယာ က
အနည်းငယ်ခေါင်းညိတ်ကာ
ဘာမှမပြောပေ။

အခြားသူများပင်
အံ့သြသွားသည်။ မိုယာ က
လူငယ်၏အပြင်းထန်ဆုံးတိုက်ခို
က်မှုကို ဘာမှမဖြစ်လိုက်ဘဲ
ကျော်ဖြတ်ပြသွားသည်လား။

ယန်ယဲ့ က မိုယာကို
တစ်ချက်ကြည့်လိုက်သည်။

အခြားလူတိုင်း

မမြင်လိုက်သော်လည်း

သူကတော့

သေချာပေါက်ကိုမြင်တွေ့ခဲ့သည်။

မိုယာ က အနက်ဝတ်လူငယ်ကို

တစ်ချက်တည်းနဲ့

အနိုင်ယူခဲ့တာပါ။

ထို့အပြင် သူမ၏တိုက်ခိုက်မှုဟာ

အတော်လေးကို

ထူးဆန်းလှသည်။

“ငါလည်း

ကြိုးစားကြည့်ရအောင်”

ဤအချိန်တွင်

အခြားလူငယ်တစ်ယောက် ရှေ့သို့
တိုးလာသည်။

ယွဲ့ရီဟာန် ။

သူက လူငယ်ကို
လက်သီးဆုပ်လိုက်သည်။
တစ်ချိန်တည်းမှာပဲ

သူ့ခါးမှာချိတ်ဆွဲထားသော ဓားက ရုတ်တရက် ပျံထွက်လာသည်။ ဓားက လျှပ်စီးကြောင်းကဲ့သို့ပင် လျင်မြန်သည်။

ဓားပျံသုံးတာလား။

ဓားပျံက

အာကာသကိုထိုးဖောက်ကာ

လူငယ်ရှေ့သို့ရောက်လာသည်။

ဘမ်း...

လူငယ်က

နောက်ပြန်ဆုတ်လိုက်ရသည်။

ဒီအချိန်မှာ ဓားပျံက
လူငယ်၏နောက်မှာ
ရုတ်တရက်ပေါ်လာသည်။

သို့သော် လူငယ်၏တုံ့ပြန်မှုက
အတော်လေးမြန်ဆန်ပါသည်။
နောက်ကို ချာခနဲလှည့်ကာ
လက်သီးဖြင့် ထိုးလိုက်သည်။

လက်သီးချက်ကနေ
ပြင်းထန်သော
ချီစွမ်းအင်လှိုင်းတစ်ခု
ထွက်ပေါ်လာသည်။ သို့သော်
ဓားပျံကို တားဆီးနိုင်စွမ်းမရှိပါ။
ဤတစ်ကြိမ်မှာလည်း လူငယ်က
နောက်ပြန်ဆုတ်သွားရသည်။

ဓားပျံက လူငယ်ကို

ထပ်ပြီးမတိုက်ခိုက်တော့ပေ။

ထိုအစား

ယွဲ့ရီဟန်၏ခါးမှဓားအိမ်ထဲသို့

ပြန်ဝင်သွားသည်။

ယွဲ့ရှိဟန် က
လက်သီးနှစ်ဖက်ကိုစုပြီး
“ဒါဟာ တိုက်ပွဲကောင်းပဲ”

လူငယ်က ယွဲ့ရှိဟန် ကို
ငုံ့ကြည့်ပြီးနောက်
အခြားသူများကို စိုက်ကြည့်ကာ

“တခြားတစ်ယောက်ယောက်ရှိသေးလား”

ဘယ်သူမှ ရှေ့ထွက်မလာတော့ပေ။

လူငယ်က “ဘယ်သူမှ ရှေ့ထွက်မလာတဲ့အတွက်

မင်းတို့အားလုံး ပြန်သွားနိုင်တယ်။
မဟုတ်ရင် ကိုယ့်သေတွင်းကို
ပြန်တူးသလိုပဲဖြစ်လိမ့်မယ်"

ရှေးဟောင်းဓားဂိုဏ်း၏
တပည့်များဟာ မျက်နှာပေါ်တွင်
စိတ်ပျက်လက်ပျက်အမူအရာများ
ပေါ်လာသည်။ သူတို့ဟာ

မျှော်လင့်ချက်အပြည့်နဲ့

ရောက်လာခဲ့ကြတာပါ။ သို့ရာတွင်

ယခုတော့

စစ်ပွဲကမ္ဘာကိုမဝင်နိုင်ဘဲ

နောက်ပြန်လှည့်ရပါပြီ။

ဒီခံစားရတဲ့ ခံစားချက်ဟာ

သူတို့အတွက်

အတော်လေးကိုဆိုးရွားလှသည်။

ဤအချိန်တွင် တိုင်ယွမ်က
ရှေ့ထွက်လာပြီး
ယန်ယဲ့နှင့် အခြားသူများကို
စိုက်ကြည့်ကာ “ဂုဏ်ယူပါတယ်။
ဟိုမှာ သတိထားပါ”

ယန်ယဲ့ က ခေါင်းညိတ်ပြီး
“အပြန်လမ်းမှာ
ဂရုစိုက်ပါ”

တိုင်ယွမ် က ပြုံးပြီး “မင်းတို့တွေ
ဂိုဏ်းကိုပြန်ရောက်တာနဲ့ ငါတို့
ထပ်တွေ့မယ်”

စကားပြောပြီးနောက်
သူ၏သံမဏိစားကြီးဆွဲထုတ်ကာ
စားပုံအဖြစ်ပြောင်းလဲလိုက်သည်
။ ထို့နောက်
အခြားသူများနှင့်အတူထွက်ခွာ
သွားသည်။

လူငယ်က “မင်းတို့ လေးယောက်
ငါနဲ့လိုက်နိုင်တယ်” ဟုပြောသည်။

စကားပြောပြီးနောက်
လက်နှစ်ဖက်ယှက်လျက်
ထူးဆန်းသောတံဆိပ်တစ်ခုကို
ဖန်တီးလိုက်ရာ သူတို့အနားတွင်
ပေါ်တယ်စနစ်တစ်ခုပေါ်လာသည်

။ ထို့နောက် ငါးယောက်စလုံးကို
ပေါ်တယ်စနစ်ထဲကို
ဝင်လိုက်ကြသည်။

စစ်ပွဲကမ္ဘာ ။

ပေါ်တယ်စနစ်ထဲတွင်
ရပ်နေကြရင်း လူငယ်က

“မင်းတို့တွေ စစ်ပွဲကမ္ဘာထဲကို
ဝင်လာကြပြီ။ ဟုတ်ပါတယ်၊
မင်းတို့က ရှေးဟောင်းဓားဂိုဏ်းရဲ့
တပည့်ဖြစ်နေသေးပေမယ့်
စစ်ပွဲကမ္ဘာရဲ့အမိန့်ကို
လက်ခံရခဲ့ရင်
ဒီကိုချက်ချင်းရောက်လာပြီးတော့
အမိန့်နာခံကြရမယ်”

မိုယာ က

ရုတ်တရက်မေးလိုက်သည်

“စစ်ပွဲကမ္ဘာနဲ့ ငါတို့ဂိုဏ်းကြားမှာ

ပဋိပက္ခတွေရှိနိုင်လား”

လူငယ်က “စစ်ပွဲကမ္ဘာ ဆိုတာက

ထာဝရသခင်နဲ့

ထာဝရနိုင်ငံတော်တစ်ခုလုံးပူးပေါ

င်းပြီး

ဖန်တီးထားတဲ့နေရာတစ်ခုလေ။

လူတိုင်း

ထင်နေတာထက်ကိုကျော်လွန်တ

ယ်။ သာမာန်အခြေအနေအရ

မင်းရဲ့ပစ်မှတ်က

ဟင်းလင်းပြင်ပျက်သုဥ်းခြင်းမျိုးနဲ့

ယ်ဖြစ်လို့
ပဋိပက္ခဖြစ်မှာမဟုတ်ဘူး”

“ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုး
နွယ် လား” မိုယာ က အနည်းငယ်
မျက်မှောင်ကြုတ်ကာ “ဒါက
ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုးနွ
ယ်တင်ပဲလေ။ ငါတို့က သူတို့ကို

ဒီလောက်လေးလေးနက်နက်ဆ

က်ဆံရမှာလား”

လူငယ်က သူမကို

တစ်ချက်ကြည့်လိုက်ပြီး “ဒီလို

အတွေးတွေကို ဖယ်လိုက်ပါ။

မဟုတ်ရင် မင်းက

ဘာမှန်းတောင်မသိလိုက်ဘဲနဲ့သေ
သွားလိမ့်မယ်”

မိုယာ က
မျက်မှောင်ကြုတ်လိုက်သော်လ
ည်း ဘာမှပြန်မပြောခဲ့ပေ။
သေချာသည်မှာ

အချို့အရာများကို
သဘောပေါက်သွားပုံရ၏။

ဤအတောအတွင်း လူငယ်က
“မင်းတို့ရှေးဟောင်းဓားဂိုဏ်းရဲ့
နံပါတ်တစ်ညာဏ်ကြီးရှင်
ဂူယွဲ့ချန်က အဆင့် ၅
ကိုရောက်နေပြီလို့ ငါကြားတယ်”

ယွဲ့ရှိဟန် က “စစ်ပွဲကမ္ဘာ က စီနီယာအစ်ကိုဂူ ရဲ့အကြောင်းကိုလည်း ကြားဖူးတာပဲလား”

လူငယ်က ခေါင်းညိတ်ပြီး “ထာဝရနိုင်ငံတော်ရဲ့

ညာဏ်ကြီးရှင်တိုင်းကို
ကောင်းကောင်းသိပါတယ်။

ဂူယွဲ့ချန်
ကိုသတင်းစကားပို့ထားပေမယ့်
ဒီကောင်ရောက်မလာဘူး”

ယွဲ့ရှီဟာန် က “ဘာဖြစ်လို့လဲ”

လူငယ်က "အဲဒီတုန်းက သူ့အကြောင်းပြချက်က အဆင့်တက်ခါနီးနေပြီ။ ဒါပေမဲ့ အခုတော့ ဘာလုပ်စရာမှမရှိတော့လို့ သူရောက်လာသင့်တယ်"

ယွဲ့ရှိဟန် က “စစ်ပွဲကမ္ဘာ က
လူတွေကို
အတင်းအကြပ်ခေါ်ယူနေတာလား
”

လူငယ်က သူ့ကို
တစ်ချက်ကြည့်လိုက်ပြီး
“ထာဝရနိုင်ငံတော်ဟာ

လူတစ်ဦးတစ်ယောက်နဲ့

သက်ဆိုင်တာမဟုတ်ပါဘူး။

လူတိုင်းပါတယ်။ ဂူယွဲ့ချန် မှာ

ထာဝရနိုင်ငံတော်ကို ကာကွယ်ဖို့

တာဝန်ရှိတယ်။

သူတစ်ယောက်တည်း မဟုတ်ဘူး၊

ငါတို့အားလုံးမှာ

တူညီတဲ့တာဝန်ရှိတယ်။

ထာဝရနိုင်ငံတော်မရှိရင်

ငါတို့ဘာမှရှိလာမှာမဟုတ်ဘူး။

တကယ်လို့

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုးနွ

ယ်သာ စစ်နိုင်သွားခဲ့ရင်

မင်းရဲ့ရှေးဟောင်းဓားဂိုဏ်း

ဒါမှမဟုတ်

မင်းနောက်ကွတေမှာရှိတဲ့

အင်အားစုတွေ

ဆက်ပြီးရှိနေနိုင်ပါဦးမလား”

သူက အဝေးကို မျှော်ကြည့်ကာ

ဆက်ပြောသည်

“လွန်ခဲ့တဲ့နှစ်တွေမှာ

ရှေးဟောင်းဓားဂိုဏ်းရဲ့

ဂိုဏ်းသခင်က

အစွမ်းထက်ဓားကျင့်ကြံသူ

ဒါဇင်ချီကိုဦးဆောင်ပြီးတော့

ဟင်းလင်းပြင်ပျက်သုဉ်းခြင်းမျိုးနွ

ယ်ကို တားဆီးတယ်။

အဲဒီတိုက်ပွဲမှာ

ရှေးဟောင်းဓားဂိုဏ်းက

အနာဂတ်မဏ္ဍိုင်တွေဖြစ်လာမယ့်

ဓားကျင့်ကြံသူ

ဒါဇင်လောက်ဆုံးရှုံးသွားတယ်။

မင်းတို့ဂိုဏ်းရဲ့

အထွတ်အမြွတ်နတ်ရတနာလည်း

ဖျက်ဆီးခံလိုက်ရတာပဲ။

ဂိုဏ်းသခင်ကိုယ်တိုင်ပါ

ဒုက္ခိတဖြစ်လုနီးပါးလေ။ ဒါပေမဲ့

စစ်ပွဲကမှာ က

ရှေးဟောင်းဓားဂိုဏ်းရဲ့

တပည့်တွေကို

ဝင်ခွင့်ပြုထားတယ်။ ဒါဟာ

မင်းတို့ဂိုဏ်းကို လေးစားလို့ပဲ။
မဟုတ်ဘူးလား”

ပြောစရာမလိုအောင်၊
လူငယ်ပြောနေသည့်စကားလုံးတို
င်းက
သွေးထက်အောင်ကိုမှန်ပါသည်။

ဤအတောအတွင်း လူငယ်က

“စားသမားအကြောင်းပြောရင်

“ယန်ယဲ့”လို့ ခေါ်တဲ့

လူတစ်ယောက်အကြောင်း

စဉ်းစားမိစေတယ်”

ယန်ယဲ့ က အနည်းငယ်
ထိတ်လန့်သွားပြီး လူငယ်ကို
စိုက်ကြည့်နေသည်။

သူ့ငါ့အကြောင်းသိနေတာလား။

“ယန်ယဲ့လား” မိုယာက
“ဒါဘယ်သူလဲ”

လူငယ်က

“ဟင်းလင်းပြင်နတ်ဘုရားအဆင့်

ခွန်အားနဲ့ အဆင့် ၄ ပညာရှင်ကို

သတ်ပစ်ခဲ့တဲ့

ဓားသမားတစ်ယောက်”

ဟင်းလင်းပြင်နတ်ဘုရားအဆင့်
မှာတင် အဆင့် ၅
အကန့်အသတ်ချိုးဖျက်နယ်ပယ်
ကို သတ်နိုင်တာလား ။

မိုယာ က အံ့သြသွားပြီး
“မဖြစ်နိုင်ဘူး”

လူငယ်က ခေါင်းညိတ်ပြီး
“ငါလည်း မဖြစ်နိုင်ဘူးထင်တယ်။
ဒါပေမဲ့ ဒီသတင်းက ငါတို့
ရရှိထားတဲ့ သတင်းပါ”

ယွဲ့ရီဟန် က ရုတ်တရက်
မေးလိုက်သည် “ဘာလို့ ဒီလောက်

နာမည်ကြီးတဲ့ ညဏ်ကြီးရှင်ကို
ငါတို့ မကြားမိတာလဲ”

လူငယ်က “သူဟာ ငါတို့တွေ
ပြင်ပလို့ခေါ်တဲ့
ထာဝရနယ်နိမိတ်ကထွက်ပေါ်လာ
တာ” ဟု ပြန်ပြောသည်။

မိုယာ က မျက်မှောင်ကုတ်ကာ

"အပြင်လူလား။

မဖြစ်နိုင်ဘူးမဟုတ်လား။ ပြင်ပမှာ

ဝိညာဉ်စွမ်းအင်က

ရှားရှားပါးပါးဖြစ်နေတာလေ။

ထာဝရနိုင်ငံတော်လို

နေရာမျိုးမှာတောင်

တစ်ခါမှထွက်ပေါ်မလာဖူးဘူး"

လူငယ်က “ဖြစ်နိုင်ပါတယ်။ သူက သာမန်မဟုတ်ဘူးလေ။ သူ့မှာ ဝိညာဉ်ဖန်ဆင်းရှင်ရှိတယ်”

ဝိညာဉ်ဖန်ဆင်းရှင် လား။

ထိုစကားကိုကြားလိုက်သောအခါ
အားလုံးက တကယ်ကို
အံ့ဩသွားကြသည်။

သူတို့၏အမြင်အရ
ဝိညာဉ်ဖန်ဆင်းရှင် သည်
ထာဝရနိုင်ငံတော်၏
အမှတ်သင်္ကေတဖြစ်သည်။

လူငယ်က ဆက်ပြောသည်

“ဝိညာဉ်ဖန်ဆင်းရှင်

အကြောင်းကိုမေ့ထားလိုက်။

ယန်ယဲ့ကိုပဲ အာရုံစိုက်ရအောင်။

ကောလဟာလတွေသာ

အမှန်ဖြစ်ရင်

သူစွမ်းဆောင်ရည်က တကယ်ကို

ကြောက်စရာကောင်းတယ်။

ဒါ့အပြင် သူက

ငါတို့ရဲ့ထာဝရနိုင်ငံတော် အပေါ်မှာ

ရန်သူလိုသဘောထားနေတာဆို

တော့

ဆက်ပြီးအသက်ရှင်ခိုင်းထားလို့မ

ရဘူး။ ဟုတ်တယ်၊

စစ်ပွဲကမ္ဘာရဲ့အဆင့်မြင့်ကျင့်ကြံသူ

တချို့က
သူ့ကိုသတ်ဖို့လုပ်နေကြပြီ”

ဂျဲအတောအတွင်း ယန်ယဲ့က
ဘာမှဝင်မပြောဘဲ
တိတ်တဆိတ်နားထောင်နေရင်း
နောက်ကနေလိုက်ပါလာသည်။

Translated By NyiNyiSoe

.အဆုံးမဲ့စားကမ္ဘာ

(ထာဝရနတ်ဘုရားနိုင်ငံတော်)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၈၆၇ - ယဲ့ယန်၊ ယန်...

ယန်ယဲ့ လား

မိုယာ က ရုတ်တရက်
မေးလိုက်သည် "ယန်ယွဲ့ က
ဆေးသမား ဖြစ်နေသေးတာလား"

လူငယ်က ခေါင်းညိတ်ပြီး
"အမှန်ပဲ၊ သူက
ဆေးသမားတစ်ယောက်ဖြစ်နေ
သေးတယ်"

မိုယာ က အနည်းငယ်ပြုံးပြီး

“ဒါက

တော်တော်စိတ်ဝင်စားဖို့ကောင်း

တယ်။ ဒီလိုမျိုး ကမ္ဘာမှာ

ဉာဏ်ကြီးရှင်တစ်ယောက်ရှိဖို့

ငါမထင်ထားဘူး။ ငါတို့

ရှေးဟောင်းဓားဂိုဏ်းရဲ့

ညာက်ကြီးရှင်တွေနဲ့ နှိုင်းလိုက်ရင်
သူက ညာက်ကြီးရှင်
ဖြစ်နေမလားလို့ တွေးနေမိတယ်”

တစ်စုံတစ်ယောက်က
ရုတ်တရက် “သူက
အမှိုက်တစ်စပဲဆိုတာ
သေချာတယ်”

ထိုစကားများကို

ပြောလိုက်သူကတော့

ယန်ယဲ့ကိုယ်တိုင်ပင်ဖြစ်ချေသည်

။

ယန်ယဲ့ က “အဲဒါကို

ငါပြောချင်တာက

ဟင်းလင်းပြင်နတ်ဘုရားအဆင့်

တစ်ယောက်ဟာ အဆင့် ၅

ပညာရှင်ကိုသတ်ဖို့

ဖြစ်နိုင်ပါ့မလား။

လုံးဝမဖြစ်နိုင်ဘူး၊

ငါထင်တာကတော့

တမင်သက်သက်ချဲ့ကားနေတာလို့

ထင်တယ်”

ဒီအချိန်မှာ သူက သူ့လက်သီးကို
တင်းတင်းဆုပ်လိုက်ပြီး
“သူနဲ့တွေ့ရင် ငါသူ့ကို
လက်နှစ်ချောင်းနဲ့
ကြိတ်ပစ်လိုက်မယ်”

လူငယ်က ယန်ယဲ့ကို
စိုက်ကြည့်ကာ
“စိတ်ဝင်စားဖို့ကောင်းတယ်”

ယန်ယဲ့ က ပြုံးပြီး “ဘာပဲဖြစ်ဖြစ်
မင်းနာမည်ကို ငါသိနိုင်မလား”

လူငယ်က "လီမူ၊ စစ်ပွဲကမ္ဘာမှာ

အရိပ်ထဲမှာပုန်းအောင်းနေတဲ့

တခြားသူတွေရှိနေသေးတာကိုသ

တိရပါ။ တစ်ခုတော့ရှိတယ်၊

စစ်ပွဲကမ္ဘာမှာ

တိုက်ခိုက်နိုင်ပေမယ်လို့

လူသတ်လို့တော့မရဘူး၊

မဟုတ်ရင် အကျိုးဆက်က

အရမ်းပြင်းထန်တယ်"

ယန်ယဲ့ က “ဘယ်လောက်ထိ ပြင်းထန်လဲ” ဟု အလျင်စလို မေးလိုက်သည်။

အခြားလူတိုင်း သူ့ကို စိုက်ကြည့်နေသည်။

ဤယှဲ့ယန်က
စကားပြောတာကအစ
ထူးဆန်းနေသည်မဟုတ်ပါလား ။

လီမူ က "မင်းကို စစ်ပွဲကမ္ဘာကနေ
နှင်ထုတ်ပြီးတော့
နောက်တစ်နေရာကို
ပို့ပေးလိမ့်မယ်။ငါပြောတာကိုယုံ၊

မင်းအဲဒီမှာမနေချင်လောက်ဘူး။

သေခြင်းထက် အဆပေါင်း

မရေမတွက်နိုင်အောင်

ပိုကြောက်စရာကောင်းတယ်”

ယန်ယဲ့က

ထပ်ပြီးမေးမြန်းခါနီးတွင်

သူတို့အဖွဲ့ဟာ

ပေါ်တယ်စနစ်ထဲကနေထွက်လာခဲ့ကြသည်။

အပြင်ဖက် ရောက်သည်နှင့် သူတို့ရှေ့တွင် မီးခိုးရောင်မြူများ အုံ့ဆိုင်းနေသော ကမ္ဘာကမ္ဘာကြီးတစ်ခု ပေါ်လာသည်။ ပတ်ဝန်းကျင်

သည် လုံးဝ မှောင်မိုက်နေပြီး

အမျိုးအမည်မသိနိုင်သော

အလောင်းကောင်များ၊ သွေးများ

နေရာအနှံ့ ပြန့်ကျဲနေသည်။

ရှံဖန်ရှံခါ နတ်ဆိုးနှင့် လူသားတို့၏

ခြေလက်များ

ပြတ်တောက်ကျန်နေတာကိုတွေ့ရ

လေသည်။

"စစ်မြေပြင်…" ဤအချိန်တွင်
လီမူ က ရုတ်တရက်ပြောခဲ့သည်
"မင်းတို့ အခု စစ်ပွဲကမ္ဘာ မှာ
ရောက်နေပြီ၊ ဒါ စစ်မြေပြင်ပဲ။
မင်းတို့ရဲ့ နောက်ဆုံးစမ်းသပ်မှုက
ကီလိုမီတာ (၅၀၀,၀၀၀)
လောက်ရှိတဲ့

ဒီစစ်မြေပြင်ကိုဖြတ်ပြီး

စစ်ပွဲမြို့တော်

ကိုရောက်ဖို့ပဲ။ ဒါ့အပြင် မင်းတို့က

လမ်းလျှောက်သွားလို့ပဲရမယ်။

လေပေါ်မှာပျံသွားလို့မရဘူး။

မဟုတ်ရင် ငါပြောတာကိုယုံပါ၊

မင်းတို့တွေ ဘယ်တော့မှ

စစ်ပွဲမြို့တော်ကိုရောက်နိုင်မှာမဟု

တ်ဘူး။ နောက်ဆုံးပြောချင်တာက
အခုလက်လျှော့လိုက်ရင်ရတယ်
ဆိုပေမယ့် မင်းတို့ဂိုဏ်းနဲ့
မျိုးနွယ်စုတွေကို
အရှက်ရစေလိမ့်မယ်။
ဟုတ်ပါတယ်၊ တကယ်တော့
ဘယ်သူ့ကိုမှ လက်လျှော့ဖို့
ခွင့်မပြုထားဘူး။ ဒါဆို
ကံကောင်းကြပါစေ”

လီမူ က ရွှေရောင်ခြသေ့်ကို

ဆင့်ခေါ်ကာ

ကျောပေါ်တက်စီးလိုက်ပြီး

နေရာမှာပင်

ပျောက်ကွယ်သွားသည်။

ယန်ယဲ့ နှင့်
အခြားသုံးယောက်တို့သာ
ဤနေရာတွင် ကျန်ရှိနေခဲ့သည်။

လူတိုင်း
လမ်းလျှောက်သွားကြသည်။

ခဏလောက်

နှုတ်ဆိတ်နေပြီးနောက် ယွဲ့ရှီဟန်

က ရုတ်တရက်ပြောလာသည်

“ငါတို့ပူးပေါင်းသင့်တယ်လို့

ငါထင်တယ်။ မင်းတို့အားလုံး

ဘယ်လိုထင်လဲ”

ယန်ယဲ့ က

ခေါင်းညိတ်လိုက်သည်။ သူသည်

ဖြစ်နိုင်ရင် ဓားမသုံးချင်ပေ။

သဘာဝအတိုင်း

ကန့်ကွက်ခြင်းမရှိပါ။

တတ်နိုင်သမျှတော့ သူ့ကိုယ်သူ

ဖုံးကွယ်နေရန်စဉ်းစားထား၏။

သို့ရာတွင် ဓားမသုံးပါက

စစ်ပွဲမြို့တော်ကို

ရောက်ဖို့ခက်ခဲနိုင်ကြောင်းအလို လိုသိနေပေသည်။

အကြောင်းကတော့ ညဖက်မှာ ထွက်ပေါ်လာတတ်သော မှုန်ဝါးဝါးအရိပ်များကိုမြင်လိုက်ရလို့ပါ။ ၎င်းက အဆင့် ၅ နတ်ဆိုးသားရဲများပင်။

မိုယာ နှင့် လုယွန်ရှန်း တို့လည်း မငြင်းကြပေ။ နှစ်ယောက်စလုံး ခေါင်းညိတ်ကြသည်။

လက်ရှိမှာ အချင်းချင်း ပဋိပက္ခဖြစ်ရမယ့်အချိန်မဟုတ်ပေ။

ယန်ယဲ့ က ခေါင်းညိတ်လိုက်ပြီး “လာ... ငါတို့ ဒီအတိုင်းလမ်းလျှောက်သွားကြတာပေါ့။ ငါတို့ ကံကောင်းမှာပါ”

လူတိုင်း သတိအပြည့်ထား၍ ရှေ့သို့ ဆက်လျှောက်လာခဲ့သည်။

ယန်ယဲ့ သည် ပတ်ဝန်းကျင်ကို
မပြတ်အကဲခတ်ရင်း
သတိအပြည့်ဖြစ်လာသည်။
အကြောင်းမှာ
မျက်လုံးပေါင်းမြောက်များစွာက
သူတို့အဖွဲ့အား
စိုက်ကြည့်နေမှန်းကို ခံစားမိလို့ပါ။

၁၅ မိနစ်လောက်အကြာတွင်တော့

သူတို့ရှေ့ရှိ မြေပြင်က

ပြင်းထန်စွာ လှုပ်ခါလာသည်။

လူတိုင်း

နေရာမှာပင်ရပ်နေလိုက်ကာ

တိုက်ပွဲဝင်ရန်အသင့်ပြင်လိုက်ကြ

သည်။ သို့သော် ရှေ့မြင်ကွင်းကို

မြင်သောအခါ လူတိုင်း၏

အမူအရာများ

ပြောင်းလဲသွားသည်။
တစ်ချိန်တည်းမှာပဲ လူတိုင်း
တခြားလမ်းကို
ထွက်ပြေးကြတော့သည်။

ဘုန်း...ဘုန်း...ဘုန်း....

သို့သော် သူတို့နောက်ကနေ

နတ်ဆိုးအုပ်ကြီးလိုက်လာနေ၏။

နတ်ဆိုးများက

ခြသေ့်များနှင့်တူသော်လည်း

တစ်ကောင်ချင်းစီဟာ

သာမန်ခြသေ့်တစ်ကောင်ထက်

အရွယ်အစားပိုကြီးလေသည်။

အရေအတွက် က

တစ်ဒါဇင်ကျော်ထိပင်ရှိခဲ့သည်။

အားလုံးက အဆင့် ၄
အထွတ်အထိပ် နတ်ဆိုးများပင်။

ထို့ကြောင့် လေးယောက်စလုံး
တိုက်ခိုက်ရန် စဉ်းစားမနေဘဲ
တရောသောပါးထွက်ပြေးကြသ
ည်။

ယန်ယဲ့ လည်း သဘာဝအတိုင်း
ထွက်ပြေးခဲ့သည်။ သူ့များကို
ထုတ်သုံးရင်တော့ အဆင့် ၄
နတ်ဆိုးအုပ်ကို
အသာလေးသတ်ဖြတ်နိုင်၏။
သို့သော်
အခြားလူတိုင်း၏အမြင်မှာ
အံ့သြစရာဖြစ်သွားပေမည်။

ပြောရရင်တော့ သူက
လူစိတ်ဝင်စားမခံလိုပေ။

လေးယောက်သား
အလွန်လျင်မြန်စွာ
ထွက်ပြေးခဲ့ကြသည်။
သို့သော်လည်း နတ်ဆိုးအုပ်က
ပို၍ပင် မြန်ဆန်လာခဲ့သည်။

ခဏအကြာတွင် ယန်ယဲ့ က

ထွက်ပြေးနေရင်း

ရုတ်တရက်ပြောလိုက်သည်

“ငါတို့ ဒီအတိုင်း

ဆက်သွားလို့မရဘူး။

သေချာတာကတော့

သူတို့အရှိန်က

ငါတို့ထက်ပိုပါတယ်။ ငါတို့သာ ဒီအတိုင်း ဆက်ပြေးနေရင် သူတို့ ဆင်ထားတဲ့အကွက်ထဲကို ဝင်ပြေးမိသွားတာဖြစ်နိုင်တယ်"

မိုယာ က ရုတ်တရက် မေးလိုက်သည် "ဒါဆို နင် သူတို့ကို တိုက်ခိုက်ချင်တာလား"

ယန်ယဲ့ က ခေါင်းညိတ်လိုက်ပြီး
“နောက်ထပ် ဘာလုပ်နိုင်မှာလဲ”

မိုယာ က ငြိမ်သက်သွားသည်။

တစ်ချိန်တည်းမှာပဲ ယန်ယဲ့ က
“ငါရေတွက်ပြီးပြီ၊ ငါတို့နောက်မှာ

နတ်ဆိုးအကောင်ရေ ၁၂

ကောင်ရှိတယ်။ ဒီတော့

တစ်ယောက်က

နတ်ဆိုးသုံးကောင်ကို

ကိုင်တွယ်လိုက်မယ်။

ကန့်ကွက်စရာရှိသလား”

မိုယာ နှင့်

အခြားနှစ်ယောက်လည်း

အချိန်အနည်းငယ်ကြာအောင်

ငြိမ်သက်သွားသည်။ ထို့နောက်

ယွဲ့ရီဟာန် က တိတ်ဆိတ်မှုကို

ချိုးဖျက်လိုက်ပြီး "ကောင်းပြီ"

ဤအချိန်တွင် လုယွန်ရှန်း က
“ကောင်းပြီ”

မိုယာ က အသက်ပြင်းပြင်းရှူပြီး
“ဒါဆို တိုက်ခိုက်ကြရအောင်”

စကားပြောပြီးသည်နှင့် လူတိုင်း
ရပ်တန့်ကာ နတ်ဆိုးသားရဲအုပ်ကို

လှည့်ကြည့်ကြသည်။

သူတို့အားလုံး၏ မျက်နှာပေါ်တွင်

အလွန်လေးနက်သော

အမူအရာများ ရှိနေခဲ့သည်။

နတ်ဆိုးသားရဲ

တစ်ဒါဇင်ကျော်ထံမှ အဆင့် ၄

အရှိန်အဝါများ

ထုတ်လွှတ်နေသည်။ ၎င်းက

ကမ္ဘာကြီးကို
ချေမှုန်းနိုင်လောက်ပေသည်။

ယန်ယဲ့ က သူတို့ကိုကြည့်ရင်း
ခေါင်းယမ်းလိုက်သည်။
ဝမ်အရှုးမလေး ဆိုပါက
နတ်ဆိုးသားရဲ
တစ်ဒါဇင်လောက်ကို

အသာလေးအနိုင်ယူနိုင်၏။

နှင်းပွင့်လေး နှင့်

ဝမ်အရှုးမလေးတို့သာ

ဤနေရာတွင်ရှိနေပါက

နတ်ဆိုးသားရဲအုပ်ဟာ

သေချာပေါက်

ရိုက်နှက်ခံနေရလောက်ပေပြီ။

ထိုအကြောင်းကိုတွေးမိလိုက်တာ

နဲ့ ယန်ယဲ့ဟာ

ကလေးနှစ်ယောက်ကို

သတိရသွားသည်။

“သူတို့ ငါ့ကိုလွမ်းနေမှာလား။

ဟုတ်တယ်၊

ကျင်းအာ၊ သူလည်း

ငါ့ကိုသတိရနေမလား”

ယန်ယဲ့ က ခေါင်းခါပြီး

တွေးတာကို ရပ်လိုက်သည်။

သူက

နတ်ဆိုးအုပ်ထဲသို့ပြေးဝင်လိုက်သ

ည်။

ဤအတောအတွင်း မိုယာ

တို့သုံးယောက်လည်း

လှုပ်ရှားလိုက်ကြသည်။

ယန်ယဲ့၏အကြည့်က

ရှေ့ဆုံးမှပြေးလာနေသော

နတ်ဆိုးအပေါ်ကို

ကျဆင်းသွားသည် ။

ဤအခိုက်အတန့်တွင် ၎င်းက
ရက်စက်ကြမ်းကြုတ်သောမျက်
လုံးများဖြင့်
ယန်ယဲ့အားစိုက်ကြည့်နေသည်။

သိပ်မကြာလိုက်ပေ၊ ယန်ယဲ့က
လေထဲသို့ခုန်တက်လိုက်ပြီး
နတ်ဆိုးအပေါ်ကိုရောက်ရှိသွားသ

ည်။ ထို့နောက် သူ့လက်ထဲမှာ
အုတ်ဂူတစ်လုံးပေါ်လာပြီး
လက်နှစ်ဖက်ဖြင့်ဆုပ်ကိုင်လျက်
အောက်ကိုထုချလိုက်လေသည်။

ဤအချိန်တွင် နတ်ဆိုးက
မရှောင်တိမ်းဘဲ အုတ်ဂူကို
ပြေးဆောင့်လိုက်သည်။

အုန်း...

မိုးချိန်းသံကဲ့သို့
ကျယ်လောင်သောပေါက်ကွဲသံကြီး
ထွက်ပေါ်လာကာ နတ်ဆိုးက
နာကျင်စွာ အော်ဟစ်လျက်
မြေပြင်ပေါ်သို့

ပြုတ်ကျသွားသည်။

ဤအချိန်တွင် ယန်ယဲ့ လည်း နောက်ပြန်လွင့်ထွက်သွားလေသည်။

သို့သော်

အခြားနတ်ဆိုးတစ်ကောင်က သူ့အား ခုန်အုပ်လိုက်သဖြင့်

တွေဝေမနေဘဲ

အုတ်ဂူကို မြှောက်ကာ
ထုချလိုက်သည်။

ဘုန်း....

နတ်ဆိုးသားရဲက
နာကျင်စွာအော်ငြီးလျက်

မြေပြင်ပေါ်သို့
ပြုတ်ကျသွားသည်။

သို့သော်
တတိယမြောက်နတ်ဆိုးက
ခုန်ဝင်လာပြန်သည်။

ဘုန်း...

ဤ၊တစ်ကြိမ်မှာ
လွင့်ထွက်သွားတာက ယန်ယဲ့ပင်။

တတိယမြောက်နတ်ဆိုးက
သူ့ရှေ့မှာ ထပ်ပေါ်လာပြီး
လက်သည်းဖြင့်
ကုတ်ဆွဲလေသည်။

ဤအတောအတွင်း
မူလစေတီထဲရှိ နွားနတ်ဆိုးက
ပုဆိန်ကိုကိုင်ထားလျက်
အပြင်ခုန်ထွက်ရန်ပြင်နေသည်။
သို့ရာတွင် ဓားစာလိပ်က
ရုတ်တရက်တားထားလိုက်သည်။

နွားနတ်ဆိုးက

အလွန်စိုးရိမ်နေပုံပေါ်သည်။

အခြားမှုလနတ်ဆိုးများလည်း

အလားတူပင်။ ဝမ်အရူးမလေး၊

နှင်းပွင့်လေးတို့ကိုဖယ်ထားရင်

တောင် သူတို့က ယန်ယဲ့နှင့်

အတော်ကြာအောင်နေလာခဲ့ကြ

သည်။

ထို့ကြောင့်
အရင်းနှီးဆုံးမိတ်ဆွေများအဖြစ်
သတ်မှတ်ထား၏။

နွားနတ်ဆိုး
အန္တရာယ်ရှိနေရင်လည်း
အခြားသူများက ငြိမ်ကြ
ည့်နေမှာမဟုတ်ပေ။ ၎င်းတို့သည်

မျိုးနွယ်တူ

မူလနတ်ဆိုးများမဟုတ်သည့်တိုင်

ဤနေရာမှာတော့

မိသားစုတစ်ခုတည်းပင်။

ဓားစာလိပ် က “ကောင်းပါပြီ။

သူ့အဆင်ပြေမှာပါ”

မူလစေတီအပြင်ဖက် ။

ယန်ယွဲ့ သည် သူ့ဆီကို

တိုးဝင်လာသည့် ပြင်းထန်သော

စွမ်းအားလှိုင်းကို

ခံစားမိလိုက်သည်။ သူက

တုံ့ဆိုင်းမနေဘဲ နတ်ဆိုးသားရဲကို

လက်သီးဖြင့် ထိုးလိုက်သည်။

ဘုန်း...

ယန်ယဲ့ လည်း
လွင့်ထွက်သွားသည်။

နတ်ဆိုးသားရဲ့ကတော့
မြေကြီးပေါ်ကို

ပြုတ်ကျသွားသည်။

သို့သော် ဘာထိခိုက်မှုမှမရှိခဲ့ပေ။

ခဏအကြာတွင်
နတ်ဆိုးသုံးကောင်စလုံး
ထရပ်လာပြီး ယန်ယဲ့အား
စူးစူးရဲရဲကြည့်နေလေသည်။

ဒီအချိန်မှာ
သူတို့၏မျက်လုံးများက
သတ်ဖြတ်ချင်စိတ်အပြည့်ပါ။

ယန်ယဲ့က သူတို့ကို လုံးလုံး
ဒေါသထွက်စေသည်မှာ
သိသာပါသည်။

ယန်ယဲ့က အသက်ပြင်းပြင်းရှူပြီး
ညာလက်ကို ဝှေ့ယမ်းလိုက်ရာ
သိုင်းနတ်ဘုရားအုတ်ဂူက
သူ့လက်ထဲပြန်ရောက်လာသည်။
ထို့နောက်
လက်နှစ်ဖက်ဖြင့်ဆုပ်ကိုင်လျက်န
တ်ဆိုးသုံးကောင်ထံပြေးဝင်လိုက်
သည်။

နတ်ဆိုးသုံးကောင်စလုံး

ခဏတာအံ့ဩသွားပုံရ၏။

ဒီလူသားက

နည်းနည်းတော့မိုက်ရူးရဲဆန်မနေ

ဘူးလား…

ဤအတောအတွင်း ဓားစာလိပ်က ရုတ်တရက်ပြောလိုက်သည်
“နင်ဘာလုပ်ဖို့ကြိုးစားနေတာလဲ”

ငါဘာလုပ်ဖို့ကြိုးစားနေတာလဲ...

ယန်ယဲ့၏နှုတ်ခမ်းထောင့်မှာ ရက်စက်သောအပြုံးတစ်ခုပေါ်

လာကာ “ငါ့ခွန်အားက
အရမ်းသန်မာလာတယ်။
ငါ့ခွန်အားသက်သက်နဲ့
ဒီအကောင်တွေကို
ငါသတ်ပစ်မယ်”

ဓားစာလိပ်က ခေါင်းခါလိုက်ပြီး
“နင်က အလကားနေရင်း
အရိုက်ခံချင်နေတာပဲ”

သို့သော် ဓားစာလိပ်က
တစ်စုံတစ်ခုကိုသဘောလိုက်ပုံရ
၏ “ကောင်းပြီ၊ ငါမြင်တယ်”

ယန်ယဲ့က တိုက်ပွဲကိုအသုံးချပြီး

သူ၏ရုပ်ခန္ဓာခွန်အားကို

အသားကျအောင်ရည်ရွယ်နေတာ

ပါ။

ဘုန်း...

ပေါက်ကွဲသံ ထွက်ပေါ်လာပြီး
ယန်ယဲ့ သည်
လွင့်ထွက်သွားသည်။
သူ၏ပါးစပ်ကနေ သွေးများ
အန်ထွက်လာသည်။

နတ်ဆိုးသားရဲတစ်ကောင်ကတော့
ယန်ယဲ့၏အုတ်ဂူထုချက်ဖြင့်

ခေါင်းကွဲအက်သွားသည်။

သို့သော်

သေစေလောက်တဲ့ဒဏ်ရာမဟုတ်

ပေ။

နတ်ဆိုးသုံးကောင်က

ဒေါသတကြီးဟိန်းဟောက်လျက်

ယန်ယဲ့ကို

နောက်တစ်ကြိမ်ထပ်ပြီးတိုက်ခိုက်လိုက်သည်။

ဤအတောအတွင်း ခပ်လှမ်းလှမ်းမှ လူသုံးယောက်ပေါ်လာကြသည်။ မိန်းမပျိုတစ်ယောက်နှင့်လူငယ်နှစ်ယောက်ပါသောအဖွဲ့။

အဖွဲ့ကိုဦးဆောင်တဲ့ လူငယ်က

ရုတ်တရုတ်ပြောလိုက်သည်

"အဲဒီလူက

တော်တော်စိတ်ဝင်စားဖို့ကောင်း

တယ်။ သူက

ဓားသမားဖြစ်နေပေမဲ့

ရှိုင်းစိုင်းတဲ့ခွန်အားကိုအသုံးချနေတယ်။ သူ့နှာမည်ဘယ်လိုခေါ်လဲ”

အခြားလူက

“ရှေးဟောင်းဓားဂိုဏ်းရဲ့

အတွင်းစည်းတပည့် ယွဲ့ယန်”

"ယွဲ့ယန် လား" မိန်းမပျိုက

မျက်မှောင်ကုတ်ကာ "ယွဲ့ယန်....

ယန်... ယန်ယွဲ့..."

Translated By NyiNyiSoe

.အဆုံးမဲ့ဓားကမ္ဘာ

(ထာဝရနတ်ဘုရားနိုင်ငံတော်)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၈၆၈ -

အလုပ်ရှုပ်လိုက်တာ

ယန်ယွဲ့ လား။

မိန်းမပျို

ပြောလိုက်သောစကားကြောင့်

ကျန်နှစ်ယောက်လည်း

အံ့သြသွားကြသည်။

အဖွဲ့ခေါင်းဆောင်လုပ်သူ

ဓားရှည်ကိုင်ထားသောလူငယ်က

မိန်းမပျိုကိုခေါင်းခါပြရင်း

“လျန်အန်း၊ သူက ယန်ယဲ့လို့

ထင်နေတာလား”

လျှန်အန်း ဟုခေါ်သော မိန်းမပျိုက လျစ်လျူရှုကာ “ငါ့ဒါကို ကိုယ်ပိုင်အထင်နဲ့ပြောလိုက်တာပါ ”

ခေါင်းဆောင်လူငယ်က ပြုံးကာ “ယန်ယဲ့က အရှုံးစားသမားပဲ။

ငါရထားတဲ့

အချက်အလက်တွေအရတော့

သူက

ဟင်းလင်းပြင်နတ်ဘုရားအဆင့်

မှာပဲရှိသေးတယ်။ ဒါ့အပြင် သူ့မှာ

ငါတို့ထာဝရစကြာဝဠာရဲ့

နံပါတ်တစ်ဓားရှိနေသေးတယ်။

ဒီအရူးက

အကန့်အသတ်ချိုးဖျက်နယ်ပယ်

အတော်များများကိုသတ်ပစ်တယ်

လို့တော့ကြားမိတာပဲ။ ဒါပေမဲ့ ငါ

မမြင်ဖူးသလို ငါတို့ထဲက

ဘယ်သူမှလည်း မမြင်ဖူးဘူး။

နောက်ဆုံးအနေနဲ့တော့ သူ့ကို

ယန်ယဲ့လို့မထင်ဘူး။

ဘာလို့လဲဆိုတော့

ယန်ယဲ့ဖြစ်နေရင်

ငါတို့ရဲ့ထာဝရနိုင်ငံတော်နဲ့

ပူးပေါင်းပါ့မလား”

လျှန်အန်း က

ယန်ယဲ့တို့အဖွဲ့တိုက်ခိုက်နေတာကို

တစ်ချက်လှည့်ကြည့်ရင်း

“ပျင်းစရာကောင်းလိုက်တာ”

ဟုသာပြောလိုက်သည်။

သူမ

မကျေမနပ်ဖြစ်သွားတာလား။

အဖွဲ့ခေါင်းဆောင်လူငယ်က

ခေါင်းယမ်းကာ ပြုံးလိုက်ပါသည်။

ဤတောအတွင်း အခြားလူငယ်က

“အစ်ကိုမိုယု၊ စစ်ပွဲက

မကြာခင်မှာ

ရောက်လာတော့မယ်။

ဒီအတွက်ကြောင့်ပဲ

အထက်အာဏာပိုင်တွေက

လူသစ်စုဆောင်းတဲ့

လိုအပ်ချက်တွေကို

လျှော့ချလိုက်တာလား”

မိုယုက ခေါင်းယမ်းပြီး
ပြုံးလိုက်ကာ
“ဘယ်သူသိနိုင်မှာလဲ။ လာ...
စစ်ပွဲကမ္ဘာကိုဝင်လာတဲ့အထဲမှာ
ဉာဏ်ကြီးရှင်ဘယ်လောက်များ
များရှိနေသလဲကြည့်လိုက်ရအော
င်”

စကားပြောပြီးနောက်

ကျန်နှစ်ယောက် နှင့်အတူ

နေရာမှာပင်

ပျောက်ကွယ်သွားခဲ့သည်။

ယန်ယဲ့ တို့အဖွဲ့ကတော့

တိုက်ခိုက်နေကြတုန်းပါ။

သို့သော် ယန်ယဲ့ ကလွဲ၍

ကျန်သုံးယောက်စလုံး

နတ်ဆိုးအုပ်စုကြောင့်

စုတ်ပြတ်သက်နေခဲ့သည်။

ယန်ယဲ့ ပင်လျှင်

အတော်လေးရှုန်းကန်နေရ၏။

သို့သော် သူက

ရုပ်ခန္ဓာခွန်အားသက်သက်ကိုသာ
ထုတ်သုံးထားသည်။

ဤအချိန်တွင် ဓားစာလိပ်၏အသံ
ရုတ်တရက်
ထွက်ပေါ်လာလေသည် “နင်က
ဆက်ပြီးထိန်းထားလို့မရတော့ဘူး
”

ယန်ယဲ့က မိုယာ

တို့တစ်သိုက်ကိုလှည့်ကြည့်လိုက်

သည်။ သူမြင်လိုက်တာက

သုံးယောက်စလုံး

စုတ်ပြတ်သက်နေအောင်ကိုရိုက်နှ

က်ခံနေရတဲ့မြင်ကွင်းပါ။

သူတို့ကား

ရှေးဟောင်းဓားဂိုဏ်း၏

အတွင်းစည်းတပည့်များ

ဖြစ်သည့်တိုင်

တိုက်ခိုက်ရေးစွမ်းအား ကတော့

အဆင့် ၄ နတ်ဆိုးများအတွက်

ကလေးသူငယ်များလိုပင်။

ယန်ယဲ့က ခဏလောက်

လေးလေးနက်နက်စဉ်းစားလိုက်

သည်။ ထို့နောက် နတ်ဆိုးအုပ်ကို

စိုက်ကြည့်ကာ

ဟိန်းဟောက်သံဖြင့်အော်လိုက်သ

ည်။

တစ်ချိန်တည်းမှာပဲ သူ့ဆီကနေ
နတ်နဂါးဖိအားလှိုင်းတစ်ခု
ပျံ့လွင့်သွားသည်။

မူလနဂါးဖိအား ပင်ဖြစ်သည်။

ယန်ယဲ့ ဟာ နဂါးဝိညာဉ်ပုလဲကို
ဝါးမျိုထားလေရာ နဂါးဖိအားကို

အတိုင်းအတာတစ်ခုထိထုတ်သုံးနိုင်ပါသည်။

နဂါးဖိအားလျှိုင်း ပေါ်လာသည်နှင့် နတ်ဆိုးအုပ်ဟာ ခဏတာရပ်တန့်သွားခဲ့သည်။ သို့သော် သိပ်ပြီးမကြာလိုက်ပေ၊ ယန်ယဲ့ကို ခုန်အုပ်လိုက်ကြသည်။

ယန်ယဲ့၏ နဂါးဖိအားက အဆင့် ၄
နတ်ဆိုးများကို
ဖိနှိပ်ရန်မလုံလောက်ပါ။

ဤအခြေအနေကို သတိထားမိပြီး
ယန်ယဲ့ ဟာ
တော်တော်လေးရှက်ရွံ့သွားလေ
သည်။

ခဏအကြာတွင် သူက

"မိုက်မဲတဲ့နဂါး၊ ဒီကို ခဏ

ထွက်လာဦး။ အရင်ဆုံး

ဝမ်အရှူးမလေးရဲ့

အရွယ်အစားလောက်နဲ့

ကိုယ့်ကိုကိုယ်

သေးငယ်အောင်လုပ်လိုက်"

ခဏအကြာတွင်

မူလနဂါးလေးဟာ ယန်ယဲ့ရှေ့မှာ

ပေါ်လာသည်။ ဝမ်အရှူးမလေး၏

အရွယ်အစားလောက်သာ။

သို့သော် နဂါးဟိန်းသံ

ထွက်ပေါ်လာချိန်မှာတော့

ယန်ယဲ့အားတိုက်ခိုက်ဟန်ပြင်နေ

သော နတ်ဆိုးသုံးကောင်ကို

မြေကြီးပေါ်
ပြားပြားဝပ်သွားစေခဲ့သည်။

မူလနဂါးက နတ်ဆိုးသုံးကောင်ကို
အေးစက်စွာ စိုက်ကြည့်နေသည် ။
၎င်းအတွက်ဝမ်အရှုံးမလေး
ကလွဲ၍အခြားဘယ်သူ့ကိုမှ
မကြောက်ခဲ့ပေ။ မှန်သည်၊

အဓိကကတော့ အဆင့် ၄

နတ်ဆိုးသားရဲများဟာ

မူလနဂါးအတွက်စာမဖွဲ့လောက်ပါ

။

နတ်ဆိုးများက

လေးနက်သောအမှုအရာများဖြင့်

မူလနဂါးကို

ပြန်စိုက်ကြည့်နေကြသည်။
သို့သော် သိပ်မကြာလိုက်ဘဲ
နတ်ဆိုးအုပ်ဟာ မူလနဂါးထံ
ပြေးဝင်လာလေတော့သည်။

ယန်ယဲ့က ဤမြင်ကွင်းကို
သဘောကျသွားပြီး

“မိုက်မဲတဲ့နဂါး၊ သူတို့အမြင်မှာ
မင်းကို မသန့်မာဘူးထင်နေတာ”

ထိုစကားကြားသောအခါ
မူလနဂါး ထံမှ
ရက်စက်ကြမ်းကြုတ်သော
အရှိန်အဝါများပေါက်ကွဲထွက်လာ
သည်။ ထို့နောက်

၎င်း၏အမြီးကိုလွဲယမ်းကာ
ရှေ့ဆုံးကနေပြေးဝင်လာသော
နတ်ဆိုးတစ်ကောင်ကိုရိုက်ချလို
က်သည်။

အုန်း...

ရှေ့ဆုံးမှ ပြေးတက်လာသည့်
အဆင့် ၄ နတ်ဆိုးသားရဲဟာ
ဘာဖြစ်သွားမှန်းပင်သိပုံမပေါ်ပါ။
ချက်ချင်းလွင့်ပျံထွက်သွားကာ
လေထဲမှာပင်
ပေါက်ကွဲသွားခဲ့သည်။

ထိုအတောအတွင်း

အခြားနှစ်ကောင်က နဂါးကို

ပုတ်ခတ်ပြောဆိုခဲ့သော်လည်း

၎င်းတို့အစား ချေမှုန်းခံခဲ့ရသည်။

မူလနဂါးက

ရပ်တန့်မည့်ပုံမပေါ်ပါ။

အမျက်ဒေါသ

တစထောင်းထောင်းထလျက်

အနီးဆုံးက

နတ်ဆိုးသုံးကောင်ထံပျံသန်းသွား

သည်။

ဤအခိုက်အတန့်တွင်

နတ်ဆိုးများ၏ အမူအရာကား

သိသာသာပင်ပြောင်းလဲသွားပါ

တော့သည်။ တစ်စုံတစ်ခုကို
သတိပြုမိသည့်အလား
ချက်ချင်းနောက်ပြန်လှည့်ကာ
ထွက်ပြေးသွားကြတော့သည်။

မူလနဂါးက
လိုက်လံတိုက်ခိုက်ချင်နေသေး၏။

သို့သော် ယန်ယဲ့က တားထားလိုက်သည်။

မူလနဂါးက ယန်ယဲ့ကို ခေါင်းညိတ်လိုက်ပြီး အခြားနတ်ဆိုးသားရဲများကို စိုက်ကြည့်နေသည်။ မိုယာ တို့အဖွဲ့ကို

တိုက်ခိုက်နေတဲ့နတ်ဆိုးများဟာ နဂါးအမျက်ဒေါသကို အာရုံခံမိသွားပြီး လှည့်ကြည့်လာသည်။ တစ်ချိန်တည်းမှာပင် မူလနဂါးက ဒေါသတကြီးဟန်းလိုက်လေတော့သည်။

ဝေါင်း....

ကြောက်မက်ဖွယ်ကောင်းလှတဲ့
နတ်နဂါးဖိအားလှိုင်းကြီး
ပျံ့လွင့်လာသည်။

နဂါးဖိအားကို
ခံစားမိလိုက်ချိန်မှာတော့

ကျန်နတ်ဆိုးများဟာ
အလွန်တရာမှကြောက်လန့်သွား
ကြသည်။

မူလနဂါးကို
လေးလေးနက်နက်အကြည့်များဖြ
င့် ငေးကြည့်နေရာမှ

ချက်ချင်းပင်နောက်လှည့်ထွက်
ပြေးသွားကြသည်။

ဂျဲအတောအတွင်း မူလနဂါးက
ယန်ယဲ့အနားကို
ပြန်ဆုတ်လာသည်။ ထို့နောက်
မူလစေတီထဲသို့ ပြန်ဝင်သွား၏။

ယန်ယဲ့က မိုယာ တို့အုပ်စုကို စိုက်ကြည့်ပြီး "အရင်ဆုံး ပြန်ကောင်းလာအောင်လုပ်ကြ"

သုံးယောက်စလုံး ခေါင်းညိတ်ကြသည်။ ဘာမှမမေးကြပေ။ လူတိုင်းက ညဏ်ကောင်းကြရာ

ယန်ယဲ့မပြောပါက
ဘာမှမတတ်နိုင်ပါ။

ဤအတောအတွင်း ယန်ယဲ့ လည်း
သူ့ကိုယ်သူ ကုသနေသည်။ သူက
သိပ်မကြာခင်မှာပဲ
အပြည့်အဝပြန်ကောင်းသွား၏။
ထို့အပြင် တိုက်ပွဲရလာဒ်က

အတော်လေးအကျိုးရှိပုံရသည်။

သူ့ခန္ဓာကိုယ်ဟာ

အကန့်အသတ်ချိုးဖျက်နယ်ပယ်

အထွတ်အထိပ်သို့

ရောက်လုနီးနီးပါ။

အနည်းငယ်သာအလှမ်းဝေးတော့

၏။

နည်းနည်းလိုသေးတယ်။

ယန်ယဲ့က ခေါင်းယမ်းပြီး
သက်ပြင်းချလိုက်သည်။
အကယ်၍ သူသာ
အချိန်ဆွဲပြီးတိုက်ခိုက်ရင်တော့
သူ့ခန္ဓာကိုယ်ဟာ
အကန့်အသတ်ချိုးဖျက်နယ်ပယ်

အတွက်အထိပ်သို့
သချောပေါက်ရောက်ရှိပေမည်။
သို့သော် မိုယာ တို့အဖွဲ့ကတော့
ငရဲရောက်သွားနိုင်၏။

ခဏအကြာတွင် ယန်ယဲ့က
အဝေးကို လှမ်းကြည့်ကာ
"ရိုးရိုးသားသားပြောခွင့်ပြုပါ၊

ဒီနေရာက တကယ်ကို
အန္တရာယ်များတယ်”

ယွဲ့ရှီဟန် က ခေါင်းခါလိုက်ပြီး
“ဟုတ်ပါတယ်။ ဒါပေမဲ့ ငါတို့
အခုထွက်လမ်းမရှိတော့ဘူး”

ယန်ယဲ့ က ခေါင်းညိတ်ပြီး “မှန်ပါတယ်။ ဘာပဲဖြစ်ဖြစ် သတိထားကြ”

ကျန်နှစ်ယောက်လည်း ခေါင်းညိတ်ကြသည်။

တစ်နာရီလောက်အကြာတွင်

တော့ သူတို့အဖွဲ့က

ရှေ့ဆက်သွားကြသည်။

လမ်းတစ်လျှောက်လုံး

ပျံသန်းလို့မရသော်လည်း

သူတို့အရှိန်အကြောင့် နှစ်ရက်မှ

သုံးရက်သာ ကြာသည်။

ဤအတောအတွင်း မိုယာ က ယန်ယဲ့ထံ ရုတ်တရက် လျှောက်လာပြီး “အစ်ကိုယဲ့၊ ဒါ နဂါးလား” ဟု မေးသည်။

ယန်ယဲ့ က မိုယာကို တစ်ချက်ကြည့်လိုက်သည်။ သူမက တောက်ပစွာ ပြုံးလိုက်ပြီး

“နဂါးတစ်ကောင်ကို မြင်ဖူးလို့ပါ။
ငါ့အတွက်
နဂါးတစ်ကောင်ကိုမြင်ရတာ
တော်တော်လေးကံထူးသလို
ခံစားရတယ်”

သူတို့သုံးယောက်ကို
အသာထားဦး၊

ရှေးဟောင်းဓားဂိုဏ်း၏
အကြီးအကဲများပင်
စစ်မှန်သောမူလနဂါးတစ်ကောင်
ကို တစ်ခါမျှ မမြင်ဖူးကြပေ။

ယန်ယွဲ့ က
“မင်းဘယ်လိုရှင်သန်ရမလဲဆိုတာ
ကို အာရုံစိုက်သင့်တယ်လို့

ငါထင်ပါတယ်။ ဒါ
အရေးကြီးဆုံးပဲ မဟုတ်လား”

မိုယာ က ပြုံးပြီး
ထပ်မမေးတော့ပေ။

သို့သော်လည်း ယန်ယဲ့ဟာ
သူတို့အတွက်
လျှို့ဝှက်ဆန်းကြယ်နေပုံရသည်။

ယန်ယဲ့ က သူ့ကိုယ်သူ
တွေးနေရင်း အဝေးကို
မော့ကြည့်လိုက်သည်။

စစ်ပွဲမြို့တော်က စစ်ပွဲကမ္ဘာရဲ့
ဗဟိုနယ်မြေဖြစ်သင့်တယ်ဟုတ်
လား။ အဲဒီမှာ
ငါ့ခွန်အားအပြည့်ထုတ်သုံးရမယ်
ထင်တယ်။

သို့သော် ခဏအကြာတွင်
ယန်ယဲ့က ပြုံးလိုက်သည်။

ထိုအကြောင်းကို

တွေးနေမယ့်အစား

လက်ရှိအခြေအနေကိုသာ

အာရုံစိုက်ထားသင့်သည်မဟုတ်ပါ

လား။

ရှေ့ဆက်သွားနေရင်းဖြင့်

နှစ်နာရီခန့်အကြာတွင် အဝေးမှ

တိုက်ပွဲသံများ
ထွက်ပေါ်လာသည်။

သုံးယောက်သား
အကြည့်ချင်းဖလှယ်လိုက်သည်။
အဆုံးမှာတော့ ယွဲ့ရီဟာန် က
“သွားကြည့်သင့်လား”

ယန်ယဲ့ က ခေါင်းညိတ်ပြီး
“ကောင်းပြီ”

သူတို့အဖွဲ့က အရှိန်မြှင့်လိုက်ရာ
သိပ်မကြာလိုက်ဘဲ
နတ်ဆိုးတစ်အုပ်နှင့်
အပြင်းအထန်တိုက်ခိုက်နေသော

လူသုံးယောက်ကို
တွေ့လိုက်ကြသည်။
နတ်ဆိုးသားရဲများက
သူတို့အဖွဲ့ကို တိုက်ခိုက်ခဲ့သော
နတ်ဆိုးများနှင့် အတူတူပင်။

တိုက်ဆိုင်မှုတစ်ခုကြောင့် လူတိုင်း
အကြည့်ချင်းဖလှယ်လိုက်သည်။

မိုယာ က ရုတ်တရက် “ငါတို့ ကူညီသင့်လား”

ယွဲ့ရှီဟန် က ယန်ယဲ့ကို စိုက်ကြည့်ရင်း “ညီလေးယန်၊ မင်း ဘယ်လိုထင်လဲ”

ယန်ယဲ့ က

ခဏလောက်စဉ်းစားပြီး

“ကူညီကြရအောင်။ သူတို့လည်း

တခြားတစ်နေရာကနေ

လာတာဖြစ်သင့်တယ်။

ငါတို့နဲ့ရည်ရွယ်ချက်ချင်းတူတယ်

ဆိုတော့ ကူညီလိုက်တာပေါ့”

ယွဲ့ရှိဟန် က

ခေါင်းညိတ်လိုက်သည်။ ထို့နောက်

သူတို့အဖွဲ့ဟာ

နတ်ဆိုးအုပ်ကိုတိုက်ခိုက်လိုက်ကြ

သည်။

ဤအချိန်တွင် နတ်ဆိုးအုပ်က

ယန်ယွဲ့တို့အဖွဲ့ မှန်း မြင်သောအခါ

ဆက်ပြီးမတိုက်ခိုက်တော့ဘဲ
ရုပ်တန့်သွားခဲ့သည်။

သို့သော်
အမည်မသိလူသုံးယောက်က
ယန်ယဲ့ တို့ဖွဲ့ဆီသို့
လျှောက်လာကြသည်။
အဖွဲ့ခေါင်းဆောင်ဖြစ်ဟန်တူသော

အနက်ဝတ်လူက “မင်းက ဘယ်သူလဲ”

သူ့လေသံက အေးစက်ပြီး အနည်းငယ် ကြမ်းတမ်းသည်။

ယန်ယွဲ့ က ရုတ်တရက် မျက်မှောင်ကြုတ်လိုက်သည်။

ယွဲ့ရီဟာန်၏မျက်နှာပင်

ကြည့်မကောင်းလောက်အောင်ပ

င်။ ဤအတောအတွင်း

အနက်ဝတ်လူက ယွဲ့ရီဟာန်

အနားကိုတိုးကပ်လာပြီး “ငါတို့

မင်းကို ကူညီဖို့

တောင်းဆိုခဲ့တာလား”

ယွဲ့ရီဟန် က
ဘာပြန်ပြောရမှန်းပင်မသိပုံပါ။

အနက်ဝတ်လူက သူတို့အဖွဲ့ကို
အေးစက်စွာ စိုက်ကြည့်ရင်း "
ဘယ်လောက် အလုပ်ရှုပ်
ကောင်တွေ လဲ"

Translated By NyiNyiSoe

.အဆုံးမဲ့စားကမ္ဘာ

(ထာဝရနတ်ဘုရားနိုင်ငံတော်)

ဘာသာပြန်သူ - ညီညီစိုး

အပိုင်း ၂၈၆၉ - ဒီကိုလာစမ်း

ယန်ယဲ့ တို့တစ်ဖွဲ့လုံး
အံ့ဩသွားကြသည်။

ဘာလဲဟ ။

ငါတို့က ကူညီဖို့လာတာလေ။
ဒါပေမယ့် သူတို့က ငါတို့ကို
ဘယ်လိုဆက်ဆံနေတာလဲ။

ယွဲ့ရှိဟာန် က
စကားပြောရန်ပြင်လိုက်စဉ်
ယန်ယဲ့က
ရုတ်ချည်းပင်ထွက်သွားသည်။
သို့သော် သူက ခဏရပ်ပြီး
နတ်ဆိုးသားရဲများကို
စိုက်ကြည့်ကာ

အနက်ရောင်ဝတ်လူသုံးယောက်ကို လက်ညှိုးထိုးပြပြီး "သူတို့ကို တိုက်ခိုက်စမ်း။

မင်းတို့မတိုက်ခိုက်ရင် ငါမင်းတို့ကိုသတ်မယ်"

ဤအချိန်တွင် ယန်ယဲ့က အတော်လေးကိုဒေါသထွက်နေပါသည်။

နတ်ဆိုးသားရဲများက ယန်ယဲ့ ကို တစ်ချက်ကြည့်လိုက်ပြီးနောက် ခေါင်းဆောင်ဖြစ်ပုံရသော နတ်ဆိုးသားရဲက ရုတ်တရက်

“မင်းဝင်ပြီးစွက်ဖက်မှာမဟုတ်ဘူး ဆိုတာ သေချာလား”

သူတို့က မူလနဂါး ထွက်လာမှာကို ကြောက်လန့်နေတာသိသာပါသည်။

ယန်ယဲ့က ခေါင်းညိတ်ကာ "ငါ လုံးဝ မလုပ်ပါဘူး" ဟု ပြန်ဖြေလိုက်သည်။

"မင်းကိုယ်မင်း ဘာထင်နေတာလဲ" အနက်ဝတ်လူက ရုတ်တရက် "မင်း..."

ယန်ယဲ့က နေရာမှာပင် ဖျတ်ခနဲ ပျောက်သွားသည်။

အုန်း...

အနက်ဝတ်လူဟာ ၁ ကီလိုမီတာ အကွာသို့ လွင့်ထွက်သွားခဲ့သည်။

ဤမြင်ကွင်းကြောင့်
အခြားလူတိုင်း
အံ့သြသွားကြတယ်။

ယန်ယဲ့က သူ့လက်ဖဝါးနှစ်ဖက်ကို
ပွတ်သပ်ပြီး
“မင်းဘာကြောင့်ဒီလိုလုပ်တာလဲ။

ငါတို့က ကူညီဖို့လာတာပါ။

မင်းရဲ့အကြံအစည်တွေကို

ပျက်ပြားစေတာ

ဖြစ်ကောင်းဖြစ်နိုင်ပေမယ့်

ငါ့အမြင်အရတော့

မင်းအဲဒီလိုမလုပ်သင့်ဘူး...

အဲဒါကို မေ့လိုက်ပါ၊

မင်းတို့နဲ့အချိန်မဖြုန်းချင်ဘူး။

ဒီတော့ ပြဿနာမရှာပါနဲ့။

မဟုတ်ရင် မင်းတို့အားလုံးကို ငါသတ်ပစ်မယ်!”

ထိုအတိုင်းပြောပြီးနောက် မိုယာတို့သုံးယောက်ကို ကြည့်ကာ “သွားကြစို့”

စကားပြောပြီးသည်နှင့်
နောက်လှည့်ပြီး ထွက်သွားသည်။

မိုယာနှင့် ကျန်နှစ်ယောက်က
ခဏတုံ့ဆိုင်းသွားပြီး
နောက်ကနေလိုက်သွားကြသည်။

အနက်ဝတ်လူများ ကတော့

နေရာတွင်ရပ်ကာ

မျက်စိမျက်နှာပျက်နေခဲ့သည်။

တိုက်ခိုက်မလား။

သဘာဝအတိုင်း

မတိုက်ခိုက်ရဲကြပေ။

ယန်ယဲ့၏ခွန်အားငို

မြင်တွေ့ပြီးနောက်

သူတို့သုံးယောက်စလုံး

ကြောက်လန့်သွားကြသည်။
ထို့အပြင် အနီးအနားမှာလည်း
နတ်ဆိုးအုပ်လိုက်ကြီးရှိနေသေး
၏။

ဤအတောအတွင်း
နတ်ဆိုးအုပ်က ယန်ယဲ့တို့အဖွဲ့
ထွက်ခွာသွားကြောင်း

သေချာမှသာ

အနက်ဝတ်လူများကို

စိုက်ကြည့်လိုက်ကြသည်။

တိုက်ခိုက်ခါနီးတွင်တော့

အဝေးကနေ

တလက်လက်တောက်ပနေသော

အဖြူရောင် အလင်းတန်းများ

ထွက်ပေါ်လာသည်။

အလွန်လျင်မြန်ပြီး

နတ်ဆိုးအုပ်ထဲသို့

ကျဆင်းလာသည်။

ခဏအကြာမှာပဲ

သူတို့အပေါ်ကနေ

ရောမကြေးမုံကြီးတစ်ချပ်

ပေါ်လာခဲ့သည်။

ဘမ်း...

ကြေးမုံပြင်က
တစ်ချက်တုန်ခါသွားပြီး
မရေမတွက်နိုင်သော
အလင်းတန်းများ
အဆက်မပြတ်ဖြာကျလာပါသည်

။ ဒီအချိန်မှာ နတ်ဆိုးအုပ်က
နောက်ပြန်ဆုတ်သွားခဲ့သည်။
သို့သော်လည်း
အဖြူရောင်အရိပ်တစ်ခုက
ကောင်းကင်ပေါ်ကနေထိုးဆင်း
လာပြီး နတ်ဆိုးအုပ်ထဲကို
ဝင်ရောက်လာသည်။

ဘမ်း...

အဖြူရောင်ကြောပွတ်ရှည်တစ်
ချောင်းဟာ နတ်ဆိုးများကို
ရိုက်ချလိုက်သည်။
အနည်းငယ်နောက်ကျနေပုံရတဲ့
နတ်ဆိုးတစ်ကောင်ဟာ

ချက်ချင်းပေါက်ကွဲထွက်သွားသ
ည်။

ဆူး ဆူး ဆူး

တစ်ချိန်တည်းမှာပဲ
နတ်ဆိုးအများအပြား
ပေါက်ကွဲသွားသည်။

နတ်ဆိုးအုပ်၏ခေါင်းဆောင်ဟာ

အခြေအနေမဟန်တာကိုသတိပြု

မိသည့်အလား

ကျန်နတ်ဆိုးများကိုဦးဆောင်ကာ

ချက်ချင်းထွက်ပြေးသွားသည်။

နတ်ဆိုးအုပ်
ထွက်ပြေးသွားပြီးနောက်
အဖြူတစ်ဝက်အနက်တစ်ဝက်ဝ
တ်စုံကိုဝတ်ဆင်ထားတဲ့
အမျိုးသမီးငယ်တစ်ဦးပေါ်လာသ
ည်။ အမျိုးသမီးငယ်က
ပတ်ဝန်းကျင်ရှိ
လူသေအလောင်းများကို
ကြည့်လိုက်ပြီးနောက်

ညာလက်ကို ဝှေ့ယမ်းကာ
ဖျောက်ဖျက်ပစ်လိုက်သည်။

ဤအချိန်တွင်
အနက်ဝတ်လူတစ်ယောက်က
ရှေ့တိုးလာပြီး
“မိန်းကလေးယွဲ့ချွမ်၊

မင်းကိုယ်တိုင်

ရောက်လာတာလား”

ယှဲ့ချွမ် ဟုခေါ်သော

အမျိုးသမီးငယ်က အနည်းငယ်

ခေါင်းညိတ်လိုက်သည်။

မြေပြင်ပေါ်တွင်

လဲလျောင်းနေသော

အနက်ဝတ်လူကို ကြည့်ပြီး
မျက်မှောင်ကြုတ်ကာ
"ဘာဖြစ်တာလဲ"

ထိုလူက "အဲဒီနတ်ဆိုးတွေကို
အချိန်ဆွဲထားခိုင်းလို့ ငါတို့
လုပ်လိုက်တာ။ ဒါပေမဲ့
အမည်မသိ လူလေးယောက်က

ရုတ်တရက်ကြီးရောက်ချလာတယ်။ သူတို့က အခြေအနေတွေကို မြင်လိုက်တော့ အခွင့်ကောင်းယူပြီး ငါတို့ကို တိုက်ခိုက်ခဲ့တာ။ ငါတို့က...”

အမျိုးသမီးငယ်က အဝေးကို မျှော်ကြည့်နေသည်။

သို့သော်လည်း
ဘယ်သူ့ကိုမတွေ့ခဲ့ပေ။

ယဲ့ချွမ်၏မျက်နှာလှလှလေးက
တဖြည်းဖြည်း အေးစက်လာကာ
"သူတို့နောက်ကို လိုက်ကြမယ်"

သူ အမိန့်ပေးလိုက်သည်နှင့်
တစ်ဖွဲ့လုံး နေရာမှာပင်
ပျောက်ကွယ်သွားကြသည်။
သူတို့က
ယန်ယွဲ့တို့အဖွဲ့နောက်ကိုလိုက်
သွားတာပါ။

...

ဤအတောအတွင်း

ယန်ယဲ့တို့အဖွဲ့ဟာ အမည်မသိ

တောင်တန်းတစ်ခုထဲမှာ

ရောက်ရှိနေသည်။ လူတိုင်းက

အရှိန်မြှင့်ကာ

ရှေ့ဆက်သွားနေကြသည်။

လုယွန်ရှန်း က ရုတ်တရက်

“သူတို့က

မျိုးနွယ်စုကြီးတစ်ခုထဲက

ဖြစ်သင့်တယ်”

ယွဲ့ရှီဟာန် က ရုတ်တရက်

“မင်းဘာလို့အဲ့လိုပြောတာလဲ”

လုယွန်ရှန်း က “သူတို့က
မာနကြီးပြီး ဘဝင်မြင့်တယ်။
သူတို့ကိုကြည့်ရတာ
ဘယ်အင်အားစု ဒါမှမဟုတ်
ဘယ်ဂိုဏ်းကမှမဖြစ်နိုင်ဘူး။
ဒါ့အပြင်
လေလွင့်ကျင့်ကြံသူတွေလည်းမ

ဖြစ်နိုင်ဘူး။ သာမာန်အားဖြင့်
ပြောရရင်တော့
သာမန်မျိုးနွယ်စုတွေကဆိုရင်
သူတို့လောက် မသန်မာနိုင်ဘူး။
ဒီတော့
ရှင်းပြချက်တစ်ခုပဲရှိတယ်။
သူတို့က
အင်အားစုကြီးတစ်ခုကဖြစ်နိုင်တ
ယ်။ ဘာလို့လဲဆိုတော့

သူတို့ဆီကနေ
မြင့်မြတ်တဲ့အငွေ့အသက်ကို
မသိမသာလေးခံစားမိလို့”

မိုယာ က ရုတ်တရက်
ပြုံးလိုက်ပြီး “အစ်ကိုလု၊
ငါထင်တာမမှားရင် နင်လည်း
မျိုးနွယ်စုထဲက မဟုတ်လား”

လုယွန်ရှန်း က
ခေါင်းညိတ်လိုက်သည်
“မျိုးနွယ်စုလေးတစ်ခုပါပဲ”

မိုယာ က ပြုံးပြီး
ဘာမှထပ်မမေးတော့ပေ။

ဤအချိန်တွင် လုယွန်ရှန်း က ယန်ယဲ့ကို ရုတ်တရက် စိုက်ကြည့်ကာ "အစ်ကိုယဲ့၊ မင်းက တောင်ပိုင်းဒေသရဲ့ ယဲ့မျိုးနွယ် ကလား"

ယန်ယဲ့ ဟာ အနည်းငယ်တော့ အံ့သြသွားမိသည်။ လုယွန်ရှန်း က

သူ့နောက်ခံအကြောင်းကို

ရုတ်တရက် မေးလာမယ်လို့

မမျှော်လင့်ခဲ့ပေ။

သူထင်ထားတာက လုယွန်ရှန်း

ဟာ

အကြောင်းပြချက်ရှာပြီးတိုက်ခိုက်

ရန်ကြိုးစားမည်ဟုသာ။ သို့သော်

ယခုတော့ သူ့အထင်မှားသွားပုံပါ။

ယန်ယဲ့က

မသိမသာခေါင်းခါလိုက်ပြီး
ပြုံးပြလိုက်သည်။

သူက အခြားသူများ
ပြုမူပုံအတိုင်း တုံ့ပြန်တတ်သူပါ။
ယန်ယဲ့က ပြုံးပြီး
ပြန်ပြောလိုက်သည် “ဒီလိုပါပဲ။
ဒါပေမဲ့ ငါဟာ

မိသားစုခွဲလေးတစ်ခုကပဲ။
တရားမဝင်ကလေးတစ်ယောက်
ပေါ့။ ဒါ့ကြောင့်
အတိအကျပြောရမယ်ဆိုရင် ငါ့ကို
ယဲ့မျိုးနွယ် ရဲ့
အဖွဲ့ဝင်တစ်ယောက်လို့
သတ်မှတ်လို့ မရဘူး”

တရားမဝင်ကလေးလား။

မိုယာ နှင့်

အခြားနှစ်ယောက်လည်း

အံ့သြသွားကြသည်။ ယန်ယဲ့က

ယဲ့မျိုးနွယ်၏

တရားမဝင်ကလေးသာ
ဖြစ်မည်ဟု သူတို့
မမျှော်လင့်ထားခဲ့ကြပေ။

တစ်ချိန်တည်းမှာပဲ ယွဲ့ရီဟာန် က
ရုတ်တရက် ပြုံးလိုက်ပြီး
“အစ်ကိုယွဲ့၊ မင်းက ဒီလို ခွန်အားနဲ့
သဘာဝ စွမ်းရည်တွေ

ပိုင်ဆိုင်ထားပြီ။ မင်း အခု

စစ်ပွဲကမ္ဘာကိုလည်း

ဝင်နိုင်ပြီဆိုတော့ ယဲ့မျိုးနွယ်က

မင်းကို သေချာပေါက်

တံခါးဖွင့်ပေးမှာပါ။ သူတို့က

မင်းကို

ပင်မမိသားစုနဲ့ပူးပေါင်းခွင့်ပြုမယ်

လို့ငါထင်တယ်”

ယန်ယဲ့ က ပြုံးပြီး "ဒါက
မထူးခြားပါဘူး။ ကိုယ့်ခွန်အားက
အရေးကြီးတယ်"

ယွဲ့ရှီဟာန် က ပြုံးပြီး "မှန်ပါတယ်"

စကားပြောနေရင်းဖြင့်

သူတို့အဖွဲ့ဟာ

အရှိန်မြှင့်လိုက်ကြသည်။ လမ်းမှာ

နတ်ဆိုးသားရဲများကို မတွေ့ရပေ။

သို့သော် သတိမလွတ်ဝံ့ကြပါ။

အထူးသဖြင့် ယန်ယွဲ့ဟာ

သူတို့အဖွဲ့အား

စောင့်ကြည့်နေသလိုမျိုး

ခံစားမိခဲ့သည်။ သူ့စားနယ်မြေကို

အသက်သွင်းရန်ရည်ရွယ်လိုက်၏

။ သို့ရာတွင် အနည်းငယ်

ထပ်စဉ်းစားပြီးနောက်

သူ့အကြံကို ပယ်ချလိုက်သည်။

ထိုသို့လုပ်လိုက်ပါက

တစ်ဖက်ရန်သူဟာ

သူ့ကိုသတိထားမိသွားနိုင်ပါသည်။

ဤအချိန်မှာပဲ

ယန်ယွဲ့၏အမူအရာက

ရုတ်တရက် ပြောင်းသွားသည်။

အလျင်အမြန်

လှည့်ကြည့်လိုက်တော့

သူ့နောက်မှာ အရိပ်တစ်ခု

ပေါ်လာသည်။

တစ်ဆက်တည်းလိုလို အေးစက်စက်အလင်းတန်းတစ်ခု က သူ့လည်ချောင်းတည့်တည့် ပြေးဝင်လာသည်။

သို့သော် ယန်ယဲ့၏တုံ့ပြန်မှုက ပိုမြန်နေသည်။ ဘေးဖက်ကို

ခုန်ထွက်လိုက်ရင်း မီတာ ၃၀၀
အကွာထိ ဆုတ်သွားသည်။
သို့သော် အရိပ်က သူ့နောက်သို့
ကပ်ပါလာသည်။

ယန်ယဲ့ က တုံ့ဆိုင်းမနေဘဲ
လက်သီးနဲ့ထိုးလိုက်သည် ။

ဘုန်း...

ပေါက်ကွဲသံတစ်ချက်
ထွက်ပေါ်လာပြီးနောက်
အမည်မသိအရိပ်ဟာ
လွင့်ထွက်သွားလေသည်။ သူ
ထပ်ပြီးတိုက်ခိုက်ခါနီးတွင်တော့
ထိုအရိပ်က

ပျောက်ချင်းမလှပျောက်ကွယ်သွားသည်။

ခဏအကြာတွင် လှည့်ကြည့်လိုက်ရာ လူတိုင်းသူ့လိုမျိုးတိုက်ခိုက်တာခံရကြောင်း သတိထားမိလိုက်တယ်။

ဤအချိန်တွင်

လူတိုင်း၏မျက်နှာက

မမြင်နိုင်သော အမှုအရာများ

ရှိနေခဲ့သည်။ သူတို့က

ဒဏ်ရာအများအပြား ရရှိခဲ့လို့ပါ။

အထူးသဖြင့် လုယွန်ရှန်း၊

အားလုံးထဲမှာ

အခြေအနေအဆိုးဆုံးပင်။

လက်တစ်ဖက်ပြတ်တောက်သွား

၏။

အနည်းငယ်နေးနေပါက
လက်တစ်ဖက်မဟုတ်ဘဲ
ခေါင်းပျောက်သွားနိုင်ပါသည်။

ယန်ယဲ့ က “အဲဒါတွေက
ဘာတွေလဲ”

“သူတို့က Phantasmas လို့ထင်တယ်” မိုယာက “သူတို့ ဒီမှာရှိဖို့ မမျှော်လင့်ထားဘူး”

“Pantasmasလား” ယန်ယဲ့ က အနည်းငယ် မျက်မှောင်ကြုတ်လိုက်သည်။ သူတို့အကြောင်း ကြားရတာ

သူ့အတွက်
ထမဆုံးအကြိမ်ဖြစ်သည်။

မိုယာ က ခေါင်းညိတ်ပြီး
“ဒါတွေက စိတ်ဝိညာဉ်တစ်မျိုးပါ။
လူတချို့က သူတို့ရဲ့ခန္ဓာကိုယ်တွေ
ဆုံးရှုံးသွားတဲ့အခါ
မူလဝိညာဉ်တွေကို ကျင့်ကြံဖို့

ရွေးချယ်ကြတယ်။ သူတို့က
မူလဝိညာဉ်ကို
ကျင့်ကြံအဖို့အထူးအာရုံစိုက်ထား
တယ်။ ဒါ့အပြင် နည်းလမ်းက
အရမ်းဆန်းကြယ်တယ်လို့လည်း
ငါကြားဖူးတယ်။ အဲဒါတွေကို
အရင်တုန်းက ငါကြားဖူးတယ်။
တကယ်တွေ့ဖို့ ဘယ်တုန်းကမှ
မမျှော်လင့်ထားဘူး”

ဆန်းကြယ်တဲ့ဝိညာဉ်တွေ ။

ယန်ယဲ့က
ခေါင်းညိတ်လိုက်သည်။
ထိုဝိညာဉ်များက
အမှန်တကယ်ပင်
လျှို့ဝှက်ဆန်းကြယ်လှသည်။

အကယ်၍ သူသာ

အချိန်မှီမတုံ့ပြန်နိုင်ပါက

ဒဏ်ရာအပြင်းပထန်ရသွားနိုင်၏။

လုယွန်ရှန်း က ရုတ်တရက်

မေးလိုက်သည် "ဒါက စမ်းသပ်

မှုပဲလား"

ယွဲ့ရှိဟန် က ခေါင်းညိတ်ပြီး

“ဒါဖြစ်သင့်တယ်။ သူတို့က

ငါတို့ကို လွယ်လွယ်ကူကူ

ဖြတ်သန်းခွင့်မပေးလောက်ဘူး။

ဒါကြောင့် သတိထားပါ”

ယန်ယဲ့ က

စစ်ပွဲမြို့တော်တည်ရှိရာကို

စူးစူးစိုက်စိုက်ကြည့်နေခဲ့သည်။
ဤနေရာမှာ
အချိန်ဖြုန်းလွန်းတယ်လို့
ခံစားမိသဖြင့် စိတ်ရှည်သည်းခံမှု
ပျောက်ဆုံးသွားခဲ့သည်။

ဤအတောအတွင်း ယွဲ့ရှိဟာန် က
သူ့အတွေးကို

သတိပြုမိသွားသည့်အလား

“အစ်ကိုယ့်၊

မင်းကိုယ်မင်းယုံကြည်တယ်ဆိုရင်

မင်းရှေ့ဆက်သွားနိုင်တယ်။

ငါတို့ကို ငဲ့မနေပါနဲ့”

သူတို့အမြင်အရတော့ ယန်ယဲ့ဟာ

ယခုထက်ထိ

ခွန်အားအပြည့်ထုတ်မသုံးသေးပါ
။ တမင်ဖုံးကွယ်ထားမှန်း
သိနေကြသည်။ နောက်ဆုံးတော့
ယန်ယဲ့ဟာ တစ်ခါမှ
ဓားမသုံးသေးဘူးမဟုတ်ပါလား။

ယန်ယဲ့ က သူတို့လူစုကို
တစ်ချက်ကြည့်လိုက်သည်။

ခဏလောက်စဉ်းစားပြီးမှ

ခေါင်းယမ်းကာ

“အတူတူသွားရအောင်”

ပွင့်ပွင့်လင်းလင်း ပြောရလျှင်

သူတို့သုံးယောက်ပါဘဲ

စစ်ပွဲမြို့တော်ကို သွားနိုင်ပါသည်။

သို့သော် ဤနေရာကား

အန္တရာယ်များလှသည်။
တစ်စုံတစ်ယောက်အတွက်
အသက်ရှင်နိုင်မယ်လို့
အာမမခံနိုင်ပေ။

ယွဲ့ရှီဟန် တို့သုံးယောက်လည်း
ဘာမှထပ်မပြောကြတော့ပေ။

ယန်ယဲ့ ထွက်မသွားတာကလည်း
သူတို့အတွက် တစ်မျိုးကောင်း၏။
သူတို့အနားမှာ ယန်ယဲ့ရှိနေတာ
ပိုလုံခြုံတယ်လို့ ခံစားမိကြလို့ပင်။

သူတို့အဖွဲ့ဟာ
ရှေ့ဆက်သွားခဲ့ကြသည်။

သို့သော်လည်း
ရုတ်တရက်ရပ်တန့်လိုက်ကြသည်
။ သူတို့နောက်ကနေ
ကျယ်လောင်သောလေတိုးသံများ
ထွက်ပေါ်လာလို့ပါ။

နောက်ပြန်ကြည့်လိုက်ရာ
လူလေးယောက်ပါသော
အုပ်စုတစ်စုကို တွေ့လိုက်ရသည်။

အဖွဲ့ကို ဦးဆောင်တာက
အဖြူတစ်ဝက်အနက်တစ်ဝက်စုံဝ
တ်
အမျိုးသမီးငယ်တစ်ယောက်ပါ။

အခြားတော့မဟုတ်ပေ၊
ယွဲ့ချမ်းပင်ဖြစ်သည်။

ယန်ယွဲ့ က
ထိုလူစုကိုမြင်သောအခါ
မျက်မှောင်ကြုတ်သွားသည် ။

ဤအချိန်တွင် ယဲ့ချမ် က
ယန်ယဲ့တို့အဖွဲ့ရှေ့ကို
ရောက်လာပါသည်။ ထို့နောက်
သူ့လူများကို
တစ်ချက်လှည့်ကြည့်ရင်း
"ဘယ်သူလဲ"

နောက်ကွယ်ရှိ အနက်ဝတ်လူက
ရှေ့သို့ တိုးလာပြီး ယန်ယဲ့ကို
လက်ညှိုးထိုးပြကာ "သူပဲ"

ယဲ့ချွမ်၏အကြည့်က
ယန်ယဲ့အပေါ်ကို
ကျဆင်းသွားသည်။ ထို့နောက်
အဖြူရောင်အလင်းတန်းတစ်ခုလို

ပြောင်းလဲကာ ရှေ့သို့

ခုန်အုပ်လိုက်သည်။

သူမ၏အရှိန်က

အလွန်လျင်မြန်သဖြင့်

ပတ်ဝန်းကျင်ရှိ

ကြားကွက်လပ်အလွှာများပင်

ပြင်းထန်စွာ တုန်ခါသွားသည် ။

အုန်း...

ပေါက်ကွဲသံ

ထွက်ပေါ်လာပြီးနောက်

ယန်ယဲ့ဟာ မီတာ ၃၀၀

ကျော်အကွာသို့

လွင့်ထွက်သွားခဲ့သည်။

သူ ပြန်ရပ်လိုက်သည်နှင့်

အပေါ်ကနေ ကြေးမုံကြီးတစ်ချပ်

ပေါ်လာတာကိုသတိထားမိလိုက်

သည်။ ထို့နောက်

အဖြူရောင်အလင်းတန်းများ

လင်းလက်သွားကာ သူ့အား

ဖုံးအုပ်လိုက်သည်။

မိုယာ တို့သုံးယောက်၏

အမှုအရာများ သိသိသာသာ

ပြောင်းလဲသွားသည်။ သူတို့

ဝင်ကူခါနီးတွင်တော့

ပေါက်ကွဲသံများ

ထွက်ပေါ်လာသည်။ ထို့နောက်

အပေါ်ဖက်ရှိ ကြေးမုံက

ယွဲ့ချွမ်၏လက်ထဲကို

ပြန်လည်ရောက်သွားခဲ့သည်။

ယွဲ့ချမ် လည်း အနည်းငယ်
မျက်မှောင်ကြုတ်သွားသည် ။

ဤအချိန်တွင် ယန်ယွဲ့ဟာ
ရှေ့သို့တိုးလာပြီး ယွဲ့ချမ်ကို
စိုက်ကြည့်ကာ “ဘာလို့
ငါ့ကိုတိုက်ခိုက်တာလဲ ”

ယဲ့ချမ် က

လက်ညိုးတစ်ချောင်းထောင်ကာ

ကွေးပြလိုက်ပြီး

“ဒီကိုလာပြောစမ်း”

“လာဆိုလည်း လာရတာပေါ့”

ယန်ယဲ့ က

သူ့ညာလက်ကိုဝှေ့ယမ်းပြီး
ယွဲ့ရှိဟန်၏ခါးမှာချိတ်ဆွဲထား
သော ဓားကို ဆွဲယူလိုက်သည်။

အောင်း...

ဓားအူသံတစ်သံ
ထွက်ပေါ်လာပြီးနောက်

ယွဲ့ရှိဟန်၏ဓားက
သူ့လက်ထဲကိုရောက်လာခဲ့သည်။

Translated By NyiNyiSoe

###Book.179